၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ဆွေတော်မျိုးတော်၊သက်ကြီးကရုဏာတော်ကြေး အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည်ဖြစ်ပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်ရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဆွေတော်မျိုးတော်" ဆိုသည်မှာ၊ မင်းတုန်းမင်း၊သီပေါမင်း၊ အိမ်ရှေမင်း၊ ဘိုးတော်ဘုရားနှင့် ရှေဘိုမင်းတို့မှဆင်းသက်လာသော ဆွေဆက်မျိုးနွယ်မှ ပုဂ္ဂိုလ်တဦးဦးကိုဆိုလိုသည်။

(ခ) "အိမ်ရှေမင်း" ဆိုသည်မှာ၊ ကနောင်မင်း၊ သျှီတည်းမဟုတ် မင်းဒတ်မင်းကိုဆိုလိုသည်။

(ဂ) "ပြည်ထောင်စုမြန်မာနိုင်ငံသား" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁ ၌ဖော်ပြထားသော နိုင်ငံသားကိုဆိုလိုသည်။

(ဃ) "ကရုဏာတော်ကြေးရရှိသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ကရုဏာတော်ကြေး ရရှိသူကိုဆိုလိုသည်။

(င) "ကရုဏာတော်ကြေး" ဆိုသည်မှာ၊ ဆွေတော်မျိုးတော်၊ သက်ကြီး ကရုဏာ တော်ကြေးကိုဆိုလိုသည်။

(စ) "မုဆိုးမ" ဆိုသည်မှာ—

(၁) မင်းတုန်းမင်း၊ သီပေါမင်း၊ အိမ်ရှေမင်း၊ ဘိုးတော်ဘုရားနှင့် ရှေဘိုမင်းတို့၏ သားတော်၊ မြေးတော်နှင့် မြစ်တော်တို့အနက်၊ ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့မတိုင်မီ အိမ်ထောင်ပြုကြသော သားတော်၊မြေးတော်နှင့် မြစ်တော်တို့၏ မုဆိုးမများ။

(၂) မင်းတုန်းမင်း၊ သီပေါမင်း၊ အိမ်ရှေမင်း၊ ဘိုးတော်ဘုရားနှင့် ရှေဘိုမင်းတို့၏ သားတော်၊ မြေးတော်နှင့် မြစ်တော်တို့အနက်၊ ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ကျော်လွန်မှ အိမ်ထောင်ပြုကြသော သားတော်၊ မြေးတော်နှင့် မြစ်တော်တို့၏ မုဆိုးမများဖြစ်သည်ဖြင့်၊ မိမိကိုယ်တိုင်ကလည်း၊ မင်းတုန်းမင်းမှ၊ သျှီတည်းမဟုတ် သီပေါမင်းမှ၊ သျှီတည်းမဟုတ် အိမ်ရှေမင်းမှ၊ သျှီတည်းမဟုတ် ဘိုးတော်ဘုရားမှ၊ သျှီတည်းမဟုတ် ရှေဘိုမင်းမှ ဆင်းသက်လာသော၊ ဆွေဆက်မျိုးနွယ်ဖြစ်သူ မုဆိုးမများကိုဆိုလိုသည်။

၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀ အရ၊ အစားထည့်သွင်းသည်။

အကျိုးခံစားခွင့် ရှိသူများ။

၃။ ။ဤအက်ဥပဒေ၌ အောက်ပါဆွေတော် မျိုးတော်များသာလျှင်၊ အကျိုးဝင်ခွင့် အကျိုးခံစားခွင့်ရရှိစေရမည်။

(က) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေမင်း၏ သားတော်သမီးတော်များ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေမင်း၏ မြေးတော်များ။

*(ဂ) မင်းတုန်းမင်း၏၊ သို့တည်းမဟုတ် သီပေါမင်း၏၊ သို့တည်းမဟုတ် အိမ်ရှေမင်း၏၊ သို့တည်းမဟုတ် ဘိုးတော်ဘုရား၏၊ သို့တည်းမဟုတ် ရွှေဘိုမင်း၏ မြစ်တော်များ။

ခြွင်းချက်။ ။သို့ရာတွင် အဆိုပါဆွေတော်မျိုးတော်များမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒုတိယနှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အသက် လေးဆယ့်ငါးနှစ်ပြည့်ပြီးသူများနှင့် အသက်လေးဆယ့်ငါးနှစ် ကျော်လွန်ပြီးသူများသာ ဖြစ်စေရမည်။

ကရဏာ တော်ကြေးနှုန်းထား။

၄။ ။ပြည်ထောင်စု နိုင်ငံတော်အစိုးရက လစဉ်ကရဏာတော်ကြေးများကို အောက်ပါ နှုန်းထားအတိုင်းပေးရမည်။

(က) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏ သားတော် သမီးတော်များ အား၊ တဦးလျှင်တလ ကရဏာတော်ကြေး ငါးရာကျပ်ကျစီ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏မြေးတော်များအား၊ တဦးလျှင် တလကရဏာတော်ကြေး နှစ်ရာငါးဆယ်ကျပ်ကျစီ။

(ဂ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏ မြစ်တော်များအား၊ တဦးလျှင် တလကရဏာတော်ကြေး နှစ်ရာကျပ်ကျစီ။

(ဃ) အိမ်ရှေမင်း၏ သားတော် သမီးတော်များအား၊ တဦးလျှင်တလ ကရဏာ တော်ကြေး လေးရာကျပ်ကျစီ။

(င) အိမ်ရှေမင်း၏ မြေးတော်များအား၊ တဦးလျှင်တလ ကရဏာတော်ကြေး နှစ်ရာကျပ်ကျစီ။

(စ) အိမ်ရှေမင်း၏ မြစ်တော်များအား၊ တဦးလျှင်တလ ကရဏာတော်ကြေး တရာငါးဆယ်ကျပ်ကျစီ။

*(ဆ) ဘိုးတော်ဘုရား၏၊ သို့တည်းမဟုတ် ရွှေဘိုမင်း၏ မြစ်တော်များအား၊ တဦး လျှင် ကရဏာတော်ကြေး ကျပ်တရာကျစီ။

ဆွေတော် မျိုးတော်မှကျန်ရစ် သော မူဆိုးမများ။

၅။ ။(၁) ဆွေတော်မျိုးတော်များ ပင်စင်အက်ဥပဒေ (The Political Pensions Act) ပုဒ်မ ၆ အရ၊ အကျိုးခံစားခွင့်ရရှိနိုင်ခဲ့သော မုဆိုးမများအား၊ မိမိတို့၏လျှောက်လွှာတွင် ဖေါ်ပြပါရှိသောမိမိတို့၏ အကြောင်းချင်းရာများကို ထောက်ထားရှိသင့်တော်သော ထောက်ပံ့ငွေ ပေးသင့်လျှင် ပြည်ထောင်စုနိုင်ငံတော်အစိုးရက ပေးနိုင်သည်။

---

* ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀ အရ၊ အစားထည့်သွင်းသည်။
* အထက်ပါဥပဒေအရထည့်သွင်းသည်။

(၂) အထက်ပါပုဒ်မခွဲအရတင်သွင်းသော လျှောက်လွှာများနှင့်စပ်သျှင်းရှုပြည်ထောင်စု နိုင်ငံတော်အစိုးရက စုံစမ်းစစ်ဆေးစေရမည်။

(၃) အဆိုပါ လျှောက်လွှာများနှင့်အတူ သက်သေခံအထောက်အထားများပူးတွဲပါ ရှိရမည်။

အမြတ်တော်ခွန် ကင်းလွတ်ခြင်း။

၆။ ။ဤအက်ဥပဒေအရ ပေးသော ကရုဏာဘော်ကြေးများပေါ်၌ အမြတ်တော်ခွန် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိရမည်။

၇။ ။ဤအက်ဥပဒေအရ၊ ကရုဏာတော်ကြေးရရှိသူ အနိစ္စရောက်လျှင်၊အနိစ္စရောက်သူ အတွက် သင့်ဟိန်ရန်မိမိ၏ ရသင့်ရထိုက်သော လစဉ်ကရုဏာတော်ကြေး၏သုံးဆဖြစ်သောထောက်ပံ့ ငွေကိုပေးရမည်။

အကျိုးခံစားခွင့် မရရှိနိုင်သူများ။

၈။ ။ဤအက်ဥပဒေအရ၊ အောက်ပါ ဆွေတော်မျိုးတော်များမှာ အကျိုးခံစားနိုင်ခွင့် မရှိစေရ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပ၊ နိုင်ငံခြားအရပ်ဒေသများ၌ အမြဲနေထိုင်သူ၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကိုဂုဏ်း၊ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသောနိုင်ငံတော် အစိုးရ ကိုဂုဏ်း၊ သစ္စာစောင့်ထိန်းသူမဟုတ်သူ၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် စွန့်လွှတ်သူ၊ သို့တည်းမဟုတ် ဆုံးရှုံးသူ သို့တည်းမဟုတ်

(ဃ) ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ကျော်လွန်မှ မြန်မာနိုင်ငံတိုင်းရင်းသား၊ မဟုတ်သူနှင့် အိမ်ထောင်ပြုသူ၊ သို့တည်းမဟုတ်

(င) ရာဇဝတ်မှုတခုခုကျူးလွန်သဖြင့် ခြောက်လအောက်မနည်းသောထောင်ဒဏ် စီရင်ခြင်းခံရဘူးသောသူ၊ သို့တည်းမဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့် သက်ဆိုင်သောရာဇဝတ်မှု တခုခုအတွက် အပြစ်ဒဏ်စီရင်ခြင်း ခံရဘူးသူ။

၉။ ။ဤအက်ဥပဒေသည်၊ ဆွေတော်မျိုးတော်များ ပင်စင်အက်ဥပဒေ (The Political Pensions Act)၊ သို့တည်းမဟုတ် ၁၉၄၁ ခုနှစ်၊ ဆွေတော်မျိုးတော်များ ပင်စင်အက်ဥပဒေ (ပြင်ဆင်ချက်) တချက်လွှတ်ဥပဒေအရ၊ ဆွေတော်မျိုးတော်ပင်စင်လစာငွေရထိုက်သူတို့အား၊ အဆိုပါ အက်ဥပဒေနှင့် တချက်လွှတ်ဥပဒေများ မရှိပဲသိမ်းခဲ့၊ သို့တည်းမဟုတ် မကုန်ဆုံးခဲ့၊ မိမိတို့တရား သဖြင့်ရထိုက်သည့် ကျန်ရှိသောဆွေတော်မျိုးတော် ပင်စင်ငွေစာငွေထုတ်ယူခြင်းတို့ကိုဖြစ်စေ၊ အုပ်ချုပ် မှုဆိုင်ရာအမိန့်အရ၊ ကရုဏာတော်ကြေးရထိုက်သူတို့အား၊မိမိတို့တရားသဖြင့်ရက်သည့် ကျန်ရှိသောင်း ကရုဏာတော်ကြေး ထုတ်ယူခြင်းကိုဖြစ်စေ တားမြစ်သည်ဟုဆိုမှတ်ယူရ။

၁၀။ ။နိုင်ငံတော် သမတ က အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၅ အရ စုံစမ်းစစ်ဆေးရန် နည်းလမ်းကိုပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်ကိစ္စ။

THE PUBLIC ACCOUNTANTS DEFAULT ACT.

[INDIA ACT XII, 1850] (22nd March, 1850.)

Public Accountants to give security.

1. Every public accountant shall give security for the due discharge of the trusts of his office, and for the due account of all moneys which shall come into his possession or control by reason of his office.

Amount and kind of security, and with what sureties.

2. In default of any Act having special reference to the office of any public accountant, the security given shall be of such amount and kind, and with such sureties (regard being had to the nature of the office), as shall be required by any rules made, or to be made from time to time, by the authority by which each public accountant is appointed to his office, subject to the approval of the President of the Union.

"Public Accountant" defined.

3. For the purposes of sections 1 and 2 of this Act the expression "Public Accountant" means any person who as Official Assignee or Trustee is entrusted with the receipt, custody or control of any moneys or securities for money, or the management of any lands belonging to any other person or persons; and for the purposes of sections 4 and 5 of this Act the expression shall also include any person who, by reason of any office held by him in the service of the Government of the Union of Burma, is entrusted with the receipt, custody or control of any moneys or securities for money, or the management of any lands belonging to the Government.

Prosecution of accountants and sureties.

4. The person or persons at the head of the office to which any public accountant belongs may proceed against any such public accountant and his sureties for any loss or defalcation in his accounts, as if the amount thereof were an arrear of land-revenue due to Government.

Enactments applied to proceedings by and against accountants.

5. All Regulations and Acts for the recovery of arrears of land-revenue due to Government and for recovery of damages by any person wrongfully proceeded against for any such arrear shall apply, with such changes in the form of procedure as are necessary to make them applicable to the case, to the proceedings against and by such public accountant.

THE PUBLIC SERVANTS INQUIRIES ACT.

[INDIA ACT XXXVII, 1850.] (1st November, 1850.)

1. * * * *

Articles of charge to be drawn out for public inquiry into conduct of certain public servants.

2. Whenever the President of the Union shall be of opinion that there are good grounds for making a formal and public inquiry into the truth of any imputation of misbehaviour by any person in the service of the Government not removable from his appointment without the sanction of the President of the Union, he shall cause the substance of the imputations to be drawn into distinct articles of charge, and shall order a formal and public inquiry to be made into the truth thereof.

Authorities to whom inquiry may be committed. Notice to accused.

3. The inquiry may be committed either to the Court, Board or other authority to which the person accused is subordinate, or to any other person or persons, to be specially appointed by the President of the Union commissioners for the purpose: notice of which commission shall be given to the person accused ten days at least before the beginning of the inquiry.

Conduct of Government prosecution.

4. When the President of the Union shall think fit to conduct the prosecution, he shall nominate some person to conduct the same on his behalf.

Charge by accuser to be written and verified. Penalty for false accusation. Institution of inquiry by President.

5. When the charge shall be brought by an accuser, the President of the Union shall require the accusation to be reduced to writing, and verified by the oath or solemn affirmation of the accuser; and every person who shall wilfully and maliciously make any false accusation under this Act, upon such oath or affirmation, shall be liable to the penalties of perjury, but this enactment shall not be construed to prevent the President of the Union from instituting any inquiry which he shall think fit, without such accusation on oath or solemn affirmation as aforesaid.

Security from accuser left by President to prosecute.

6. Where the imputations shall have been made by an accuser, and the President of the Union shall think fit to leave to him the conduct of the prosecution, the President of the Union before appointing the commission shall require him to furnish reasonable security that he will attend and prosecute the charge thoroughly and effectually, and also will be forthcoming to answer any counter-charge or action which may be afterwards brought against him for malicious prosecution or perjury or subornation of perjury, as the case may be.

Power of President to abandon prosecution and to allow accuser to continue it.

7. At any subsequent stage of the proceedings the President of the Union may, if he think fit, abandon the prosecution, and in such case may, if he think fit, on the application of the accuser, allow him to continue the prosecution, if he is desirous of so doing, on his furnishing such security as is hereinbefore mentioned.

Powers of commissioners.

Their protection. Service of their process.

8. The commissioners shall have the same power of punishing contempts and obstructions to their proceedings as is given to civil and criminal Courts by the Code of Criminal Procedure, and shall have the same powers for the summons of witnesses, and for compelling the production of documents, and for the discharge of their duty under the commission, and shall be entitled to the same protection as the District Judge, except that all process to cause the attendance of witnesses or other compulsory process, shall be served through and executed in Rangoon by the [City Civil Court][1] and elsewhere by the District Court in whose jurisdiction the witness or other person resides, on whom the process is to be served. When the commission has been issued to a Court, or other person or persons having power to issue such process in the exercise of their ordinary authority, they may also use all such power for the purposes of the commission.

Powers of Court, etc., acting under commission.

Penalty for disobedience to process.

9. All persons disobeying any lawful process issued as aforesaid for the purposes of the commission shall be liable to the same penalties as if the same had issued originally from the Court or other authority through whom it is executed.

Copy of charge and list to be furnished to accused.

10. A copy of the articles of charge, and list of the documents and witnesses by which each charge is to be sustained, shall be delivered to the person accused at least three days before the beginning of the inquiry, exclusive of the day of delivery and the first day of the inquiry.

Procedure at beginning of inquiry.

11. At the beginning of the inquiry the prosecutor shall exhibit the articles of charge to the commissioners, which shall be openly read, and the person accused shall thereupon be required to plead "guilty" or "not guilty" to each of

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

them, which pleas shall be forthwith recorded with the articles of charge. If the person accused refuses, or without reasonable cause neglects, to appear to answer the charge either personally or by his counsel or agent, he shall be taken to admit the truth of the articles of charge. Non-appearance of accused and admission of charge.

12. The prosecutor shall then be entitled to address the commissioners in explanation of the articles of charge, and of the evidence by which they are to be proved : his address shall not be recorded. Prosecutor's right of address.

13. The oral and documentary evidence for the prosecution shall then be exhibited ; the witnesses shall be examined by or on behalf of the prosecutor and may be cross-examined by or on behalf of the person accused. The prosecutor shall be entitled to re-examine the witnesses on any points on which they have been cross-examined, but not on any new matter without leave of the commissioners, who also may put such questions as they think fit. Evidence for prosecution and examination of witnesses. Re-examination by prosecutor.

14. If it shall appear necessary before the close of the case for the prosecution, the commissioners may in their discretion allow the prosecutor to exhibit evidence not included in the list given to the person accused, or may themselves call for new evidence ; and in such case the person accused shall be entitled to have, if he demand it, an adjournment of the proceedings for three clear days before the exhibition of such new evidence, exclusive of the day of adjournment and of the day to which the proceedings are adjourned. Power to admit or call for new evidence for prosecution. Accused's right to adjournment.

15. When the case for the prosecution is closed, the person accused shall be required to make his defence, orally or in writing, as he shall prefer. If made orally, it shall not be recorded ; if made in writing, it shall be recorded, after being openly read, and in that case a copy shall be given at the same time to the prosecutor. Defence of accused. To be recorded only when written.

16. The evidence for the defence shall then be exhibited, and the witnesses examined, who shall be liable to cross-examination and re-examination and to examination by the commissioners according to the like rules as the witnesses for the prosecution. Evidence for defence, and examination of witnesses.

17. * * * * *

18. The commissioners or some person appointed by them shall take notes of all the oral evidence, which shall be read aloud to each witness by whom the same was given, and, if necessary, explained to him in the language in which it was given, and shall be recorded with the proceedings. Notes of oral evidence.

19 If the person accused makes only an oral defence, and exhibits no evidence, the inquiry shall end with his defence ; if he records a written defence, or exhibits evidence, the prosecutor shall be entitled to a general oral reply on the whole case, and may also exhibit evidence to contradict any evidence exhibited for the defence, in which case the person accused shall not be entitled to any adjournment of the proceedings, although such new evidence were not included in the list furnished to him. Inquiry when closed with defence. Prosecutor when entitled to reply and give evidence. Accused not entitled to adjournment

20 When the commissioners shall be of opinion that the articles of charge or any of them are not drawn with sufficient clearness and precision, the commissioners may, in their discretion, require the same to be amended, and may thereupon, on the application of the person accused, adjourn the inquiry for a Power to require amendment of charge and to

adjourn. Reasons for refusing adjournment to be recorded.

reasonable time. The commissioners may also, if they think fit, adjourn the inquiry from time to time on the application of either the prosecutor or the person accused, on the ground of sickness or unavoidable absence of any witness or other reasonable cause. When such application is made and refused, the commissioners shall record the application, and their reasons for refusing to comply with it.

The Report of commissioners' proceedings.

21. After the close of the inquiry the commissioners shall forthwith report to the President of the Union their proceedings under the commission, and shall send with the record thereof their opinion upon each of the articles of charge separately, with such observations as they think fit on the whole case.

Power to call for further evidence or explanation. Inquiry into additional articles of charge. Reference of report of special commissioners. Final orders.

22. The President of the Union, on consideration of the report of the commissioners, may order them to take further evidence, or give further explanation of their opinions. He may also order additional articles of charge to be framed, in which case the inquiry into the truth of such additional articles shall be made in the same manner as is herein directed with respect to the original charges. When special commissioners have been appointed, the President of the Union may also, if he thinks fit, refer the report of the commissioners to the Court or other authority to which the person accused is subordinate, for their opinion on the case; and will finally pass such orders thereon as appear just and consistent with his powers in such cases.

23-24. * * * * *

Saving of power of removal without inquiry under Act.

25. Nothing in this Act shall be construed to affect the authority of the President of the Union for suspending or removing any public servant for any cause without an inquiry under this Act.

နိုင်ငံတော်သမတ (လစာနှုန်းစရိတ်ငွေများ) အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၁။] (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။)

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတ ရရှိအပ်သော လစာနှုန်း စရိတ်ငွေများကို တရား ဥပဒေဖြင့် ပြဋ္ဌာန်းရန် လိုအပ်သည် ဖြစ်သောကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်း လိုက်သည်။

အမည်တိုနှင့် စတင်အတည် ဖြစ်သည့်နေ့

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် သမတ (လစာနှုန်း စရိတ်ငွေများ) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာဖြစ်သည်ဟု မှတ်ယူရမည်။

နိုင်ငံတော်သမတ၏လစာငွေ

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတ အား၊ လစဉ်လစာငွေ ၅,၀၀၀ ပေးရမည်။ ဤလစာအပေါ်၌ အခွန်မကောက်ရ။

နိုင်ငံတော်သမတအားပေးရမည့်စရိတ်ငွေများ

၃။ ။လစာအပြင်၊ ပြည်ထောင်စု နိုင်ငံတော်သမတအား၊ ဤအက်ဥပဒေ၏ပဌမဇယား၌ ပြဋ္ဌာန်းထားသော စရိတ်ငွေများကို ပေးရမည်။

၄။ ။နိုင်ငံတော် သမတသည်၊ ရာထူးလက်ရှိ ကာလအတွင်းတွင်၊ အစိုးရကပေးသော တင့်တယ်စွာဆင်ယင်မွမ်းမံထားသည့် အစိုးရအိမ်တော်နှင့် အစိုးရယာဉ်ရထားကို အခမဲ့ နေထိုင်သုံးစွဲပိုင်ခွင့်ရှိရမည်။ ထို့ပြင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက် ပြင်ဆင်မွမ်းမံရေးအတွက် နိုင်ငံတော် သမတ၌ မည်သည့်နည်းနှင့်မျှ ပုဂ္ဂလတာဝန်မရှိစေရ။ နိုင်ငံတော်သမတသည်အိမ်တော်အစရှိသောပစ္စည်းများကိုအခမဲ့သုံးစွဲခွင့်ရှိခြင်း။

၅။ ။နိုင်ငံတော်သမတသည်၊ရာထူးဆိုင်ရာ တာဝန်ဝတ်တရားများကိုလွယ်ကူချောမောစွာ သမတဂုဏ်ကြက်သရေဖြင့် ဆောင်ရွက်နိုင်စေရန် နှစ်စဉ် ပြည်ထောင်စု အခွန်တော်ငွေထဲမှ ဤအက်ဥပဒေ၏ ဒုတိယဇယားတွင် သီးခြားဖေါ်ပြထားသော ကိစ္စများအတွက် စရိတ်ငွေထားရှိရမည်။ ထိုစရိတ်ငွေများသည် ထိုနှစ်အတွက် နိုင်ငံတော်သမတက မိမိ၏သဘောအတိုင်း သုံးစွဲရန်လိုအပ်သည်ဟု ယူဆသော စရိတ်ငွေဖြစ်ရမည့်ပြင်၊ ထိဇယားတွင် သီးခြားဖေါ်ပြထားသော အများဆုံးသုံးပိုင်ခွင့်စရိတ်ငွေထက်လည်းမပိုရ။ နိုင်ငံတော်သမတအားပေးရန်ဖြစ်သောအိမ်တော်မှဆိုင်ရာစရိတ်နှင့်အခြားစရိတ်ငွေများ။

၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၆၄ အရ၊ ခန့်အပ်သော နိုင်ငံတော်ဦးသျှောင်အဖွဲ့နှင့် မသက်ဆိုင်စေရ။ အက်ဥပဒေသည်နိုင်ငံတော်ဦးသျှောင်အဖွဲ့နှင့်မသက်ဆိုင်ခြင်း။

* ၇။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ၊ တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက် တင်မြှောက်သော နိုင်ငံတော် ဒီဇာယီ သမတသည်၊ နိုင်ငံတော် ယာယီသမတအဖြစ်ဖြင့် အကျိုးအမြတ်ရှိသောရာထူးခွဲထမ်းရွက်နေသည်၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သည်ဟူသော အကြောင်းကြောင့်၊ ပါလီမန်ဆိုင်ရာ လွှတ်တော် တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ၊ အရည်အချင်းပျက်ယွင်းခြင်းရှိခဲ့သည်ဟူ၍လည်းမမှတ်ယူရ။ ရာထူးရှိထမ်းရွက်ခြင်းကြောင့်ပါလီမန်အမတ်ဖြစ်ရန်အရည်အချင်းပျက်ယွင်းခြင်းမရှိရ။

ပဌမဇယား။

[ပုဒ်မ ၃ ကို ကြည့်။]

ရာထူးလက်ခံသောအခါ ရရှိမည့် စရိတ်ငွေများ။

၁။ ဝတ်စားတန်ဆာများ— (ပဌမအကြိမ်ခန့်ထားသောအခါ၌)	...	...	ကျပ် ၁၀,၀၀၀။
၂။ ဝတ်စားတန်ဆာများ— (ပြန်၍ရွေးကောက်သောအခါ)	...	...	ကျပ် ၅,၀၀၀။

* ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရထည့်သွင်းသည်။

ဒုတိယဇယား။

[ပုဒ်မ ၅ ကိုကြည့်။]

အချို့ကိစ္စများအတွက် ကုန်ကျမည့် နှစ်စဉ်အများဆုံးသုံးပိုင်ခွင့်ရှိသောငွေ။

၁။ ဧည့်ခံစရိတ် ... ... ကျပ် ၂၄,၀၀၀။
၂။ တိုင်းခန်းလှည့်လည်စရိတ် ... ... ကျပ် ၆၀,၀၀၀။

နိုင်ငံတော် သမတတံဆိပ်တော် အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂။] (၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်။)

ပြည်ထောင်စုနိုင်ငံဘော်သမတတံဆိပ်တော်နှင့်တကွ ထိုတံဆိပ်တော်နှင့်သက်ဆိုင်သော ကိစ္စများအလို့ငှါ ပြဋ္ဌာန်းချက်များပြုလုပ်ရန်လိုအပ်သည်ဖြစ်သောကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်တိုနှင့် အက်ဥပဒေစတင်အတည်ဖြစ်ခြင်း။

၁။ ။(က) ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် သမတ တံဆိပ်တော် အက်ဥပဒေဟု ခေါ်ရမည်။

(ခ) ဤအက်ဥပဒေသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စတင်အတည်ဖြစ်သည့်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

နိုင်ငံတော်သမတ တံဆိပ်တော်။

၂။ ။နိုင်ငံတော်သမတအတွက် ရာထူးတံဆိပ်တော် တခုရှိရမည်။ ဤအက်ဥပဒေတွင် "နိုင်ငံတော်သမတတံဆိပ်တော်" ဟုခေါ်ရမည်။

နိုင်ငံတော်သမတတံဆိပ်တော်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်အသုံးပြုခြင်း။

၃။ ။နိုင်ငံတော်သမတ (နိုင်ငံတော်ယာယီသမတလည်းပါဝင်သည်) သည်၊ ရာထူးဌာနရှိသော အခါတိုင်း၌ရှင်း၊ ရှိနေသမျှကာလအတွင်း၌ရှင်း၊ အောက်ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်ရမည်။ ဆိုလိုရင်းမှာ—

(က) နိုင်ငံတော်သမတသည်၊ နိုင်ငံတော် သမတ တံဆိပ်တော်ကို ထိန်းသိမ်းကြပ်ရမည်။

(ခ) နိုင်ငံတော်သမတ တံဆိပ်တော် ခပ်နှိပ်ရန်လိုအပ်သော အမိန့်စာလွှာမျိုးတွင် နိုင်ငံတော် သမတတံဆိပ်တော်ခပ်နှိပ်ရမည်။ ထိုစာလွှာမျိုးမှအပ အခြားစာလွှာများတွင် မခပ်မနှိပ်ရ။

(ဂ) နိုင်ငံတော် သမတတံဆိပ်တော်ကို၊ ဤပုဒ်မအရ စာလွှာတခုတွင် ခပ်နှိပ်သော အခါ၊ နိုင်လုံကြောင်း ထောက်ခံသည့် အနေနှင့် ထိုစာလွှာတွင် နိုင်ငံတော် သမတ၏လက်မှတ်ရေးထိုးပါရှိရမည်။

---

* ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်။ ။(မြန်မာနိုင်ငံပြန်ကမ်း၊ ၁၉၄၈ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၄၂ တွင် ကြည့်။)

နိုင်ငံတော်ဦးသျောင်အဖွဲ့က နိုင်ငံတော်သမတတံဆိပ်တော်ကို ကိုင်နိုင်သိမ်းစောင့်ရှောက်ခြင်းနှင့်အသုံးပြုခြင်း။

၄။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၆၄ အရ၊ ဖွဲ့စည်း ထားသော နိုင်ငံတော် ဦးသျောင်အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲသောင် ရွက်သောအခါတိုင်းဥ်ငင်း၊ သုံးဲ့ဆောင်ရွက်နေသမျကာလအတွင်းဥ်ငင်း၊ အောက်ပါပြဋ္ဌာန်းချက်များ သည် အကျိုးသက်ရောက်ရမည်။ ဆိုလိုရင်းမှာ—

(က) အဆိုပါ နိုင်ငံဘော်ဦးသျောင်အဖွဲ့သည်၊ နိုင်ငံတော် သမတတံဆိပ်တော်ကို ကိုင်နိုင်သိမ်းကြိုးကြပ်ရမည်။

(ခ) နိုင်ငံတော် သမတတံဆိပ်တော်ကို အဆိုပါ နိုင်ငံတော် ဦးသျောင်အဖွဲ့က ပြုလုပ်သော အမိန့်စာလွှာများတွင် ခပ်နှိပ်ရမည်။ အခြားစာလွှာများတွင် မခပ်မနှိပ်ရ။

(ဂ) နိုင်ငံတော် သမတတံဆိပ်တော်ကို ဤပုဒ်မအရ၊ စာလွှာတခုတွင် ခပ်နှိပ်သော အခါ၊ ဟုတ်မှန်ကြောင်း သက်သေဖြစ်စေရန် ထိုစာလွှာတွင် အဆိုပါ နိုင်ငံတော် ဦးသျောင်အဖွဲ့က အနည်းဆုံးအဖွဲဝင်နှစ်ဦး၏လက်မှတ်များနှင့် အဆိုပါ နိုင်ငံတော်ဦးသျောင်အဖွဲ့မှ ထိုကိစ္စအလို့ငှါ အခွင့်အာဏာလွှဲအပ်ထားခြင်းခံရသော အဆိုပါနိုင်ငံတော်ဦးသျောင်အဖွဲ့၏ အတွင်းဝန်၏၊ သို့တည်းမဟုတ် အခြားအရာရှိတဦး၏လက်မှတ်များရေးထိုးပါရှိရမည်။

နိုင်ငံတော်သမတတံဆိပ်တော်ကိုအစိုးရရုံးတော်များနှင့်တရားရုံးတော်များကအသိအမှတ်ပြုရန်။

၅။ ။နိုင်ငံတော် သမတတံဆိပ်တော်ကို အစိုးရရုံးတော်များနှင့် တရားရုံးတော်များက အသိအမှတ်ပြုရမည်။ ထို့ပြင် နိုင်ငံတော် သမတတံဆိပ်တော် ခပ်နှိပ်ထားသော အမိန့်တိုင်းသည်၊ သို့တည်းမဟုတ် ခန့်အပ်လွှာတိုင်းသည်၊ သို့တည်းမဟုတ် စာချွန်သည်၊ သို့တည်းမဟုတ် အခြားစာလွှာတိုင်းသည်၊ ထိုသို့ခပ်နှိပ်သောတံဆိပ်တော်ဥ့ ဤအက်ဥပဒေနှင့်အညီ ဟုတ်မှန်ကြောင်း သက်သေပါရှိလျှင်၊ ထိုအမိန့်တိုင်းကို၊ သို့တည်းမဟုတ် ခန့်အပ်လွှာတိုင်းကို၊ သို့တည်းမဟုတ် စာချွန်တိုင်းကို၊ သို့တည်းမဟုတ် အခြားစာလွှာတိုင်းကို အတည်ယူရမည်။ နောက်ထပ်သက်သေပြရန်မလို။

ပြည်ထောင်စုအစိုးရ (အဖွဲဝင်ဝန်ကြီးများ၏ လစာငွေများ) အက်ဥပဒေ။*

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄။] (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။)

ပြည်ထောင်စု အစိုးရအဖွဲဝင်ဝန်ကြီးများအား ပေးရန်ရှိသော လစာငွေများနှင့် စရိတ်ကြေးငွေများကို တရားဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်တို့

၁။ ။ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ (အဖွဲဝင် ဝန်ကြီး များ၏ လစာငွေများ) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ * * * * *

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အတိုင်း ၁၊ စာမျက်နှာ ၁၀၇ တွင် ထုတ်ပြန်ကြေညာသည်။

၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၂ အရ ပယ်ဖျက်သည်။

ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် အခြားဝန်ကြီး များအားပေး အပ်သောလ စာငွေများနှင့် စရိတ်ကြေးငွေ များ။

၃။ ။ဝန်ကြီးချုပ်အား၊ လစဉ်လစာငွေ ၂,၃၀၀၊ အစိုးရအဝင်အဖွဲ့ခြားဝန်ကြီးအသီး သီးအား၊ လစဉ်လစာငွေ ၁,၇၀၀ တို့ကို ပါလီမန်က ပြဋ္ဌာန်းထားသော ငွေများထဲမှ ထုတ်ပေးရမည်။ ထို့ပြင် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့အား၊ တလလျှင် စရိတ်ငွေ ၁,၀၀၀ စီပေးရမည်။

၄။ ။ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် အခြားဝန်ကြီးအသီးသီးအား၊ အစိုးရကပေးသော ဆင်ယင်မွမ်းမံထားသည့် နေအိမ်တဆောင်စီကို အခမဲ့ သုံးပိုင်ခွင့်ပေးရမည်။ သို့တည်းမဟုတ် တလ လျှင် ငွေ ၂၅၀ စီကိုပေးရမည်။ ယာဉ်ရထား တစီးစီကိုလည်း လိုအပ်သောစရိတ်နှင့်တကွ အခမဲ့သုံး ပိုင်ခွင့်ပေးရမည်။

၅။ ။ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများသည်၊ မိမိတို့၏ ရာထူးလက်ရှိ ကာလအတွင်းတွင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးများ ရာထူးဆိုင်ရာ တာဝန်ဝတ်တရား များကို ဆောင်ရွက်အပ်သည်မှတပါး၊ အတတ်ပညာဖြင့် ဥစ္စာရှာသော မည်သည့် အသက်မွေးမှုမျိုးကို မျှမပြုရ။ သို့တည်းမဟုတ် မည်သည့် ကုန်သွယ် ရောင်းဝယ်မှုဌာန၊ ပါဝင်လုပ်ကိုင်ခြင်းမပြုရ။ သို့တည်း မဟုတ် မည်သည့် အလုပ်အကိုင်မျိုးကိုမျှ အခကြေးငွေ ဥစ္စာအတွက် လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။ ထို့ပြင် မိမိ၏ခင်ပွန်းဖြစ်စေ၊ မိမိနှင့်အတူနေသူများဖြစ်စေ၊ မိမိ၏အုပ်ထိန်းခြင်း မကင်းသူများဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအလို့ငှါ၊ မိမိ၏အပေါ်တွင် မှီခိုအားထားနေရသူများဖြစ်စေ၊ မည်သည့် ကုန် သွယ်ရောင်းဝယ်မှုဌာနဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပါဝင်လုပ်ကိုင်ခြင်းမပြုစေရ။

အခကြေးငွေရ ရှိသောအရာရှိ များဖြစ်ခြင်း ကြောင့်၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီး များသည်ပါလီ မန်အမတ်ဖြစ် ရန်အရည်အ ချင်းပျက်ယွင်း ခြင်းမရှိရ။

၆။ ။ဝန်ကြီးချုပ်ရာထူးဌာနဖြစ်စေ၊ အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးရာထူးဌာနဖြစ်စေ၊ ထမ်းရွက် နေသည်ဖြစ်သောကြောင့်၊ ထိုသို့ထမ်းရွက်နေသော သူတွင် ပါလီမန်ဆိုင်ရာ လွှတ်တော် တရပ်ရပ်၏ အမတ် အဖြစ်ဖြင့် အရွေး ခံရန် သော်၎င်း၊ ထိုကဲ့သို့သော အမတ်အဖြစ်ဖြင့်တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။

* * * *

၇။ ။ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးအသီးသီးမှာ၊ မိမိ၏တာဝန်ဝတ်တရား များကို ဆောင်ရွက်ရာတွင်၊ နိုင်ငံတော် သမတက နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်း အတိုင်း၊ ခရီးသွားလာ နိုင်ခွင့်ရှိသည့်ပြင်၊ သတ်မှတ်ထားသည့် နှုန်းများအတိုင်း ခရီးစရိတ်များလည်း ရွှင့်ရှိရမည်။

---

၁ ၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂ အရ ပယ်ဖျက်သည်။
၂ ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၄ အရ ထည့်သွင်းသည်။

ပါလီမန်အတွင်းဝန်များ အက်ဥပဒေ။*

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅။] (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။)

ပါလီမန် အတွင်းဝန်များ ခန့်ထားခြင်းနှင့် ထိုအတွင်းဝန်တို့၏ လစာငွေများကို တရား ဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည် ဖြစ်သောကြောင့်၊ အောက်ပါ အတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ အက်ဥပဒေဟု ခေါ်အမည်တို့ရမည်။

၂။ ။ဝန်ကြီးချုပ်က အမည်တင်သွင်းလျှင် ပါလီမန်အမတ်များထဲမှ ° * * * * * ဝန်ကြီးချုပ်က လိုအပ်သည်ဟု ယူဆသောအမတ်ဦးရေကို ဝန်ကြီးချုပ်နှင့်ဝန်ကြီးများအဘွက် ပါလီမန်အဘွင်းဝန်များ အဖြစ်ဖြင့်၊ နိုင်ငံတော် သမတက အခါကာလ အားလျော်စွာ ခန့်ထားရမည်။ ထိုပါလီမန် အတွင်းဝန်တို့သည် အစိုးရ အဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား တာဝန်ဝတ်တရားဆောင်ရွက်ကြရာတွင် ကူညီကြရန်ဖြစ်သည်။ ပါလီမန်အတွင်းဝန်များခန့်ထားခြင်း။

° * * * * *

၃။ ။(၁) ဤအက်ဥပဒေအရ ခန့်ထားခြင်းခံရသူတိုင်းသည်၊ ° * * * * * ပါလီမန်အမတ်အဖြစ်မှ ° * * * * ရပ်စဲခဲ့သော်၊ သို့တည်းမဟုတ် မိမိအားအမည်တင်သွင်းသော ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ် အဖြစ်မှ ရပ်စဲခဲ့သော်၊ မိမိ၏ရာထူးမှရပ်စဲရမည်။ ပါလီမန်အတွင်းဝန်များရာထူးမှရပ်စဲခြင်း။

(၂) ဝန်ကြီးချုပ်သည်၊ လုံလောက်သော အကြောင်းအချက်များရှိသည်ဟု ထင်မြင်လျှင်မည်သည့် ပါလီမန် အတွင်းဝန်ကိုမဆို ရာထူးမှနုတ်ထွက်ရန် ဘောင်းဆိုနိုင်သည်။ ဘောင်းဆိုချက်အတိုင်း ပါလီမန်အတွင်းဝန်က မလိုက်နာခဲ့သော် နိုင်ငံတော် သမတသည် ဝန်ကြီးချုပ်က အကြံပေးလျှင်၊ ထိုပါလီမန်အဘွင်းဝန်ကို ရာထူးမှရပ်စဲစေရမည်။

၄။ ။ပါလီမန်အဖွဲ့ငွေများထဲမှ ပါလီမန် အဘွင်းဝန် တဦးလျှင် လစဉ်လစာကျပ် ငွေ ၁,၀၀၀ပေးရမည်။ [1] ထို့ပြင် ပါလီမန် အဘွင်းဝန် အသီးသီးအား၊ တလလျှင် ကျပ်ငွေ ၁၅၀ ထက်မပိုသည့် ငါးရမ်းခပေးရသော နေအိမ်တွင်၊ သို့တည်းမဟုတ် အိမ်ခန်းတွင် အခမဲ့နေ ဘိုင်ခွင့်ပြုရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ်ငွေ ၁၅၀ စီပေးရမည်။ ယာဉ်ရထား တစီးစီကိုလည်း လိုအပ်သောစရိတ်နှင့်တကွ၊ အခမဲ့သုံးပိုင်ခွင့်ပေးရမည်။ ပါလီမန်အတွင်းဝန်များ အားပေးရန်လစာငွေများ။

၅။ ။ပါလီမန်အဘွင်းဝန်ရာထူး၌ ထမ်းရွက်နေသည်ဖြစ်သောကြောင့်၊ ထိုထမ်းရွက်နေသောသူတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏၊ ° * * * * * အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သော အမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း၊ အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ။ ရာထူးလက်ခံခြင်းကြောင့်ပါလီမန်အမတ်ဖြစ်ရန်အရည်အချင်းပျက်ယွင်းခြင်းမရှိ။

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အိုင်း ၁၊ စာမျက်နှာ ၁၀၈ တွင်ကုဒ်ပြန်ကျေညာသည်။

° ၁၉၅၂ ခုနှစ်၊ ဩက်ဥပဒေ အမှတ် ၃ အရ ဖယ်ဖျက်သည်။

[1] ၁၉၅၃ ခုနှစ်၊ ဥက်ဥပဒေ အမှတ် ၅၉ အရ ထည့်သွင်းသည်။

နိုင်ငံတော်စာရင်းစစ်ချုပ်အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇။] (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။)

နိုင်ငံတော်စာရင်းစစ်ချုပ် ရာထူးဆိုင်ရာ စည်းကမ်းချက်များကို တရားဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တိုနှင့် အာဏာတည် သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် စာရင်းစစ်ချုပ်အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

နိုင်ငံတော်စာရင်းစစ်ချုပ်ရာထူးဆိုင်ရာစည်းကမ်းချက်များ။

၂။ ။(၁) နိုင်ငံတော် စာရင်းစစ်ချုပ်အား၊ လစဉ်လစာငွေ ၁,၈၀၀ ပေးရမည်။

(၂) နိုင်ငံတော် စာရင်းစစ်ချုပ်ရာထူးဆိုင်ရာ အခြား စည်းကမ်းချက်များသည် ဤကိစ္စ အတွက် နိုင်ငံတော်သမတက ပြုသောနည်းဥပဒေများဖြင့် သတ်မှတ်သည့်စည်းကမ်းချက်များဖြစ်ရမည်။

နိုင်ငံတော်စာရင်းစစ်ချုပ်၏တာဝန်ဝတ်တရားများ။

၃။ ။နိုင်ငံတော်စာရင်းစစ်ချုပ်သည်ပြည်ထောင်စုနှင့်ငွေစာရင်းများ၊ တို့ပြင်ပြည်ထောင်စုဌာနတစိတ်တဒေသအဖြစ်ပါဝင်သော ပြည်ထောင်စုအဖွဲ့ဝင်များ၏ ငွေစာရင်းများနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေဖြင့် ဖြစ်စေ၊ တည်ဆဲတရားဥပဒေအရဖြစ်စေ၊ ပြုသောနည်းဥပဒေများဖြင့် သတ်မှတ်သောတာဝန်ဝတ်တရားအားလုံးကို ဆောင်ရွက်ရမည့်အပြင်၊ ထိုကဲ့သို့သော အာဏာများကိုလည်းသုံးစွဲရမည်။

ပြည်ထောင်စု၏ငွေစာရင်းများကိုထားရှိသောနည်း။

၄။ ။ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုဌာန တစိတ်တဒေသအဖြစ် ပါဝင်သော ပြည်ထောင်စုအဖွဲ့ဝင်များ၏ ငွေစာရင်းများကို နိုင်ငံတော်သမတ၏အတည်ပြုချက်ကို ယူ၍ နိုင်ငံတော် စာရင်းစစ်ချုပ်ကသတ်မှတ်သောပုံစံအတိုင်းထားရှိရမည်။

နိုင်ငံတော်အလံအက်ဥပဒေ။ [၁]

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၈။] (၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်။)

နိုင်ငံတော်အလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ် တလေးကိုအလွဲသုံးသူများနှင့် ပြည်ထောင်စု နိုင်ငံတော်အလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ်တလေးကိုဂုဏ်သိမ်မပျက်ပြားအောင် ပြုသော၊ ဆုတ်ဖြတ် ဖျက်ဆီးသော၊ အဆင်းသဏ္ဌာန် ပျက်ပြားအောင်ပြုသော၊ သို့တည်းမဟုတ် အခြား တနည်းနည်းဖြင့် မထိမဲ့မြင် ပြုသောသူများကို ပြစ်ဒဏ်စီရင်နိုင်ရန် အလို့ငှါ၊ ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့်—

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်အလံအက်ဥပဒေဟုခေါ်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေ၌ ''အလံ'' ဆိုသည်၌ စကားရပ်တွင်၊ မည်သည့် အရာဝတ္ထုဖြင့်မဆို ပြုလုပ်၍၊ သို့တည်းမဟုတ် မည်သည့်အရာဝတ္ထုပေါ်တွင်မဆို ဖေါ်ပြ၍၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

---

[၁] မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၄၀၁ တွင်ထုတ်ပြန်ကြေညာသည်။

အရ ပြဋ္ဌာန်းထားသည့် နိုင်ငံခံတော်အလံသဘော သက်ရောက်သော၊ သို့တည်းမဟုတ် တည်ဆဲဥပဒေ အရ ပြဋ္ဌာန်းထားသည့် နိုင်ငံတော်တံခွန်၊ ရဲလံ၊ ဆိုတည်းမဟုတ် တလေးသဘော သက်ရောက်သော အလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ် တလေးအရွယ် အစားအမျိုးမျိုးဖြစ်စေ၊ထိုအလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ် တလေးတခုခု၏ရုပ်ပုံ၊ သို့တည်းမဟုတ် သဏ္ဌာန်ဖြစ်စေ၊ ထိုအလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ်တလေး၏ အစိတ်အပိုင်းဖြစ်စေပါဝင်သည်။ ထို့ပြင် ဓေဒု သေချာစွာ မကြည့်သော သာမန်ပုဂ္ဂိုလ်တဦးက၊သာမန်ကြည့်ရုံမျှဖြင့် နိုင်ငံတော်အလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ်တလေးဖြစ်သည်ဟု ယုံကြည်လောက်အောင် အရောင်များ၊ သို့တည်းမဟုတ် ကြယ်များဖြင့် တနည်းနည်းဖေါ်ပြထားသည့် ထိုအလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ်တလေး၏ရုပ်ပုံ၊ သို့တည်းမဟုတ် သဏ္ဌာန်ဖြစ်စေ၊ ယင်းသို့ ဖေါ်ပြထားသည့် ထိုအလံ၊ တံခွန်၊ ရဲလံ၊ သို့တည်းမဟုတ် တလေး၏ အစိတ်အပိုင်း ဖြစ်စေ ပါဝင်သည်။

၃။ ။မည်သူမဆို ပြည်ထောင်စုနိုင်ငံအတွင်း၌—

(က) ခင်းကျင်းဆင်ယင်ပြသရန်အလို့ငှါ၊အလံအပေါ်တွင်မည်သည့်စာလုံး၊မည်သည့် ဖြစ်စေ၊ ဂဏန်း၊ မည်သည့်အမှတ်အသား၊ မည်သည့်ရုပ်ပုံ၊ မည်သည့်ပုံစံ၊မည်သည့် ရေးဆွဲသောပုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့် ကြော်ငြာအမျိုးအစား ကိုမဆို၊တနည်းနည်းနှင့်ရေးသားခြယ်လယ်ပြုလုပ်ထားရှိလျှင်၊သို့တည်းမဟုတ် ထားရှိစေလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအလံပေါ်တွင် စာလုံး၊ ဂဏန်း၊ အမှတ်အသား၊ ရုပ်ပုံ၊ ပုံစံ၊သို့တည်းမဟုတ် ရေးဆွဲထားသောပုံ၊ သို့တည်းမဟုတ် ကြော်ငြာအမျိုးအစားတခုခုကိုပုံနှိပ်၍၊ ဆေးခြယ်၍၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့် ထား၍ဖြစ်စေ၊စာလုံး၊ ဂဏန်း၊အမှတ်အသား၊ ရုပ်ပုံ၊ပုံစံရေးဆွဲထားသော ပုံတခုခုကို၊အလံနှင့်ပူးတွဲ ဆက်စပ် တွယ်ကပ်၍ဖြစ်စေ၊ ထိုအလံကို အများမြင်သာအောင်ပြထားလျှင်၊ သို့တည်းမဟုတ်ပြထားစေလျှင်၊ သို့တည်းမဟုတ်

(ဂ) ကြော်ငြာရန်၊ အများသတိပြုမိစေရန်၊ မွမ်းမံခြယ်လယ်ရန်၊အမှတ်အသားပြုရန်၊ သို့တည်းမဟုတ် ကုန်ပစ္စည်း တခုနှင့်တခု ကွဲပြားခြားနားစေရန်၊အလံ၏ ပုံသဏ္ဌာန်ကိုပုံနှိပ်၊ဆေးခြယ်၊ပူးတွဲ၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့် ထားရှိသည့်—

(၁) ကုန်စည်ပစ္စည်းတစုံတရာကိုဖြစ်စေ၊

(၂) ကုန်စည်ပစ္စည်းတစုံတရာထားသိုရာစည်၊ သေတ္တာ စသည်များကိုဖြစ်စေ၊

(၃) ကုန်စည်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် အသုံးပြုသည့် အရာဝတ္ထု တစုံတရာကိုဖြစ်စေ ပြုလုပ်လျှင်၊သို့တည်းမဟုတ်ရောင်းချလျှင်၊ သို့တည်း မဟုတ်ရောင်းချရန်သော်၎င်း၊အများမြင်သာအောင်သော်၎င်း၊ ခင်းကျင်း ဆင်ယင် ပြသထားလျှင်၊သို့တည်းမဟုတ်ပေးကမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းချရန်အတွက်သော်၎င်း၊ ပေးကမ်းရန် အတွက်သော်၎င်း၊ အခြား ကိစ္စတစုံတရာအတွက်သော်၎င်း၊ လက်ရှိထားလျှင်၊

ထိုသူသည် ၆ လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

၄။ ။မည်သူမဆို ပြည်ထောင်စု နိုင်ငံအတွင်း၌ လူအများရှေ့တွင် အလံတစုံတခုကို ဆုတ်ဖြတ်ဖျက်ဆီးလျှင်၊အဆင်းသဏ္ဌာန် ပျက်ပြားအောင်ပြုလျှင်၊ ဂုဏ်သိမ် ပျက်ပြား စေအောင်ပြုလျှင်၊

မလေးစားလျှင်၊ ခြေဖြင့်နင်းလျှင်၊ သို့တည်းမဟုတ် နှတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ မထိမဲ့မြင်ပြုလျှင်၊ ထိုသူသည် အလုပ်ကြမ်းဖြင့်တန်စွမ်းထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေတထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၅။ ။နိုင်ငံတော်သမတသည်၊ အလံနှင့်စပ်လျဉ်းသည့် ကိစ္စအရပ်ရပ်ကို စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများ [၀] ပြုလုပ်နိုင်သည်။ထိုကိစ္စအရပ်ရပ်တွင် နိုင်ငံတော်အလံအသုံးပြုခြင်းနှင့် လွှင့်ထူခြင်းများလည်းပါဝင်သည်။

နိုင်ငံတော်သမတရွေးကောက်တင်မြှောက်မှုအက်ဥပဒေ။[၂]

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၇။] (၁၉၄၉ ခုနှစ်၊ မေလ ၁၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၄၆ အရ၊ နိုင်ငံတော်သမတရာထူးအတွက် ရွေးကောက်တင်မြှောက်ခြင်းကို အက်ဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည်ဖြစ်၍ ဤအောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်မှုအက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အခြားအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''နိုင်ငံတော်သမတ'' ဆိုသည့်စကားရပ်တွင် ယာယီနိုင်ငံတော် သမတနှင့် အခြေခံဥပဒေပုဒ်မ ၆၄ အရဖွဲ့စည်းအပ်သော နိုင်ငံတော်ဦးဆောင်အဖွဲ့လည်းပါဝင်သည်။

(ခ) ''နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲ'' ဆိုသည်မှာ၊ နိုင်ငံတော်သမတ၏ ရာထူးတွင် ထမ်းရွက်စေရန်အလို့ငှါ ပုဂ္ဂိုလ်တဦးအား ရွေးကောက်တင်မြှောက်ရန်ပြုလုပ်သော ရွေးကောက်တင်မြှောက်ပွဲကို ဆိုလိုသည်။

(ဂ) ''နိုင်ငံတော်သမတ၊ ပဌမအကြိမ် ရွေးကောက်တင်မြှောက်ပွဲ'' ဆိုသည်မှာ၊ အခြေခံဥပဒေပုဒ်မ ၄၆ အရ၊ ပဌမဆုံးအကြိမ်ကျင်းပသော နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲကို ဆိုလိုသည်။

(ဃ) ''နိုင်ငံတော်သမတ သာမန်ရွေးကောက်တင်မြှောက်ပွဲ'' ဆိုသည်မှာ၊ လက်ရှိရာထူးထမ်းရွက်လျက်ရှိသော နိုင်ငံတော်သမတ၏ ရာထူးသက်တမ်းကုန်ဆုံးအဆုံးသတ်တွင်၊ နိုင်ငံတော်သမတအသစ်တဦးကို အခြေခံဥပဒေပုဒ်မ ၅၃ အရ၊ ရွေးကောက်တင်မြှောက်ရန်အလို့ငှါ ကျင်းပသော နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲကိုဆိုလိုသည်။

(င) ''နိုင်ငံတော်သမတ၊ ဒုတိယရွေးကောက်တင်မြှောက်ပွဲ'' ဆိုသည်မှာ၊ နိုင်ငံတော်သမတ၏ ရာထူးသက်တမ်းအလိုအလျောက် ကုန်ဆုံးသဖြင့် ကျင်းပရ

---

[၀] ဤအက်ဥပဒေအရ နည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၀၄ တွင်ထုတ်ပြန်ကြေညာသည်။

[၂] မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၃၄၃ တွင်ထုတ်ပြန်ကြေညာသည်။

သော နိုင်ငံတော်သမတ ရွေးကောက် တင်မြှောက်ပွဲမှ တပါး၊ အခြားအကြောင်းကြောင့် ကျင်းပရသောနိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲကို ဆိုလိုသည်။

(စ) ''စီစစ်ရာရုံး'' ဆိုသည်မှာ၊ အမည်တင်သွင်းလွှာများကိုစီစစ်ရန်အလို့ငှါ၊ပုဒ်မ ၃ အရ အမိန့်ဖြင့်သတ်မှတ်သည့် စီစစ်ရာရုံးကိုဆိုလိုသည်။

၃။ ။(၁) နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲ မကျင်းပမီ၊ နိုင်ငံတော်သမတသည်၊ ရက်သတ်မှတ်သည့်အမိန့်ဟုခေါ်သောအမိန့်ကိုထုတ်ပြန်၍၊ အောက်ပါတို့ကိုသတ်မှတ်ရမည်။

(က) အရွေးခံသူများ၏ အမည်တင်သွင်းလွှာများကို လက်ခံရန် နောက်ဆုံးနေ့ရက်။

(ခ) အမည်တင်သွင်းလွှာများကို လက်ခံရန်သတ်မှတ်သည့် နောက်ဆုံးနေ့ရက်တွင် လူမျိုးစုလွတ်တော်နာယက၊ သို့တည်းမဟုတ် ထိုနာယကမရှိလျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမည်တင်သွင်းလွှာများကိုစီစစ်ရာရုံး။

(ဂ) နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ရန် အလို့ငှါ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏ တွဲဘက်ညီလာခံကျင်းပရန်နေ့ရက်။

(၂) နိုင်ငံတော်သမတ ပဌမအကြိမ် ရွေးကောက်တင်မြှောက်ပွဲ ကျင်းပရန်အလို့ငှါ၊ ဤပုဒ်မအရ ရက်သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ရာတွင်၊ အခြေခံဥပဒေအခန်း ၆ အရ၊ ပွဲစဉ်းသောပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်အနက်၊ နောက်ကျ၍စည်းဝေးသော ပါလီမန်ဆိုင်ရာလွှတ်တော်အစည်းအဝေးစတင်ကျင်းပသည့်နေ့မှ၊ ခုနစ်ရက်အောက်မနည်း၊ ဆယ်ရက်ထက်မပို သောနေ့အတွင်း၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏တွဲဘက်ညီလာခံကိုကျင်းပရန်သတ်မှတ်ရမည်။

(၃) နိုင်ငံတော်သမတ သာမန်ရွေးကောက်တင်မြှောက်ပွဲကျင်းပရန်အလို့ငှါ၊ လက်ရှိသမတ၏ရာထူးသက်တမ်းမကုန်ဆုံးမီသုံးလအတွင်းတွင်၊ ဤပုဒ်မအရရက်သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ရမည်။ လက်ရှိရာထူးထမ်းရွက်လျက်ရှိသော နိုင်ငံတော်သမတ၏ ရာထူးသက်တမ်းကုန်ဆုံးလျှင် ကုန်ဆုံးခြင်း၊ အသစ်ရွေးကောက်တင်မြှောက်ခြင်းခံရသောနိုင်ငံတော်သမတက၊ ရာထူးကိုလက်ခံထမ်းရွက်နိုင်စေရန်ကိုအဓိကထား၍၊ ဤပုဒ်မအရ နေ့ရက်များကိုသတ်မှတ်ရမည်။

(၄) နိုင်ငံတော်သမတ ရာထူးလစ်လပ်သောအခါ၌၊ နိုင်ငံတော်သမတ အထူးရွေးကောက်တင်မြှောက်ပွဲကျင်းပရန်အလို့ငှါ၊ ဤပုဒ်မအရ ရက်သတ်မှတ်သည့်အမိန့်ကို လျင်မြန်နိုင်သမျှ လျင်မြန်စွာထုတ်ပြန်ရမည်။ နိုင်ငံတော်သမတ အထူးရွေးကောက်တင်မြှောက်ပွဲကို၊ နိုင်ငံတော်သမတ ရာထူးလစ်လပ်သောနေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်းတွင် ပြီးမြောက်နိုင်စေရန်၊ ဤပုဒ်မအရ နေ့ရက်များသတ်မှတ်ရမည်။

(၅) ရက်သတ်မှတ်သည့်အမိန့်ကို ထုတ်ပြီးသောအခါ၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ အမိန့်ပြန်တမ်းတွင်ကေးသာရမည်။

၄။ ။(၁) နိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲအတွက် အမည်တင်သွင်းလွှာ အသီးသီးသည်၊ အောက်ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရမည်။

(က) ထိုအမည်တင်သွင်းလွှာသည်၊ ဤအက်ဥပဒေ ပဌမဇယားတွင် ဖေါ်ပြထားသည့် ပုံစံနှင့်ညီညွတ်ရမည်။

(ခ) ထိုအမည်တင်သွင်းလွှာတွင်၊ အမည်တင်သွင်းခြင်းခံရသူ၏ အမည်၊ အသက်၊ နေရပ်၊ မွေးဖွါးရာအရပ်၊ အလုပ်အကိုင်၊ မိဘနှစ်ပါးအမည်နှင့် မွေးဖွါးရာအရပ်၊ ထို့ပြင် အမည်တင်သွင်းလွှာပုံစံထွင်ဖေါ်ပြထားသည့် အခြားလိုအပ်ချက်များ ပါရှိစေရမည်။

(ဂ) အမည်တင်သွင်းလွှာ အသီးသီးတွင် သုံးဆယ်အောက်မနည်းသော ပါလီမန်အမတ်များ၏ ကိုယ်တိုင်ရေးထိုးသော လက်မှတ်များပါရှိစေရမည်။

(ဃ) အမည်တင်သွင်းလွှာ အသီးသီးကို လူမျိုးစုလွှတ်တော် အတွင်းဝန်သို့ ပေးအပ်ရမည်။

(၂) ပါလီမန်အမတ်တဦးသည်၊ အမည်တင်သွင်းလွှာ နှစ်ခုတွင်သော်၎င်း၊ နှစ်ခုထက်ပို သော အမည်တင်သွင်းလွှာများတွင်သော်၎င်း၊ အမည်တင်သွင်းသူအဖြစ်ဖြင့် လက်မှတ်ရေးထိုးခဲ့သော်၊ ပါလီမန်အတွင်းဝန်က ရွေးဦးစွာရရှိသော အမည်တင်သွင်းလွှာတွင်ပါသည့် ထိုအမတ်၏လက်မှတ်ကို သာလျှင်၊ တရားဝင်လက်မှတ်ဟုမှတ်ယူရမည်၊ ကျန်အခြားသော အမည်တင်သွင်းလွှာများတွင်ပါသည့် ထိုအမတ်၏လက်မှတ်များကို တရားဝင်လက်မှတ်ဟုအယူမရှိရ။

၅။ ။(၁) လူမျိုးစုလွှတ်တော်အတွင်းဝန်သည်၊ အမည်တင်သွင်းလွှာများကို ရရှိလျှင် ရရှိခြင်း၊ အမှတ်စဉ်ရေးထိုးရမည်။ အမည် တင်သွင်းလွှာများကို လက်ခံရန် သတ် မှတ် ထား သည့် နောက်ဆုံးနေ့မွန်းတည့် ၁၂ နာရီအချိန်မတိုင်မီ လက်ခံရရှိသော အမည်တင်သွင်းလွှာအသီးသီးကို ထိုသို့အမှတ်စဉ်ရေးထိုးရမည်။

(၂) အမည်တင်သွင်းလွှာများတွင် အတွင်းဝန်က ရေးထိုးထားသော အမှတ်စဉ်များသည်၊ ထိုအစဉ်အတိုင်းအတွင်းဝန်က ထိုအမည်တင်သွင်းလွှာများကို ရရှိကြောင်းအပြီးအပြတ် သက်သေခံဖြစ်စေရမည်။

(၃) အတွင်းဝန်သည်၊ အမည်တင်သွင်းလွှာကိုရရှိသောအခါ၊ ချက်ခြင်း အမည်တင်သွင်းခြင်းခံရသူထံ မိမိအား အမည်တင်သွင်းထားကြောင်း အကြောင်းကြားစာ တစောင်ကို အမည်တင်သွင်းလွှာတွင်ပါသည့် လိပ်စာအတိုင်း စာတိုက်မှတဆင့် ပို့ရမည်။ အတွင်းဝန်က အကြောင်းကြားစာကိုပေးပို့ရန် ပျက်ကွက်ခြင်းကြောင့်သော်၎င်း၊ အမည်တင်သွင်းခြင်းခံရသူက အကြောင်းကြားစာကိုမရခြင်းကြောင့်သော်၎င်း၊ အမည်တင်သွင်းလွှာများကိုစိစစ်ဆုံးဖြတ်ရာရုံးသို့ အမည်တင်သွင်းခြင်းခံရသူကိုယ်တိုင်ဖြစ်စေ၊ မိမိလွှဲအပ်သော ကိုယ်စားလှယ်ဖြစ်စေ၊ လာရောက်ရန်၊ ဤအက်ဥပဒေက ပြဋ္ဌာန်းထားသည့်တာဝန်မှကင်းလွတ်ခွင့်မရှိစေရ။

(၄) အတွင်းဝန်သည် အမည်တင်သွင်းလွှာ အသီးသီးကို အမှတ်စဉ်ရေးထိုးပြီးနောက် လူမျိုးစုလွှတ်တော်နာယကဆံတင်သွင်းရမည်။

၆။ ။(၁) အမည်တင်သွင်းလွှာများကို လက်ခံရန်သတ်မှတ်ထားသော နောက်ဆုံးနေ့ရက်မွန်းတည့် ၁၂ နာရီအချိန်တွင် လူမျိုးစုလွှတ်တော်နာယကသည်၊ သို့တည်းမဟုတ် ထိုနာယကမရှိလျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်၊ ရက်သတ်မှတ်သည့်အမိန့်တွင် သတ်မှတ်ထားသော ရုံးသို့တက်ရောက်၍၊ အမည်တင်သွင်းလွှာအားလုံးကို အမှတ်စဉ်အတိုင်းစီစစ်ပြီး၊ နောက်တဆက်တည်းဖြစ်သော အောက်ပုဒ်မအရ၊ တရားလွှတ်တော်ချုပ်သို့ ဆုံးဖြတ်ရန်လွှဲအပ်ခြင်းမရှိလျှင်၊ မည်သူသည်တရားနည်းလမ်းအတိုင်းအမည်တင်သွင်းခြင်းခံရ၍ အရွေးခံသူဟုဆုံးဖြတ်၍ကြေညာရမည်။

(၂) အမည်တင်သွင်းလွှာများကို လက်ခံရန် သတ်မှတ်သည့် နောက်ဆုံးနေ့မွန်းတည့် ၁၂ နာရီအချိန်ကျော်လွန်လျှင် မည်သည့်အမည်တင်သွင်းလွှာကိုမျှလက်မခံရ။

(၃) အမည်တင်သွင်းလွှာတွင် အမည်တင်သွင်းခြင်းခံရသူ၏အမည်၊ အသက်၊ နေရပ်စသောလိုအပ်ချက်များပြည့်စုံစွာ ဖေါ်ပြထားခြင်း၊ သို့တည်းမဟုတ် မှန်ကန်စွာဖေါ်ပြထားခြင်းများမရှိစေကာမူ၊ အမည်တင်သွင်းခြင်းခံရသူသည်၊ မည်သူဖြစ်သည်ဟု သေချာစွာသိနိုင်လောက်အောင် အကြောင်းလုံလောက်စွာပါရှိလျှင်၊ ထိုအမည်တင်သွင်းလွှာကိုမပယ်ရ။

(၄) အမည်တင်သွင်းလွှာနှင့် ပတ်သက်၍ပေါ်ပေါက်သော ပြဿနာအားလုံးကိုလူမျိုးစုလွှတ်တော်နာယကသို့တည်းမဟုတ် ဘိုနာယကမရှိလျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တဆက်တည်းဖြစ်သောအောက် ပုဒ်မ ၇ အရ၊ တရားလွှတ်တော်ချုပ်သို့ဆုံးဖြတ်ရန်လွှဲအပ်ခြင်းမရှိလျှင်၊ ထိုပြဿနာများကိုဆုံးဖြတ်နိုင်သည်။ ထိုအဆုံးအဖြတ်သည်အပြီးအပြတ် ဖြစ်ရမည်ဖြစ်ပြီး၊ မည်သည့်တရားရုံးတော်သို့မျှအယူခံဝင်ခွင့်မရှိစေရ။

၇။ ။(၁) လူမျိုးစုလွှတ်တော်နာယကသည်၊ သို့တည်းမဟုတ်နာယကမရှိလျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိမိ၏သဘောအလျောက်ဖြစ်စေ၊ အရွေးခံသူကလွှဲအပ်သော ကိုယ်စားလှယ်က၊ သို့တည်းမဟုတ် ပါလီမန်အမတ်တဦးဦးက တောင်းဆိုသောအခါတွင်ဖြစ်စေ၊ အမည်တင်သွင်းလွှာနှင့်ပတ်သက်၍ပေါ်ပေါက်သမျှသော ပြဿနာဟူသမျှကို တရားလွှတ်တော်ချုပ်သို့ဆုံးဖြတ်ရန်လွှဲအပ်ရမည်။

(၂) အရွေးခံသူ၏အမည်၊ အသက်၊ နေရပ် စသည့် လိုအပ်ချက်များသည်၊ အမည်တင်သွင်းလွှာတွင်ပြည့်စုံသည်၊ မပြည့်စုံသည်၊ မှန်ကန်သည်၊ မမှန်ကန်သည်နှင့်ပတ်သက်၍ပေါ်ပေါက်သောပြဿနာများကို လူမျိုးစုလွှတ်တော်နာယက ကသော်၎င်း၊ ထိုနာယကမရှိလျှင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကသော်၎င်း၊ ဆုံးဖြတ်၍လိုအပ်ချက်များ မပြည့်စုံဟုသဘောရရှိလျှင်၊ ထိုအမည်တင်သွင်းလွှာကိုပယ်နိုင်သည်။

(၃) အမည်တင်သွင်းလွှာနှင့်ပတ်သက်၍ ပေါ်ပေါက်သော ပြဿနာအရပ်ရပ်ကိုလူမျိုးစုလွှတ်တော်နာယက ကသော်၎င်း၊ ထိုနာယက မရှိလျှင်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကသော်၎င်းမဆုံးဖြတ်မီဖြစ်စေ၊ ဆုံးဖြတ်ပြီးနောက်မှဖြစ်စေ တရားလွှတ်တော်ချုပ်သို့ ဆုံးဖြတ်ရန်လွှဲအပ်နိုင်သည်။

(၄) သက်ဆိုင်ရာအရွေးခံသူ၊ သို့တည်းမဟုတ် မိမိလွှဲအပ်သောကိုယ်စားလှယ်နှင့်မိမိ၏လွှတ်တော်ရွေးနေ၊ ထို့ပြင်လွှဲအပ်ရန်တောင်းဆိုသူရှိလျှင်၊ ထိုသူနှင့် ထိုသူ၏လွှတ်တော်ရွေးနေတို့သည် အမည်တင်သွင်းလွှာကိုစိစစ်၍ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သည့်နေ့မှ သုံးရက်မြောက်သောနေ့နံနက် ၁၁ နာရီအချိန်တွင် တရားလွှတ်တော်ချုပ်သို့လာရောက်ရမည်။

လွှဲအပ်သောပြဿနာအရပ်ရပ်ကို တရားလွှတ်တော်ချုပ်က ကြားနာဆုံးဖြတ်၍ လွှဲအပ်သည့်နေ့မှစ၍ ဆယ်ရက်အတွင်း၊ ထိုအဆုံးအဖြတ်ကို လူမျိုးစုလွှတ်တော်နာယကထံသို့ ပေးပို့ရမည်။

၈။ ။(၁) အရွေးခံသူကိုယ်တိုင်ဖြစ်စေ၊ မိမိလွှဲအပ်သောကိုယ်စားလှယ်ဖြစ်စေ မိမိ၏အမည်တင်သွင်းလွှာကို စိစစ်သောအခါတွင်၊ စိစစ်ရာရုံးသို့တက်ရောက်ရမည်ဖြစ်ပြီး၊ မိမိ၏အမည်တင်သွင်းလွှာနှင့်ပတ်သက်၍၊ လူမျိုးစုလွှတ်တော် နာယကကဖြစ်စေ၊ ထိုနာယကမရှိလျှင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ တောင်းဆိုသောအကြောင်းအရာများကို ထုတ်ဖော်တင်ပြရမည်။

(၂) အရွေးခံသူသည်၊ သို့တည်းမဟုတ် မိမိလွှဲအပ်သော ကိုယ်စားလှယ်သည်· မိမိ၏အမည်တင်သွင်းလွှာကို စိစစ်သောအခါတွင် စိစစ်ရာရုံးသို့ တက်ရောက်ရန် ပျက်ကွက်လျှင်သော်၎င်း၊ တောင်းဆိုသော အကြောင်းအရာတခုခုကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်လျှင်သော်၎င်း ထိုအရွေးခံသူ၏ အမည်တင်သွင်းလွှာကိုပယ်နိုင်သည်။

(၃) အရွေးခံသူ၏အမည်တင်သွင်းလွှာကို စိစစ်ရာရုံးသို့မိမိလွှဲအပ်သော ကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်နိုင်ရန်အရွေးခံသူက၊ တဦးတယောက်သောသူကို၊ ဤဥပဒေဒုတိယဇယားတွင်ပါရှိသော ပုံစံဖြင့်လွှဲအပ်ရမည်။

၉။ ။နိုင်ငံတော်သမတက ရွေးကောက်တင်မြှောက်ရန်အလို့ငှါ ကျင်းပသောပါလီမန ဆိုင်ရာ လွှတ်တော်နှစ်ရပ်၏တွဲဘက်ညီလာခံတွင် ဓဆန္ဒပေးခြင်းကိုစတင်မပြုလုပ်မီ မည်သည့်အချိန်တွင်မဆိုအရွေးခံသူသည်၊ မိမိ၏အမည်တင်သွင်းလွှာကိုစာဖြင့် လူမျိုးစုလွှတ်တော် အတွင်းဝန်ထံသို့

အကြောင်းကြား၍ ရုပ်သိမ်းနိုင်သည်။ အတွင်းဝန်သည်၊ ထိုအကြောင်းကြားစာကို ရရှိလျှင်ရရှိခြင်း၊ လူမျိုးစုလွှတ်တော်နာယကက၊ သို့တည်းမဟုတ်ထိုနာယကမရှိလျှင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၀။ ။အမည်တင်သွင်းလွှာများကို စီစစ်ဆုံးဖြတ်၍ အားလုံးကိုပယ်လိုက်သောကြောင့် ဖြစ်စေ၊ အမည်တင်သွင်းလွှာအားလုံးကို နှတ်သိမ်းသောကြောင့်ဖြစ်စေ၊ အရွေးခံသူ သေဆုံးသောကြောင့်ဖြစ်စေ အရွေးခံသူတဦးမျှမကျန်ရှိသောအခါတွင်၊ နိုင်ငံတော်သမတရွေးကောက် တင်မြှောက်ပွဲနှင့် ပတ်သက်သည့်အစီအစဉ်များကို အသစ်တဖန်ထပ်မံပြုလုပ်ရမည်။ ယခင်ကထုတ်ပြန်ကျေညာခဲ့သော ရက်သတ်မှတ်သည့်အမိန့်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟူ၍ မှတ်ယူရမည့်အပြင်၊ ရက်သတ်မှတ်သည့်အမိန့်ကို အသစ်တဖန်ထုတ်ပြန်ကျေညာရမည်။

၁၁။ ။အမည်တင်သွင်းလွှာများကို စီစစ်ရာတွင် အောက်ပါပုဂ္ဂိုလ်များသည်၊ တက်ရောက်နိုင်ခွင့်ရှိစေရမည်။

(က) အရွေးခံသူ။
(ခ) အရွေးခံသူကလွဲအပ်သောကိုယ်စားလှယ်။
(ဂ) အရွေးခံသူ၏တရားလွှတ်တော်ရှေ့နေ။
(ဃ) ပါလီမန်အမတ်များ။

၁၂။ ။(၁) ရက်သတ်မှတ်သည့်အမိန့်တွင် သတ်မှတ်ထားသောနေ့၌ ကျင်းပသော ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်စု၏ တွဲဘက်ညီလာခံတွင်၊ နိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲနှင့်ပတ်သက်သည့်ကိစ္စကို သာလျှင် ဆောင်ရွက်ရမည်။

(၂) ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်စု၏ ထိုတွဲဘက်ညီလာခံတွင်၊ လူမျိုးစုလွှတ်တော်နာယကသည်၊ သို့တည်းမဟုတ်ထိုနာယကမရှိလျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်၊ ထိုညီလာခံ၏ ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်ရမည်။

(၃) တွဲဘက်ညီလာခံ စတင်ကျင်းပသောအခါဥက္ကဋ္ဌသည်၊ တရားနည်းလမ်းအတိုင်း အမည်တင်သွင်းခြင်းခံရ၍ အရွေးခံသူ၏အမည်၊ သို့တည်းမဟုတ်အမည်များကို ညီလာခံသို့ကျေညာရမည်။

၁၃။ ။(၁) တရားနည်းလမ်းအတိုင်း အမည်တင်သွင်းခြင်းခံရ၍ အရွေးခံသူတဦးတည်းသာရှိလျှင်၊ ထိုသူသည်နိုင်ငံတော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသူဖြစ်သည်ဟု ဥက္ကဋ္ဌကကျေညာရမည်။ တရားနည်းလမ်းအတိုင်း အမည်တင်သွင်းခြင်းခံရ၍ အရွေးခံသူတဦးထက်ပိုလျှင်၊ တွဲဘက်ညီလာခံတွင်တက်ရောက်ကြသော ပါလီမန်အမတ်များသည်၊ လျှို့ဝှက်သော မဲဆန္ဒပေးစံနစ်ဖြင့် မဲဆန္ဒပေးရမည်။

(၂) နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲအတွက် မဲဆန္ဒကို မဲလက်မှတ်ဖြင့် ပေးရမည်။ ထိုမဲလက်မှတ်သည် ဤအက်ဥပဒေတတိယဇယားတွင် ဖေါ်ပြသည့်ပုံစံနှင့်ကိုက်ညီနိုင်သမျှ ကိုက်ညီစေ၍ အရွေးခံသူအလီးသီးနှ၏အမည်၊ မိဘအမည်၊ နေရပ်နှင့်အလုပ်အကိုင်များကို ဖေါ်ပြရမည်။

(၃) မဲလက်မှတ်တွင် အရွေးခံသူတို့၏ အမည်များကို အက္ခရာစဉ်အတိုင်း စီစဉ်၍ ထည့်သွင်းရမည်။ ထို့ပြင်မဲလက်မှတ်ပေါ်တွင် နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲအတွက် တံဆိပ်သော်ငင်း၊ ဥက္ကဋ္ဌ၏လက်မှတ်သော်ငင်း ပါရှိစေရမည်။

(၄) မဲဆန္ဒပေးလိုသောအမတ်သည်၊တွဲဘက်ညီလာခံတွင်အတွင်းဝန်အဖြစ်ဆောင်ရွက်သောအရာရှိထံမှ မဲလက်မှတ်တစောင်ကို ထိုမဲလက်မှတ်၏လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုး၍ တောင်းယူရမည်။

(၅) မဲဆန္ဒပေးသောအမတ်သည်၊ မိမိလက်မှတ်တွင် မိမိမဲဆန္ဒပေးလိုသောအရွေးခံသူတဦး၏အမည်နှင့် ယှဉ်လျက်ရှိသောဇယားကွက်တွင် ကြက်ခြေအမှတ်အသားရေးရမည်။ ထိုမဲလက်မှတ်ကိုနိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲအတွက် ထားရှိသောမဲပုံးတွင် ထည့်ရမည်။

(၆) မဲဆန္ဒရောက်ရာတွင် အောက်ပါမဲလက်မှတ်မျိုးကို ထည့်သွင်း ရေတွက်ခြင်း မပြုရ။

(က) နိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲအတွက်တံဆိပ်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ လက်မှတ်မပါသောမဲလက်မှတ်။

(ခ) ကြက်ခြေတပ်ရန် ပြထားသော ဇယားကွက်တွင် ကြက်ခြေအမှတ်ရေးသား ထားခြင်းမရှိသောမဲလက်မှတ်။

(ဂ) အရွေးခံသူနှစ်ဦး၊ သို့တည်းမဟုတ် အရွေးခံသူနှစ်ဦးထက် ပိုသောအမည်များနှင့် ယှဉ်တွဲလျက်ရှိသောဇယားကွက်များတွင် ကြက်ခြေအမှတ်အသားများ ရေးသားထားသောလက်မှတ်။

(ဃ) မည်သည့်အရွေးခံသူအတွက် ရေးသားထားသည့် ကြက်ခြေဟုမဆုံးဖြတ်နိုင်သည့် ကြက်ခြေပါသောမဲလက်မှတ်။

(င) မည်သည့်အမတ်က ပေးသောမဲဆန္ဒဟု သိနိုင်လောက်အောင် ဖေါ်ပြသည့် အမှတ်အသား၊ သို့တည်းမဟုတ် အရေးအသားပါရှိသည့်မဲလက်မှတ်။

၁၄။ ။(၁) အရွေးခံသူနှစ်ဦးသာရှိလျှင်၊ မဲအရေအတွက်ပို၍ ရသောသူကို နိုင်ငံတော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဟု ကျေညာရမည်။ ထိုအရွေးခံသူအသီးသီး ရရှိသော မဲအရေအတွက်မှာတူညီနေလျှင်၊ ဥက္ကဋ္ဌကအနိုင်မဲပေး၍ ဆုံးဖြတ်ပြီးနောက် အနိုင်ရသူကို၊ နိုင်ငံတော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဟုကျေညာရမည်။

(၂) အရွေးခံသူ နှစ်ဦးထက်ပိုလျှင်၊ ပဋမမဲရွေးရာတွင် ထိုသူတို့အနက် တဦးသော သူသည် ကျန်သူများ၌ရရှိသော မဲအစုစုပေါင်းထက်ပိုသော မဲအရေအတွက်ရရှိပါက၊ ထိုသူကို နိုင်ငံတော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဟု ကျေညာရမည်။ ထိုသို့မဲပိုရသူမရှိလျှင်၊ မဲအနည်းဆုံးရသူအားရွေးကောက်ပွဲမှပယ်၍ ကျန်အရွေးခံသူများအတွက် ထပ်မံမဲပေးခြင်းပြုရမည်။ မဲအနည်းဆုံးရသောသူများ၏ မဲအရေအတွက်ချင်းတူညီနေလျှင်၊ ထိုသူတို့အနက်မှမဲအများဆုံးရသူကိုချန်ထားပြီးလျှင်၊ ကျန်သူများကိုပယ်ရမည်။ ထိုသို့ထပ်မံမဲပေးရာတွင် အရွေးခံသူသုံးဦးသော်ငင်း၊ ထိုထက်ပိုလျှင်သော်ငင်း၊ မဲအရချင်းတူနေလျှင်၊တယောက်ယောက်ကိုချန်ထားရန်ကိစ္စအတွက်၊ ဥက္ကဋ္ဌသည် မဲချဆုံးဖြတ်ရမည်။ ဤနည်းအားဖြင့် အရွေးခံသူတယောက်သည်၊ ကျန်သူအားလုံး ရရှိသော မဲအစုစုပေါင်းထက်ပိုသော မဲအရေအတွက်ကိုရသည့်အထိ ထပ်၍ထပ်၍မဲပေးရမည်။ အရွေးခံသူနှစ်ယောက်တည်းသာကျန်သည့်အခါ၌၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်အရ၊ မဲဆန္ဒပေး၍အနိုင်ရသူကို နိုင်ငံတော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဟု ကျေညာရမည်။

၁၅။ ။ဤအက်ဥပဒေအရကျင်းပသော နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲပြီးမြောက်သောအခါ၊ နိုင်ငံဘော်သမတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူကို သမ္မတသမ္မ သက်ဦးနှစ်ဦး အမိန့်ပြန်တမ်းတွင်ထုတ်ပြန်ကျေညာရမည်။

ပဌမဇယား။

(ပုဒ်မ ၄။)

အမည်တင်သွင်းလွှာပုံစံ။

နိုင်ငံတော်သမတရွေးကောက်တင်မြှောက်ပွဲ။

အရွေးခံသူ၏ အမည် _____

အရွေးခံသူ၏ အသက် _____

အရွေးခံသူ၏ နေရပ် _____

အရွေးခံသူ၏ မွေးဖွါးရာအရပ် _____

အရွေးခံသူ၏ အလုပ်အကိုင် _____

အရွေးခံသူ၏ အဘအမည်နှင့်မွေးဖွါးရာအရပ် _____

အရွေးခံသူ၏ အမိအမည်နှင့်မွေးဖွါးရာအရပ် _____

အောက်တွင် လက်မှတ် ရေးထိုးသော ပါလီမန် အမတ်များသည်၊ အသက် ဖေါ်ပြပါ _____ အား၊ နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲတွင် အရွေးခံသူ အဖြစ် အမည်တင်သွင်းပါသည်။ အဆိုပါအမည်တင်သွင်းခြင်းခံရသူသည်၊ ရွေးကောက်ခံတင်မြှောက် ခြင်းခံရလျှင်၊ နိုင်ငံတော်သမတ၏ရာထူးကို လက်ခံဆောင်ရွက်ရန် သဘောတူသည်ဟု သိရှိပြီး ဖြစ်ပါကြောင်း။

အမှတ်စဉ်။	အမတ်အမည်။	လွှတ်တော်အမည်။	လက်မှတ်။
၁			
၂			
၃			
၄			

မှတ်ချက် _____

ဒုတိယဇယား။

(ပုဒ်မ ၀။)

လွှဲအပ်သောကိုယ်စားလှယ်စာပုံစံ။

နိုင်ငံတော်သမတ ရွေးကောက်တင်မြှောက်ပွဲ။

ကျွန်ုပ်အရွေးခံသူ_____သည်_____
အား၊ ကျွန်ုပ်၏အမည်တင်သွင်းလွှာကို စီစစ်ရာခုံးသို့ ကျွန်ုပ်၏ကိုယ်စားတက်ရောက်၍ ဆောင်ရွက်ရန်ရှိသမျှကိစ္စတို့ကို ဆောင်ရွက်ရန်ကိုယ်စားလှယ်လွှဲအပ်ပါကြောင်း။

(လက်မှတ်) _____

အသိသက်သေနှစ်ဦး၏လက်မှတ်။

_____

_____

တတိယဇယား။

(ပုဒ်မ ၁၃။)

မဲလက်မှတ်ပုံစံ။

နိုင်ငံတော်သမတရွေးကောက်
တင်မြှောက်ပွဲ။

အမှတ်စဉ် _____
အမတ်၏အမည် _____
အမတ်၏မဲဆန္ဒနယ် _____
လွှတ်တော်၏အမည် _____
အမတ်၏လက်မှတ် _____
နေ့စွဲ _____

နိုင်ငံတော်သမတရွေးကောက်
တင်မြှောက်ပွဲ။

အရွေးခံသူ။	ကြက်ခြေ။
အရွေးခံသူအမည် _____ မိဘအမည် _____ နေရပ် _____ အလုပ်အကိုင် _____	
အရွေးခံသူအမည် _____ မိဘအမည် _____ နေရပ် _____ အလုပ်အကိုင် _____	
အရွေးခံသူအမည် _____ မိဘအမည် _____ နေရပ် _____ အလုပ်အကိုင် _____	
အရွေးခံသူအမည် _____ မိဘအမည် _____ နေရပ် _____ အလုပ်အကိုင် _____	

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃။] (၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်။)

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၂၁ အရ၊ ပြည်ထောင်စု၊ နိုင်ငံဝန်ထမ်းများ ခန့်ထားရေးနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုနိုင်ငံအစိုးရကို ကူညီရန်၎င်း၊ ရာထူးမှထမ်းဆိုင်ရာ စည်းကမ်းသေဝပ်မှုကိစ္စများတွင် အကြံဉာဏ်ပေးရန်၎င်း၊ တရားဥပဒေပြဋ္ဌာန်း၍ ရာထူးဝန်အဖွဲ့ကိုထားရှိရန်လိုအပ်သည့်ပြင်၊ ထိုရာထူးဝန်အဖွဲ့ကိုဖွဲ့စည်းခြင်း၊ ထိုအဖွဲ့၏အာဏာနှင့်အလုပ်ဝတ်တရားများ၊ ထို့ပြင် ထိုအဖွဲ့ဝင်တို့၏ ရာထူးအလုပ်ဆိုင်ရာ စည်းကမ်းချက်များကို၊ ပါလီမန်၏ အက်ဥပဒေဖြင့် ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားရိုး။

အမည်နှင့်စတင် အာဏာတည် သည့်နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေ ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက် * တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ပုဒ်မ ၄ အရ ဖွဲ့စည်းထားသည့်ရာထူးဝန်အဖွဲ့ကိုဆိုလိုသည်။

(ခ) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စုနိုင်ငံ အစိုးရအဖွဲ့ကိုဆိုလိုသည်။

(ဂ) ''ရာထူးဝန်'' ဆိုသည်မှာ၊ ရာထူးဝန်အဖွဲဝင် ရာထူးဝန်ကို ဆိုလိုသည့်ပြင်၊ ထိုအဖွဲ့ဥက္ကဋ္ဌ မပါဝင်ကြောင်း အတိအလင်း ဖော်ပြထားခြင်း မရှိလျှင်၊ ထို အဖွဲ့ဥက္ကဋ္ဌပါဝင်သည်။

(ဃ) ''နိုင်ငံဝန်ထမ်းအဖွဲ့များ'' ဆိုသည်တွင်၊ ကုန်းတပ်၊ ရေတပ်နှင့် လေတပ်များမှ တပါး အခြားပြည်ထောင်စုအစိုးရ အမှုထမ်းအားလုံးပါဝင်သည်။

အက်ဥပဒေနှင့် မသက်ဆိုင် သောပုဂ္ဂိုလ် များ။

၃။ ။(၁) အခြားနည်းဖြင့် အတိအလင်း ပြဋ္ဌာန်းထားသည်မဟုတ်လျှင်၊ ဤအက်ဥပဒေသည် အောက်တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်တို့နှင့် မသက်ဆိုင်စေရ။

(က) နိုင်ငံတော် တရားဝန်ကြီးချုပ်၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီးများ၊ တရားလွှတ်တော် တရားဝန်ကြီးချုပ်နှင့် တရားလွှတ်တော်တရားဝန်ကြီးများ။

(ခ) နိုင်ငံတော်ရှေနေချုပ်နှင့်အခြားဥပဒေအရာရှိများ။

(ဂ) နိုင်ငံတော်စာရင်းစစ်ချုပ်။

(ဃ) ဘဏ္ဍာတော်မင်းကြီးများ။

(င) နိုင်ငံခြားဝန်ထမ်းအဖွဲ့ခွဲ (က) ဆိုင်ရာ ပဌမတန်းနှင့် ဒုတိယဘန်းအရာရှိများ။

---

* ဤအက်ဥပဒေသည် ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အာဏာတည်သည်။ ။(မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၅၇၁ တွင်ကြည့်ပါ)

(စ) အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများ။
(ဆ) အမြဲထိန်းဝန်၊ လွှဲအပ်ပစ္စည်းစီမံရေးဝန်၊ လူမဲ့မိုင်ပစ္စည်းထိန်းဝန်နှင့် ပစ္စည်းထိန်းဝန်။
(ဇ) နိုင်ငံတော်သမတ၏အပါးတော် ရာထမ်း မှုထမ်းများ။
(ဈ) ပြည်ထောင်စုပါလီမန်အရာရှိများ။
(ည) ပြည်ထောင်စုစစ်ရဲ။
(ဋ) သူကောင်းဖြစ် ရာထမဲးမှုထမ်းများ။
(ဌ) အခများကို၊ သို့တည်းမဟုတ် စရိတ်များကို၊ သို့တည်းမဟုတ် ဥာဏ်ပူဇော်ခကို သာရရှိသူများ။
(ဍ) ဝန်ကြီးများ၏အတွင်းရေးအဖွဲ့တွင်းဝန်များ။
(ဎ) နိုင်ငံတော်သမတက၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရာ အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်အရာရှိများ၊ သို့တည်းမဟုတ် အရာရှိ အတန်းအစား၊ သို့တည်းမဟုတ် အမှုထမ်း၊ သို့တည်းမဟုတ် အမှုထမ်းအတန်းအစား။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ ချင်းဝိသေသတိုင်းနှင့် သက်ဆိုင်ရမည်ဟု သီးခြားအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ကျေညာခြင်းမပြုလျှင် ထိုတိုင်းနှင့် မသက်ဆိုင်စေရ။

အခန်း ၂။

ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပုံနှင့် ရာထူးဝန် များ၏ ရာထူးအလုပ်ဆိုင်ရာ စည်းကမ်းချက်များ။

ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပုံနှင့် ရာထူးအလုပ်ဆိုင်ရာ စည်းကမ်းချက်များ။

၄။ ။(၁) နိုင်ငံတော်သမတ က၊ ခန့်ထားသည့် ဥက္ကဋ္ဌနှင့် အခြားနှစ်ဦးအောက်မနည်း လေးဦးထက်မပိုသည့် ရာထူးဝန်များပါဝင်သော ရာထူးဝန်အဖွဲ့တခုရှိရမည်။ သို့ရာတွင် ထိုရာထူးဝန်များအနက် အနည်းဆုံးတဦးသည်၊ မိမိအားခန့်ထားသည့်နေ့ရက်၌ အမှုထမ်းရွက်ခြင်းမှအငြိမ်းစားယူပြီးဖြစ်ရမည်ပြင်၊ အငြိမ်းစားမယူမီက ရွေးချယ်ခံအဆင့်အတန်းတွင်ဖြစ်စေ၊ နိုင်ငံဝန်ထမ်းအဖွဲ့တခုခုတွင် အလားတူ ရာထူးအဆင့်အတန်းတွင်ဖြစ်စေ၊ အမြဲတန်းရာထူး၌ အနည်းဆုံး ငါးနှစ်ထမ်းရွက်ခဲ့ဘူးသူလည်းဖြစ်ရမည်။

(၂) ရာထူးဝန်သည်၊ မိမိ၏ရာထူးကို လက်ခံသည့်နေ့ရက်မှစ၍ ငါးနှစ်ပြည့်သည်အထိ၊ သို့တည်းမဟုတ် မိမိအသက်ခြောက်ဆယ့်ငါးနှစ် ပြည့်သည်အထိ၊ ထိုရာထူးသက်တမ်း နှစ်ရပ်အနက် အလျင်ပြည့်ရာသက်တမ်းအထိသာ ရာထူးတွင်ထမ်းရွက်ရမည်။

သို့ရာတွင် ရာထူးဝန်သည်—

(က) နိုင်ငံတော်သမတထံ ကိုယ်တိုင်လက်မှတ်ရေးထိုးသည့် နုတ်ထွက်စာဖတ်သွင်း၍ နုတ်ထွက်လျှင်သော်၎င်း၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရာထူးမှနုတ်ပယ်ခြင်းခံရလျှင်သော်၎င်း ရာထူးမှရပ်စဲရမည်။

(၃) ရာထူးဝန်မှာ၊ မိမိ၏ရာထူးသက်တမ်း စေ့ကုန်သည့်အခါ၊ ထိုရာထူးတွင်ပြန်လည်ခန့်ထားခံနိုင်ခွင့်ရှိစေရမည်။ သို့သော်လည်း ရာထူးဝန်သည်၊ မိမိရာထူးမှရပ်စဲသောအခါ၊ ပြည်ထောင်စုနိုင်ငံ၏သို့တည်းမဟုတ်ပြည်နယ်များ၏အစိုးရလက်အောက်တွင် နောက်ထပ်ရာထူးယူနိုင်ခွင့်မရှိစေရ။

အရည်အချင်းပျက်ယွင်းခြင်း။

၅။ ။ရာထူးဝန်တဦးဦးသည်—

(က) မိမိ၏တာဝန်ဝတ်တရားများကိုထာဝစဉ်မပျက်မကွက်မဆောင်ရွက်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမဲ့အဖြစ် ဆုံးဖြတ်ကြေညာခြင်း ခံရလျှင်၊သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်လျှင်၊ သို့တည်းမဟုတ်

(ဃ) ရာထူးထမ်းရွက်နေဆဲကာလအတွင်း၊ မိမိ၏ရာထူးနှင့်သက်ဆိုင်သော တာဝန်ဝတ်တရားများမှအပ၊ အခြားလစာရ အလုပ်တခုခုကို လုပ်ကိုင်လျှင်၊သို့တည်းမဟုတ်

(င) တရားဥပဒေအရ ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏အဖွဲ့ဝင်အဖြစ်ဖြင့် အခြားအဖွဲ့ဝင်များနည်းတူ၊ အကျိုးခံစားရသူအဖြစ်မှတပါး၊အစိုးရကဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ၊ ပြုလုပ်သည့် ပဋိညာဉ်၊ သို့တည်းမဟုတ် သဘောတူစာချုပ် တခုခုတွင် တနည်းနည်းဖြင့် ပတ်သက်သူ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်သူဖြစ်လျှင်၊ သို့တည်းမဟုတ် ဖြစ်လာလျှင်၊ သို့တည်းမဟုတ် ထိုပဋိညာဉ်၊ သို့တည်းမဟုတ် ထိုသဘောတူစာချုပ်နှင့် ဖြစ်ပွါးသည့် အကျိုးအမြတ်အစွန်းများတွင် ဖြစ်စေ၊ လစာစရိတ်ကြေးငွေတွင် ဖြစ်စေ၊ တနည်းနည်းဖြင့် ပါဝင် ခံစားလျှင်၊သို့တည်းမဟုတ်

(စ) စိတ်ပေါ့သွပ်သည်၊ သို့တည်းမဟုတ် မစွမ်းမသန်သည့်အကြောင်းကြောင့် ရာထူးတွင်ဆက်လက်ထမ်းရွက်ရန် မသင့်လျော်ဟု နိုင်ငံတော်သမတ ကဆင်ခြင်လျှင်၊ သို့တည်းမဟုတ်

(ဆ) မိမိ၏ ရာထူးအဆင့်အဘန်းနှင့် မသင့်မလျော်သော အပြုအမူကို ပြုမူသည်ဟုနိုင်ငံတော်သမတ ကဆင်ခြင်လျှင်

ထိုရာထူးဝန်ကို နိုင်ငံတော်သမတက ရာထူးမှနုတ်ပယ်ရမည်။

ရာထူးဝန်အဖြစ်ခန့်ထားခြင်းခံရသည့်နိုင်ငံဝန်ထမ်း၏အခွင့်အရေး။

၆။ ။ပြည်ထောင်စု နိုင်ငံဝန်ထမ်း အဖွဲ့ဝင်ဖြစ်သောမည်သည့် အရာရှိကိုမဆို၊ ရာထူးဝန်အဖြစ်ခန့်ထားလျှင်၊ ထိုအရာရှိ၏ လက်ရှိအခွင့်အရေး အားလုံးနှင့်ရရှိမည့် အခွင့်အရေးအားလုံးကို သတ်မှတ်ရန်ကိစ္စအလိုငှါ၊ထိုရာထူးဝန်အဖြစ်ဖြင့် အမှုထမ်းရွက်ခြင်းသည်၊ ပြည်ထောင်စုနိုင်ငံဝန်ထမ်းအဖွဲ့တွင် အမှုထမ်းရွက်ခြင်းဖြစ်သည်ဟုယူဆရမည်။

ဥက္ကဋ္ဌနှင့် ရာထူးဝန် ခေတ္တခန့်ထားခြင်း။

၇။ ။(၁) ဥက္ကဋ္ဌမကျန်းမာလျှင်သော်၎င်း၊ ရာထူးမှ ခေတ္တချထားခြင်း ခံရလျှင်သော်၎င်း၊ အခွင့်ယူသဖြင့်အလုပ်ခွင်တွင် မရှိလျှင်သော်၎င်း၊ နိုင်ငံတော်သမတသည်၊ ထိုဥက္ကဋ္ဌမကျန်းမာသည့်အတွင်းတွင်ဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်းခံရသည့်အဘွင်းတွင်ဖြစ်ခဲ့၊ ယင်းသို့ အလုပ်ခွင်တွင်မရှိသည့်အတွင်းတွင်ဖြစ်စေ၊ အခြားရာထူးဝန်များထဲမှ တဦးဦးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ခန့်ထားရမည်။

(၂) ရာထူးဝန်တဦးဦးမကျန်းမာလျှင်သော်၎င်း၊ရာထူးမှခေတ္တချထားခြင်းခံရလျှင်သော်၎င်း၊ အခွင့်ယူသဖြင့် အလုပ်ခွင်တွင် မရှိလျှင်သော်၎င်း၊ နိုင်ငံတော်သမတသည်၊ ထိုရာထူးဝန်မကျန်းမာသည့်အတွင်းတွင်ဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်း ခံရသည့်အတွင်းတွင်ဖြစ်စေ၊ ယင်းသို့ အလုပ်ခွင်တွင်မရှိသည့်အတွင်းတွင်ဖြစ်စေ၊ တဦးတယောက်သောသူကို ရာထူးဝန်အဖြစ်ဆောင်ရွက်ရန်ခန့်ထားနိုင်သည်။

ဒိုက်နာရန်နည်းလမ်းများနှင့်အဖွဲ့၏လုပ်ငန်းများ။

၈။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ရာထူးဝန်အဖွဲ့သည် နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ မိမိတို့လိုက်နာရမည့် နည်းလမ်းများနှင့်အဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ရန်စည်းမျဉ်းဥပဒေများပြုလုပ်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရသာဘောရှိုးဖြင့်ဆောင်ရွက်သည့်သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြိုးစားခဲ့ခြင်းကိုတားမြစ်ခြင်း။ ရွယ်သည့်ကိစ္စအတွက် မည်သည့်ရာထူးဝန်ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

၁၀။ ။ဥက္ကဋ္ဌနှင့်အခြားရာထူးဝန်များသည်၊ဤအက်ဥပဒေအရပြုလုပ်ထားသည့်နည်းဥပဒေများတွင်သတ်မှတ်ထားသောလစာ၊ စရိတ်ကြေးငွေမှတပါး အခြားမည်သည့်လစာ၊ စရိတ်ကြေးငွေ၊ သို့တည်းမဟုတ် စရိတ်ငွေများကိုမျှမရရှိစေရ။ လစာနှင့်စရိတ်ကြေးခွင့်။

၁၁။ ။ရာထူးဝန်တဦးသည်— ရာထူးလစ်လပ်ခြင်း။

(က) ရာထူးသက်တမ်းစေ့ကုန်သော်၊

(ခ) သေဆုံးသော်၊

(ဂ) ရာထူးမှနုတ်ပယ်ခြင်းခံရသော်၊

(ဃ) နိုင်ငံတော်သမတထံသို့ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ နုတ်ထွက်စာတင်သွင်းခြင်းအားဖြင့်ရာထူးမှနုတ်ထွက်သော်၊

(င) အခွင့်အာဏာရှိသူက ပေးသည့်ခွင့်ပြုချက်နှင့်မှတပါး၊ တာဝန်ဝတ်တရား ဆောင်ရွက်ရန် ၁၄ ရက်တဆက်တည်း မလာမရောက်ဘဲနေခဲ့သော်၊ သို့တည်းမဟုတ် မည်သည့် ဆယ့်နှစ်လအတွင်းမဆို ရက်ပေါင်း ၂၀ ရက်မျှ မလာမရောက်ဘဲ နေခဲ့သော်

ထိုရာထူးဝန်၏နေရာသည် ထိုအခါလစ်လပ်သည်ဟု မှတ်ယူရမည်။

အခန်း ၃။

အာဏာများနှင့်အလုပ်ဝတ်တရားများ။

၁၂။ ။(၁) နိုင်ငံဝန်ထမ်းအဖွဲ့များနှင့် မြို့ပြဆိုင်ရာ ရာထူးများတွင်ခန့်ထားရန် နည်းလမ်းများနှင့်ငင်း၊ ထိုသို့ခန့်ထားရာ၌ လိုက်နာရမည့်မူများနှင့်ငင်း၊ စည်းလျဉ်းသည့် ကိစ္စအရပ်ရပ်တွင် သက်ဆိုင်ရာ အာဏာပိုင်များသည် အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခြင်း။

(၂) နိုင်ငံဝန်ထမ်းအဖွဲ့ အောက်တန်းရာထူးနှင့် အထက်တန်းရာထူးများတွင် ခန့်ထားမည့်သူများနှင့်ပတ်သက်၍၊ သင့်တော်သည် မသင့်တော်သည်ကို သက်ဆိုင်ရာ အာဏာပိုင် များသည် အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရမည်။

သို့ရာတွင် ခြောက်လထက်မပိုသော ကာလအပိုင်းအခြားအတွက် ခေတ္တခန့်ထားခြင်း ဖြစ်လျှင်၊ ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရန် မလိုအပ်စေရ။

၁၃။ ။အဖွဲ့မှနိုင်ငံဝန်ထမ်း အောက်တန်းရာထူးနှင့် အထက်တန်းရာထူးများ၌ ခန့်ထားရန်အတွက် စာမေးပွဲများကျင်းပရန် တာဝန်ရှိစေရမည်။ စာမေးပွဲကျင်းပခြင်း။

၁၄။ ။(၁) ရာထမ်းမှထမ်းများအား နိုင်ငံဝန်ထမ်းအောက်တန်းရာထူးမှ အထက်တန်းရာထူးသို့ငင်း၊ အထက်တန်းရာထူးမှ ရွေးချယ်ခံအဆင့်အတန်းသို့ငင်း၊ အမြဲတန်း ရာထူးတိုးမြှင့်ပေးရန် ဖြစ်စေ၊ နိုင်ငံဝန်ထမ်းတဖွဲ့မှ အခြားတဖွဲ့သို့အမြဲတန်း ရွှေ့ပြောင်းခေါ်ယူရန်ဖြစ်စေ သင့်တော်သည်၊ မသင့်တော်သည်ကို သက်ဆိုင်ရာအာဏာပိုင်များသည် အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။ ရာထူးတိုးမြှင့်ခြင်း၊ ရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခြင်း။

---

(၂) ရာထမ်းမှုထမ်းများအား၊ ခေတ္တရာထူးဘိုးမြှင့်ပေးရန်၊ သို့တည်းမဟုတ် နိုင်ငံဝန်ထမ်းတဖွဲ့မှအခြားတဖွဲ့သို့ ယာယီရွှေ့ပြောင်းပေးရန် သင့်တော်သည်၊ မသင့်တော်သည်ကိုလည်း၊

(က) ရာထူးခေတ္တမလစ်လပ်မီကဖြစ်စေ၊ လစ်လပ်သည့် အခါကဖြစ်စေ၊ အဆိုပါ ရာထူးသည် ခြောက်လထက်ကျော်လွန်၍ လစ်လပ်လိမ့်မည်ဟုသိလျှင်၊ ထိုရာထူးတွင် မခန့်ထားမီ၊သို့တည်းမဟုတ် ထိုရာထူးသို့မရွှေ့ပြောင်းမီ၊

(ခ) ခေတ္တလစ်လပ်သည့်ရာထူးသို့ တိုးမြှင့်၍ဖြစ်စေ၊ ရွှေ့ပြောင်း၍ဖြစ်စေ ထိုရာထူးတွင် ခန့်ထားပြီးနောက် မည်သည့်အခါမဆို၊ ထိုရာထူးသည် ခြောက်လထက် ကျော်လွန်၍လစ်လပ်လိမ့်မည်ဟုသိလျှင်၊ ထိုသို့သိသည်နှင့်တပြိုင်နက်

အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။

သို့ရာတွင် ရာထမ်း မှုထမ်းတဦးအား၊လစ်လပ်သောရာထူးသို့ ခေတ္တဘိုးမြှင့်ခန့်ထားခြင်းသည်၊ သို့တည်းမဟုတ် ခေတ္တရွှေ့ပြောင်းခြင်းသည်၊ ခြောက်လထက်မပိုသည့် ကာလအပိုင်းအခြားအတွက်ဖြစ်လျှင် အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရန် မလိုအပ်စေရ။

စည်းကမ်းသေဝပ်မှုနှင့်စပ်လျဉ်း၍အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ခြင်းနှင့်အဖွဲ့က အကြံဉာဏ် ပေးရမည့် တာဝန်။

* ၁၅။ ။နိုင်ငံဝန်ထမ်းအဖွဲ့များနှင့်ယေဘုယျအားဖြင့် သက်ဆိုင်သည့် စည်းကမ်းသေဝပ်မှုကိစ္စအားလုံးဘွင် အဖွဲ့နှင့်ညှိနှိုင်း တိုင်ပင်ရမည်။ အဖွဲ့မှာ ထိုကိစ္စများတွင် အစိုးရအားအကြံဉာဏ် ပေးရမည့်တာဝန်ရှိသည်။

စည်းကမ်းသေဝပ်မှုနှင့်စပ်လျဉ်း၍ အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ခြင်း။

* ၁၆။ ။ဤအက်ဥပဒေအရ လိုအပ်သည့်အတိုင်း အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက် ခန့်ထားသည့်၊ သို့တည်းမဟုတ် ရာထူးတိုးမြှင့်ပေးသည့် အစိုးရရာထမ်းမှုထမ်းကို၊ အဖွဲ့နှင့်ကြိုတင်မတိုင်ပင်ဘဲ ရာထူးမှ အမြဲထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ရာထူးမှနုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ရာထူးမှလျော့ချခြင်းမပြုရ။ ထို့ပြင် အဆိုပါရာထမ်းမှုထမ်းအပေါ်တွင် ထိုသို့ချမှတ်သည့်ပြစ်ဒဏ်တခုခုနှင့် စပ်လျဉ်း၍သော်၎င်း၊ အခြားပြစ်ဒဏ်တခုခုနှင့်စပ်လျဉ်း၍သော်၎င်း တင်သွင်းသောအယူခံလွှာ၊ သို့တည်းမဟုတ်အသနားခံလွှာအားလုံးနှင့်သက်ဆိုင်သည့်ကိစ္စတွင်လည်းအဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။

ရှင်းလင်းချက် ၁။ ။(က) အစမ်းခန့်ထားသည့် ကာလအပိုင်းအခြား အတွင်း အစမ်းခန့်ထားသူအား ရာထူးမှထွက်စေခြင်းသည်၎င်း၊

(ခ) ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ခန့်ထားသူအား ရာထူးမှထွက်စေခြင်းသည်၎င်း၊

(ဂ) ပဋိညာဉ်စာချုပ်ဖြင့် မဟုတ်ဘဲ၊အခြားနည်းဖြင့် ယာယီရာထူးတွင်ခန့်ထားသူအား ခန့်ထားသည့် ကာလ အပိုင်းအခြားကုန်ဆုံးသည့်အခါ ရာထူးမှထွက်စေခြင်းသည်၎င်း

ဤပုဒ်မ၏ အဓိပ္ပါယ်သဘောအရ ရာထူးမှအမြဲတန်းထုတ်ပယ်သည် ဟူ၍သော်၎င်း၊ ရာထူးမှနုတ်ပယ်သည်ဟူ၍သော်၎င်း မမှတ်ယူရ။

* ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅ အရ အစားထည့်သွင်းသည်။

ရှင်းလင်းချက် ၂။ ။မိမိရာထူးထက် မြင့်သောရာထူးတွင် ခေတ္တဝင်ရောက် ထမ်းရွက်သည့် အစိုးရ ရာထမ်းမှထမ်းတဲ့ မိမိ၏အမြဲတန်းရာထူးသို့ ပြန်ရောက်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ် သဘောအရ ရာထူးလျှော့ကျသည်ဟု မမှတ်ယူရ။

၁၇။ ။မြို့ပြဆိုင်ရာဝန်ထမ်းအဖြစ်ဖြင့်အစိုးရအမှုထမ်းရွက်နေသူ၊ သို့တည်းမဟုတ်ထမ်းရွက်ခဲ့ သူကဖြစ်စေ၊ ထမ်းရွက်နေသူ၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သူအတွက်ဖြစ်စေ၊ မိမိ၏တာဝန်ဝတ်တရား များကို ဆောင်ရွက်ရာ၌ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုသည့်သဘော သက်ရောက်သော အပြုအမူ များနှင့် စပ်လျဉ်း၍စွဲဆိုသည့်အမှုများတွင် မိမိကုန်ကျသည့်၊ သို့တည်းမဟုတ် ကုန်ကျမည့်စရိတ်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများမှ ထုတ်ပေးရန်တောင်းဆိုသောအခါ၊ ရာထူးဝန်အဆဲနှင့် ညီနှိုင်းတိုင်ပင်ရမည်။ တရားစရိတ်။

၁၈။ ။ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ အက်ဥပဒေ စတင်အာဏာတည်သည့်အချိန် တွင်၊ အစိုးရအမှုထမ်းရွက်လျက်ရှိသူ အားလုံးနှင့် သက်ဆိုင်ရမည်။ ထိုအမှုထမ်းရွက်သူများကို၊ ဤ အက်ဥပဒေနှင့်အညီ အဆဲကိုညှိနှိုင်းတိုင်ပင်ပြီးမှ နိုင်ငံဝန်ထမ်းအဆဲတွင် ခန့်ထားသည်ဟု၊ သို့တည်း မဟုတ် အမြဲတန်းရာထူးတိုးမြှင့်ပေးသည်ဟု မှတ်ယူရမည်။ အက်ဥပဒေနှင့် သက်ဆိုင်ခြင်း။

အခန်း ၄။

အရပ်ရပ်။

၁၉။ ။အဆဲသည်၊ မိမိဆောင်ရွက်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍၊ နိုင်ငံတော်သမတထံ နှစ်စဉ်အစီရင်ခံစာတင်သွင်းရမည်။ အစီရင်ခံစာ။

၂၀။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရန်၊ နည်းဥပဒေ နည်းဥပဒေများ[၀] ပြဋ္ဌာန်းနိုင်သည်။ အထူးသဖြင့် ထိုနည်းဥပဒေများသည်အောက်ပါတို့ကိုပြဋ္ဌာန်းနိုင်သည်။ ပြဋ္ဌာန်းခြင်း။

(က) ရာထူးဝန်များ၏ လစာသတ်မှတ်ခြင်း။
(ခ) ရာထူးဝန်များအား၊ အခွင့်ပေးခြင်း။
(ဂ) ရာထူးဝန်များအား၊ ပင်ရှင်လစာငွေ၊ သို့တည်းမဟုတ် အထူးဆုငွေပေးခြင်း။
(ဃ) ရာထူးဝန်များအား၊ ခရီးစရိတ်ပေးခြင်း။

မီးသတ်ဝန်ထမ်း နှင့် မီးသတ်အဆဲအက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၆။] (၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ မီးသတ် ဝန်ထမ်း နှင့် မီးသတ် အဆဲ အက်ဥပဒေဟု ခေါ်ရမည်။

---

[၀] ဤဆက်ဥပဒေအရ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၅၇၂ တွင် ထုတ်ပြန်ကြေညာသည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်အရပ်ဒေသများတွင်၊ ယင်းသို့ သတ်မှတ်သည့်နေ့ရက်များ၌ [၁] အာဏာတည်ရမည်။ ထို့အပြင် နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက်ဥပဒေကို အဆိုပါအရပ်ဒေသတခုခုမှ ရုပ်သိမ်းနိုင်သည်။

(၃) ဤအက်ဥပဒေသည် နိုင်ငံတော်သမတ က ချင်းဝိသေသတိုင်းနှင့်သက်ဆိုင်ရမည်ဟု သီးခြားအမိန့်ကြော်ငြာစာထုတ်ပြန်၍ ကျေညာခြင်းမပြုလျှင်၊ ထိုတိုင်းနှင့်မသက်ဆိုင်စေရ။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့'' ဆိုသည်မှာ၊ပုဒ်မ ၃ အရ၊ နိုင်ငံတော်သမတက၊ ဖွဲ့စည်းသည့် (၁) ဗဟိုမီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၊ (၂) ခရိုင် မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၊ (၃) မြို့နယ် မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့နှင့် (၄) ရန်ကုန်မြို့ မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ အသီးသီးတို့ကို ဆိုလိုသည်။

(ခ) ''မီးသတ်အဖွဲ့''ဆိုသည်မှာ၊ တည်ဆဲတရားဥပဒေ တခုခုအရ ဖွဲ့စည်းထားသည့် မီးသတ်အဖွဲ့၊ သို့တည်းမဟုတ် စေတနာဝန်ထမ်းအဖြစ်ဖြင့် ဖွဲ့စည်းထားသည့် မည်သည့်မီးသတ်အဖွဲ့ကိုမဆို၊ဆိုလိုသည်။

(ဂ) ''ညွှန်ကြားရေးဝန်''ဆိုသည်မှာ၊ နိုင်ငံတော်သမတ က၊ ပုဒ်မ ၅ (၁)အရ ခန့်ထားသည့် မီးသတ်ဝန်ထမ်းညွှန်ကြားရေးဝန်ကို ဆိုလိုသည်။

(ဃ) ''မီးသတ်ဝန်ထမ်း''ဆိုသည်မှာ၊ နိုင်ငံတော်သမတ က၊ ခန့်အပ်ထားသော မီးသတ်ဌာနပြန်တမ်းဝင်အရာရှိများနှင့် ညွှန်ကြားရေးဝန်က ခန့်ထားသော ပြန်တမ်းဝင်မဟုတ်သော အရာရှိများအားလုံးကို ဆိုလိုသည်။

(င) ''မီးသတ်အာဏာပိုင်'' ဆိုသည်မှာ၊ မီးသတ်ဝန်ထမ်း ညွှန်ကြားရေးဝန်၊ ဒုတိယ ညွှန်ကြားရေးဝန်၊ လက်ထောက် ညွှန်ကြားရေး ဝန်များ၊ ခရိုင်မီးသတ် အရာရှိများ၊ မီးသတ်စစ်ဆေးရေးမှူးများ၊ လက်ထောက် ခရိုင်မီးသတ်အရာရှိများနှင့် မီးသတ်အဖွဲ့တာဝန်ခံမိုလ်များပါဝင်သည်။

(စ) ''ခရိုင်''ဆိုသည်မှာ၊ အခွန်နှင့်အရပ်ရပ် စီရင်အုပ်ချုပ်မှုအလို့ငှါ၊ ခရိုင်အဖြစ် ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ခရိုင်အဖြစ်ဖွဲ့စည်းထားသည့် အရပ်ဒေသကိုဆိုလိုသည်။

(ဆ) ''မြို့နယ်''ဆိုသည်မှာ၊ အခွန်နှင့်အရပ်ရပ်စီရင်အုပ်ချုပ်မှုကိစ္စအလို့ငှါ၊ မြို့နယ်အဖြစ် ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ မြို့နယ်အဖြစ် ဖွဲ့စည်းထားသည့် ဒေသကို ဆိုလိုသည်။ ထိုစကားရပ်တွင် မြို့များအက်ဥပဒေအရမြို့ဟုအဓိပ္ပါယ်ဖေါ်ပြထားသည့်အရပ်ဒေသ၊သို့တည်းမဟုတ်

---

[၁] ဤအက်ဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း (၁) ပြည်နယ်များ၊ (၂) သံတွဲခရိုင်၊ (၃) ကျောက်ပြုခရိုင်၊ (၄) နာဂတောင်တန်းခရိုင်နှင့် (၅) မော်လိုက်ခရိုင်များမှအပ ကျန်ဒေသများတွင် (ရန်ကုန်မြို့အပါအဝင်)၊ ၁၉၅၄ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာတည်သည်။ ။(မြန်မာနိုင်ငံပြည်တော်၊ ၁၉၅၄ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၇ တွင်ကြည့်။)

မြို့နိုစီပါယ် အက်ဥပဒေအရ ကျေညာထားသည့် မြို့မ ဟူသော အရပ်ဒေသ လည်း ပါဝင်သည်။

(၈) ''မီးသတ်ကိရိယာ'' ဆိုသည်မှာ၊ မီးသတ်ရာဌအသုံးပြုသည့်မီးသတ်စက်များ၊ အသက်ကယ်ဆယ်ရန် ကိရိယာများနှင့် အခြား ကိရိယာတန်ဆာ အရာဝတ္ထုဟူသမျှကို ဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နောက်တွဲမီး စက် စသည့်သယ်ယူပို့ဆောင်ရေး ယာဉ်များ လည်း ပါဝင်သည်။

(၈၂) ''ဘေးအန္တရာယ်ဖြစ်စေတတ်သည့်ဝတ္ထုပစ္စည်း'' ဆိုသည်မှာ၊ ဝါး၊ ကော်ဖြင့်လုပ်သော ကုန်ပစ္စည်း၊ မီးသွေး၊ ရွှံရွှင်ကော်ပြား၊ ကျောက်မီးသွေး၊ အုန်းဆံ၊ ဓနို၊ သက်ငယ်၊ ဝါးကပ်၊ ဝါးထရံ၊ ကျူထရံ၊ ဂုံနီလျှော်၊ ပိုက်ဆံလျှော်မျှင်၊ မြက်ခြောက်၊ ကောက်ရိုး၊ မီးခြစ်၊ ဓါတ်ဆီ၊ ဆီအမျိုးမျိုးနှင့် နိုင်ငံတော်သမတ က၊ အခါအားလျော်စွာ သတ်မှတ်သည့် အခြား ဝတ္ထုပစ္စည်းများကို ဆိုလိုသည်။

(ည) ''ပေါက်ကွဲစေတတ်သည့်ဝတ္ထုပစ္စည်း'' ဆိုသည်မှာ၊ ယမ်း၊ ယမ်းဘီလူး၊ ယမ်းသွင်းဂွမ်း၊ ပေါက်ကွဲစေတတ်သည့်ယမ်း၊ ပြဒါးဆား၊ အခြားသတ္တုဆား၊ ရောင်စုံမီးယမ်းနှင့်လောင်ဆီ၊ ထို့ပြင် အထက်တွင်ဖော်ပြထားသည့် ဝတ္ထုပစ္စည်းများနှင့်အလားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပေါက်ကွဲစေရန်၊ သို့တည်းမဟုတ် မီးရှူးမီးပန်းများကဲ့သို့ ပေါက်ကွဲစေရန် ရည်ရွယ်၍ အသုံးပြုသည့်၊ သို့တည်းမဟုတ် ပြုလုပ်သည့် အခြား ဓါတ်ဝတ္ထုပစ္စည်း ဟူသမျှကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် နှင်းခဲအထိမ်းအမှတ်၊ မီးရှူးမီးပန်း၊ စနက်၊ ဒုန်း၊ စနက်ခွံ၊ စနက်မောင်း၊ ယမ်းတောင့်၊ ခဲယမ်း မီးကျောက် အမျိုးမျိုးနှင့် အထက်တွင် အမြဲပါဝင်ဖော်ပြထားသည့် အတိုင်း ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းဖြစ်အောင် ပြုပြင်စီမံထားသည့် ဝတ္ထုပစ္စည်း ဟူသမျှလည်း ပါဝင်သည်။

(ဋ္ဌ) ''အလုပ်ရုံ'' ဆိုသည်မှာ၊ အလုပ်သမားပေါင်း တဆယ်၊ သို့တည်းမဟုတ် ထို့ထက်ပိုမိုသည့် အလုပ်သမားများလုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်ဆယ့်နှစ်လအတွင်း မည်သည့်ရက်တွင်မဆို လုပ်ခဲ့နေခဲ့သည့်ပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သော အစိတ်အပိုင်းတခုခုတွင်၊ အားအကူအညီဖြင့် လုပ်နေသည့်၊ သို့ဘည်းမဟုတ် သာမန်အားဖြင့် လုပ်သည့်အဆောက်အအုံတခုခုနှင့်တကွ ဥပစာကိုပါ ဆိုလိုသည်။ ထို့ပြင် အလုပ်ရုံ ဆိုသည်တွင် အလုပ်သမားပေါင်း နှစ်ဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများလုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း မည်သည့်ရက်တွင်မဆို လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သည့် အစိတ်အပိုင်းတခုခုတွင်၊ အားအကူအညီမရှိဘဲလုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်၊ ပင်းသို့လုပ်သည့် အဆောက်အအုံတခုခုနှင့်တကွ ဥပစာလည်းပါဝင်သည်။ သို့ရာတွင် သတ္တုတွင်း အက်ဥပဒေနှင့် သက်ဆိုင်သည့်သတ္တုတွင်း မပါဝင်ချေ။

(ဋ္ဌ) ''ပွဲလမ်းသဘင်'' ဆိုသည်မှာ၊ လူများဝင်ကြေးပေး၍ ဝင်ရောက် ကြည့်ရှုခွင့်ရသော ပြိုပွဲ၊ ပြိုင်ပွဲ၊ အပြိုမ့်၊ ပြဇာတ်၊ ရုပ်ရှင်၊ ဇာတ်ပွဲ၊ သို့တည်းမဟုတ် အခြားဖျော်ဖြေရှင်ပွဲများပါဝင်သည်။

(၃) ''နည်းဥပဒေ'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသောနည်းဥပဒေကို ဆိုလိုသည်။

(၈) ''မီးသတ်အစည်းအရုံး'' ဆိုသည်မှာ၊ နည်းဥပဒေအရ၊ ဖွဲ့စည်းသောမီးသတ် အစည်းအရုံးကို ဆိုသည်။

၃။ ။(၁) နိုင်ငံတော်သမတသည်၊ မီးဘေးလုံခြုံရေးနှင့် မီးသတ်အဖွဲ့များအားကြီး ကြပ်ရန်အလို့ငှါ၊ မဟိမီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေး အဖွဲ့များ၊ မြို့နယ်မီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေးအဖွဲ့များနှင့် ရန်ကုန်မြို့ မီးဘေးလုံခြုံရေးနှင့် ကြီးကြပ် ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် မီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေးအဖွဲ့အသီးသီး တို့၏ အချင်းချင်း ဆက်ဆံရေးနှင့် ကြီးကြပ်ရေးတို့မှာ နိုင်ငံတော်သမတ က ပြဋ္ဌာန်းသည့်နည်းဥပဒေများ အရဖြစ်ရမည်။

(၃) မီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ အသီးသီးသည်၊ အောက်ပါ ကိစ္စများကို ဆောင်ရွက်ရမည်။

(က) သက်ဆိုင်ရာမီးသတ်အဖွဲ့များအား ကြီးကြပ်ရန်ကိစ္စ။

(ခ) သက်ဆိုင်ရာ မီးသတ်အဖွဲဝင်များအတွက် လိုအပ်သော ပညာသင်ကြား လေ့ကျင့်ရေးကို ညွှန်ကြားရန်ကိစ္စ။

(ဂ) သက်ဆိုင်ရာ မီးသတ်အဖွဲဝင်များ၏ စည်းကမ်းသေဝပ်ရေးကိစ္စ။

(ဃ) သက်ဆိုင်ရာ မီးသတ်အဖွဲဝင်များ၏ ဆင်တူ အဝတ်တန်ဆာ ဝတ်ဆင်ရေး ကိစ္စ။

(င) မီးဘေးလုံခြုံရေး၊ မီးငြိမ်းသတ်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စ အောင်မြင်စေရန် သက်ဆိုင်ရာအစိုးရဌာနများနှင့်သော်၎င်း၊ သက်ဆိုင်ရာ ဒေသန္တရအဖွဲများ နှင့်သော်၎င်း စီစဉ်ဆက်သွယ်၍ ဆောင်ရွက်ရန်ကိစ္စ။

(စ) မီးဘေးလုံခြုံရေးနှင့် စပ်လျဉ်းသည့် စီမံ ဆောင်ရွက်ချက်များနှင့် အကြံဉာဏ် ပေးချက် များကို အခါအားလျော်စွာ နိုင်ငံတော် သမတ ထံ အစီရင်ခံရန် ကိစ္စ။

(ဆ) နိုင်ငံတော်သမတ က မီးဘေးလုံခြုံရေးနှင့် မီးသတ်အဖွဲ့များကြီးကြပ်မှုအတွက် နည်းဥပဒေဖြင့် သတ်မှတ်သည့် အခြားကိစ္စများ။

(၄) မဟိမီးဘေးလုံခြုံရေးနှင့် ကြီးကြပ်ရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) နိုင်ငံတော်အစိုးရအတွင်းဝန်ချုပ် (ဥက္ကဋ္ဌ)။

(ခ) နိုင်ငံတော် ရဲဒိုလ်ချုပ်ကြီး၊ သို့ဘည်းမဟုတ် ဒုတိယရဲဒိုလ်ချုပ်ထက် အဆင့် အဘန်းမငယ်သော ၎င်း၏ကိုယ်စားလှယ်တဦး။

(ဂ) အလုပ်ရုံများဆိုင်ရာ အင်စပက်တော်ချုပ်။

(ဃ) ဒေသန္တရ အုပ်ချုပ်ရေး ဝန်ကြီးဌာန အတွင်းဝန်၊ သို့တည်းမဟုတ် ဒုတိယ အဘွင်းဝန်ထက်မငယ်သော ဌာနဆိုင်ရာ ကိုယ်စားလှယ်တဦး။

(င) မီးသတ်ဝန်ထမ်းညွှန်ကြားရေးဝန် (အတွင်းရေးမှူး)။

(စ) မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး၏ ကိုယ်စားလှယ်နှစ်ဦး။

(ဆ) နိုင်ငံတော်သမတ က ခန့်အပ်သောပုဂ္ဂိုလ်နှစ်ဦး။

(၅) ခရိုင်မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ခရိုင်ဝန် (ဥက္ကဋ္ဌ)။
(ခ) ခရိုင်ရဲဗိုလ်မှူး။
(ဂ) ခရိုင်ရုံးစိုက်ရာမြို့မှ မြို့နိုစီပါယ်ဥက္ကဋ္ဌ။
(ဃ) ခရိုင်မီးသတ်အရာရှိ (အတွင်းရေးမှူး)။
(င) ခရိုင်မီးသတ်အစည်းအရုံးမှ ကိုယ်စားလှယ်နှစ်ဦး။
(စ) နိုင်ငံတော်သမတ က ခန့်အပ်သောပုဂ္ဂိုလ်နှစ်ဦး။
(ဆ) မြို့နိုစီပါယ်မီးသတ်အရာရှိချုပ်ရှိလျှင် ထိုအရာရှိ။

(၆) မြို့နယ်မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) မြို့ဝိုင် (ဥက္ကဋ္ဌ)။
(ခ) မြို့နယ်တွင် တိုက်ဝိုင်ရဲအရာရှိ ရှိလျှင် ၎င်းပုဂ္ဂိုလ်၊ ၎င်းပုဂ္ဂိုလ်မရှိလျှင် ဌာနာဝိုင်ရဲအရာရှိ။
(ဂ) မြို့နယ်ရုံးစိုက်ရာမြို့မှ မြို့နိုစီပါယ်ရှိလျှင် မြို့နိုစီပါယ်ဥက္ကဋ္ဌ။
(ဃ) မြို့နယ်မီးသတ် အစည်းအရုံးမှ ကိုယ်စားလှယ် နှစ်ဦး (တဦးဦး— အတွင်းရေးမှူး)။
(င) နိုင်ငံတော်သမတ က ခန့်အပ်သည့်ပုဂ္ဂိုလ်နှစ်ဦး။

(၇) ရန်ကုန်မြို့ မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ခရိုင်ရာဇဝတ်တရားသူကြီး (ဥက္ကဋ္ဌ)။
(ခ) ရန်ကုန်ရဲဗိုလ်ချုပ်။
(ဂ) ရန်ကုန်မြို့နိုစီပါယ်မင်းကြီး။
(ဃ) ဒုတိယမီးသတ် ညွှန်ကြားရေးဝန် (အတွင်းရေးမှူး)။
(င) ရန်ကုန်မြို့လုံးဆိုင်ရာ မီးသတ်အစည်းအရုံးမှ ကိုယ်စားလှယ်နှစ်ဦး။
(စ) ရန်ကုန်မြို့နိုစီပါယ်မီးသတ်အရာရှိချုပ်။
(ဆ) နိုင်ငံတော်သမတက ခန့်အပ်သောပုဂ္ဂိုလ်နှစ်ဦး။

(၈) မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် ခန့်အပ်သော ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမတက၊ သတ်မှတ်သောစရိတ်ကြေးငွေများ ရရှိနိုင်သည်။

၄။ ။(၁) ဤအက်ဥပဒေ စတင် အာဏာတည်သည့်နေ့တွင် ညွှန်ကြားရေးဝန်သည် မဟိမီးသတ်လုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ၍၊ မီးသတ်အဖွဲ့အားလုံးနှင့်၊ ခရိုင်၊ မြို့နယ်နှင့် ရန်ကုန်မြို့ မီးဘေးလုံခြုံရေးနှင့်ကြိုးကြပ်ရေးအဖွဲ့များကိုကြိုးကြပ်ရမည်။

(၂) ခရိုင် မီးသတ်အရာရှိသည်၊ ခရိုင် မီးဘေး လုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ၍၊ ခရိုင်အတွင်းရှိ မီးသတ်အဖွဲ့အားလုံးနှင့် မြို့နယ်မီးဘေး လုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့များကို ကြိုးကြပ်ရမည်။

(၃) ဒုတိယမီးသတ် ညွှန်ကြားရေးဝန်သည်၊ ရန်ကုန်မြို့ မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ၍၊ ရန်ကုန်မြို့ရှိ မီးသတ်အဖွဲ့အားလုံးကို ကြိုးကြပ်ရမည်။

(၄) မြို့နယ်မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးသည်၊ မြို့နယ်မီးဘေးလုံခြုံရေးနှင့်ကြိုးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာ၍၊ မြို့နယ်အတွင်းရှိ မီးသတ်အဖွဲ့အားလုံးကို ကြီးကြပ်ရမည်။

၅။ ။(၁) နိုင်ငံတော်သမတက ခန့်ထားသည့် ညွှန်ကြားရေးဝန်သည်၊ နိုင်ငံတော်သမတ၏ ညွှန်ကြားချက်ကို လိုက်နာ၍၊ မီးသတ်ဝန်ထမ်းများကို ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) နိုင်ငံတော် သမတသည်၊ မိမိသင့်သည်ဟုထင်မြင်သည့် အရေအတွက်ရှိသော ဒုတိယ ညွှန်ကြားရေးဝန်များ၊ လက်ထောက် ညွှန်ကြားရေးဝန်များနှင့် ခရိုင်မီးသတ်အရာရှိများကို ခန့်ထားနိုင်သည်။

(၃) ညွှန်ကြားရေးဝန်သည်၊ နိုင်ငံတော်သမတ၏ညွှန်ကြားချက်ကို လိုက်နာ၍၊ မီးသတ်စစ်ဆေးရေးမှူးများ၊ လက်ထောက်ခရိုင်မီးသတ်အရာရှိများနှင့် အခြားပြန်တမ်းဝင်မဟုတ်သည့်အရာရှိများကို ခန့်ထားနိုင်သည်။

၆။ ။ဗဟိုမီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့သည်၊ နိုင်ငံတော် သမတ၏ ညွှန်ကြားချက်များကို လိုက်နာ၍၊ အောက်ပါ ကိစ္စများအတွက် ၎င်းကသင့်သည်ဟု ထင်မြင်သည့် သာမန်၊ သို့တည်းမဟုတ် အထူးအမိန့်များကို အခါအားလျော်စွာ ထုတ်ဆင့်နိုင်သည်—

(က) သင့်သည်ဟု ထင်မြင်သည့်မီးသတ်ကိရိယာများကို မီးသတ်အဖွဲ့များအား ပေးအပ်ရေးကိစ္စ။

(ခ) မီးသတ်အဖွဲ့ဝင်များ နေထိုင်ရန်နှင့် မီးသတ်ကိရိယာများထားရှိရန်ဌာနများကို ဆောက်လုပ်ပေးရေးကိစ္စ၊ သို့တည်းမဟုတ် စီမံပေးရေးကိစ္စ၊ သို့တည်းမဟုတ် ငှါးရမ်းပေးရေးကိစ္စ။

(ဂ) မီးလောင်ကြောင်းအကြောင်းကြားသူ၊ သို့တည်းမဟုတ် မီးလောင်သည့်အခါ သက်စွန့် ကြိုးပမ်း ဆောင်ရွက်သူ၊ သို့တည်းမဟုတ် မီးလောင်သည့်အခါ မီးသတ်အဖွဲ့ကိုထိရောက်စွာပိုင်းဝန်းကူညီဆောင်ရွက်သူများအား ဆုလာဘ်များပေးရေးကိစ္စ။

(ဃ) မီးလောင်ကြောင်းအချက်ပေးလျှင်ပေးခြင်း၊ လိုအပ်သော မီးသတ်ကိရိယာများနှင့်တကွ၊ မီးသတ်အဖွဲ့ဝင်များအလျင်အမြန် သွားရောက်ငြိမ်းသတ်ရေးကိစ္စ။

(င) မီးသတ်ရေးကိစ္စမှတပါး၊ အခြားကိစ္စများတွင် မိမိသင့်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များအရ၊ မီးသတ်အဖွဲ့ဝင်များကို လိုအပ်သည့်မီးသတ်ကိရိယာများနှင့်တကွ လုပ်ကိုင်ရန်ခိုင်းစေရေးကိစ္စ။

(စ) ယေဘုယျအားဖြင့် မီးသတ်အဖွဲ့များကို တာဝန်ကျေပွန်အောင်နည်းလမ်းတကျ ဆောင်ရွက်နိုင်သည့်အခြေအနေ၌ ထားရှိရေးကိစ္စ။

၇။ ။(၁) မီးလောင်သည့်အခါ မီးလောင်သည့် နေရာတွင်ရှိသော် ညွှန်ကြားရေးဝန်သည်၊ သို့တည်းမဟုတ် ဒုတိယညွှန်ကြားရေးဝန်သည်၊ သို့တည်းမဟုတ် လက်ထောက် ညွှန်ကြားရေးဝန်သည်၊ သို့တည်းမဟုတ် ခရိုင်မီးသတ်အရာရှိသည်၊ သို့ဘည်းမဟုတ် တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသော မီးသတ်အဖွဲ့များ၏ အကြီးဆုံးတာဝန်ခံအရာရှိသည်—

(က) မီးသတ်ရာဇသိုလာရောက်၍ မီးသတ်အဖွဲ့အား၊ နည်းလမ်းတကျ မီးသတ်ခြင်းမပြုနိုင်လောက်အောင် အနှောင့်အရှက်ဖြစ်စေသူများကို ဖယ်ရှားနိုင်သည်၊ သို့တည်းမဟုတ် ဖယ်ရှားရန် မီးသတ်အဖွဲ့ဝင်တဦးဦးအားအမိန့်ပေးနိုင်သည်။

(ခ) မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအမိန့်ကိုလိုက်နာ၍၊ မီးသတ် အဖွဲ့ဝင်များကဖြစ်စေ၊ မီးသတ်ရန်ကိစ္စအလို့ငှါ၊မည်သည့်အဆောက်အအုံဥပစာများကိုမဆို အပျက်အစီးနည်းနိုင်သမျှ နည်းအောင် ဖေါက်၍၊ ဝင်ရောက် ဖြတ်သန်းသွားနိုင်သည်၊သို့တည်းမဟုတ်ဖြိုဖျက်နိုင်သည်။

(ဂ) မီးလောင်သည့်နေရာတွင် ရေအားပိုမိုသန်လာအောင် အခြား မည်သည့်အရပ်ဒေသတွင်မဆို ရှိသည့်ပြွန်မ ပြွန်မှာများကို ပိတ်ထားစေနိုင်သည်။

(ဃ) ယေဘုယျအားဖြင့် အသက်နှင့် စည်းစိမ်ကိုထိန်းသိမ်းစောင့်ရှောက်ရန်လိုမည်ထင်သည့်စီမံချက်များကို ဆောင်ရွက်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ဤနှင်းကြားရေးဝန်သည်၊ သို့တည်းမဟုတ် ဒုတိယ ဤနှင်းကြားရေးဝန်သည်၊ သို့တည်းမဟုတ် လက်ထောက် ဤနှင်းကြားရေး ဝန်သည်၊ သို့တည်းမဟုတ် ခရိုင်မီးသတ်အရာရှိသည်၊ သို့တည်းမဟုတ် တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသော မီးသတ်အဖွဲ့များ၏ အကြီးဆုံးတာဝန်ခံအရာရှိသည်၊ မီးလောင်သည့်အခါ မီးလောင်သည့်နေရာ၌မရှိလျှင်၊ မီးလောင်သည့်နေရာသည် မိမိတာဝန်ယူရသည့် နယ်နိမိတ်အတွင်းဖြစ်ခဲ့သော်၊ ထိုနယ်နိမိတ်အတွင်း တာဝန်ယူရသည့် သက်ဆိုင်ရာမီးသတ်အဖွဲ့၏မီးသတ်တာဝန်ခံအရာရှိက ကြီးကြပ်ရမည်။

(၂) ဤပုဒ်မအရ အပ်နှင်းသည့် အာဏာကိုဖြစ်စေ၊အလုပ်ဝတ်တရားကိုဖြစ်စေ၊ ဆောင်ရွက်ရာတွင် ပစ္စည်းတခုခုပျက်စီးလျှင်၊ ယင်းသို့ပျက်စီးခြင်းသည် မီးအာမခံစာချုပ် အမိပွါယ်အလို့ငှါ မီးလောင်ကျွမ်း၍ ပျက်စီးခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

(၃) မီးလောင်သည့်အခါ မီးလောင်သည့် နေရာတွင်ရှိသော ဤနှင်းကြား ရေးဝန်သည်၊ သို့တည်းမဟုတ် ဒုတိယဤနှင်းကြားရေးဝန်သည်၊သို့တည်းမဟုတ် လက်ထောက်ဤနှင်းကြားရေးဝန်သည်၊ သို့တည်းမဟုတ် ခရိုင်မီးသတ်အရာရှိသည်၊ သို့တည်းမဟုတ်တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသော မီးသတ်အဖွဲ့များ၏ အကြီးဆုံး တာဝန်ခံအရာရှိသည်၊ သို့တည်းမဟုတ် ပုဒ်မ ၇ (၁) ခြွင်းချက်တွင် ဖေါ်ပြထားသောမီးသတ်တာဝန်ခံအရာရှိသည်၊ မီးသတ်အဖွဲ့ဝင် တဦးဦးကို၊ သို့တည်းမဟုတ်တဦးထက်ပိုသောမီးသတ်အဖွဲ့ဝင်များကို အလှမ်းဝေးသောနေရာတွင်၊ မိမိ၏ကိုယ်စားဆောင်ရွက်ရန်အမိန့်စာဖြင့်ရွေးချယ်၍ တာဝန်လွှဲအပ်နိုင်သည်။ အဆိုပါအဖွဲ့ဝင်သည်၊ သို့တည်းမဟုတ် အဖွဲ့ဝင်များသည် ဤပုဒ်မအရ၊ ဤနှင်းကြားရေးဝန်၊ သို့တည်းမဟုတ် ဒုတိယ ဤနှင်းကြားရေးဝန်၊ သို့တည်းမဟုတ် လက်ထောက် ဤနှင်းကြားရေးဝန်၊သို့တည်းမဟုတ်ခရိုင်မီးသတ်အရာရှိ၊ သို့တည်းမဟုတ်တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသော မီးသတ်အဖွဲ့များ၏ အကြီးဆုံးတာဝန်ခံအရာရှိ၊သို့တည်းမဟုတ် ပုဒ်မ ၇ (၁) ခြွင်းချက်တွင်ဖေါ်ပြထားသော မီးသတ်တာဝန်ခံအရာရှိကိုယ်တိုင် ရရှိသည့်အာဏာများကိုပင် အခါအားလျော်စွာရရှိစေရမည်။

၈။ ။မည်သည့်မီးသတ်အာဏာပိုင်၊ သို့တည်းမဟုတ်မည်သည့်ရဲအရာရှိ၊သို့တည်းမဟုတ် မည်သည့်မီးသတ်အဖွဲ့ဝင်မဆို မိမိ၏တာဝန်ဝတ်တရားများကို နည်းလမ်းတကျဆောင်ရွက်ရန်လိုအပ်သည်ဟု သဘောရိုးဖြင့် ယုံကြည်၍ ဆောင်ရွက်သည့်အတွက်ကြောင့် ပျက်စီးနစ်နာခြင်းကိုလျော်ကြေးပေးရမည့် တာဝန်မရှိစေရ။

၉။ ။(၁) မည်သည့်အရပ်ဒေသတွင်မဆို မီးလောင်လျှင်၊ ထိုအရပ်ဒေသရှိ မီးသတ်အဖွဲ့ဝင်များထဲတွင် ရာထူးအကြီးဆုံးဖြစ်သောအရာရှိသည်၊ မီးလောင်သည့်အကြောင်းရင်းကို စုံစမ်း၍

မီးလောင်ရာအရပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးထံ စာဖြင့် အစီရင်ခံရမည်။ အဆိုပါရာဇဝတ်တရားသူကြီးသည်၊ မီးလောင်သည့်အကြောင်းအရာများကိုထပ်မံစစ်ဆေးရန်သင့်သည်ဟု မိမိထင်မြင်လျှင် သက်သေများဆင့်ခေါ်၍ ထပ်မံစစ်ဆေးရမည်။

(၂) အဆိုပါ ရာဇဝတ်တရားသူကြီးသည်၊ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့်၊ မီးလောင်သည့် အကြောင်းရင်းစုံစမ်းချက် အစီရင်ခံစာများ၊ သို့တည်းမဟုတ်ထပ်မံ စစ်ဆေးချက်များနှင့် အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍၊ ထင်မြင်ချက်နှင့်တကွ မိတ္တူများကို မီးသတ် ညွှန်ကြားရေးဝန်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအဘွင်းဝန်ထံသို့ပေးပို့ရမည်။

၁၀။ ။တည်ဆဲတရားဥပဒေတခုခုအရ—

(က) ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အရာဝတ္ထုကို၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့်အရာဝတ္ထုကိုထားရှိရန်၊ သိုလှောင်ရန်၊လက်ရှိထားရန်၊ အသုံးပြုရန်၊ ပြုလုပ်ရန်၊ သို့တည်းမဟုတ် ရောင်းချရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ခ) ပွဲလမ်းသဘင်ကျင်းပရန် လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့် လိုအပ်လျှင်၊ သို့တည်းမဟုတ်

(ဂ) ဒုန်းလွှတ်ရန်၊ သို့တည်းမဟုတ် မီးပန်း မီးရှူးကိုဖြစ်စေ၊ ဒုန်းကိုဖြစ်စေရောင်းချရန်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်လိုအပ်လျှင်

အဆိုပါလိုင်စင်ကို၊ သို့တည်းမဟုတ် အခွင့်အမိန့်ကို ထုတ်ပေးနိုင်ခွင့် အာဏာရှိသူက၊ သက်ဆိုင်ရာမီးသတ်အာဏာပိုင်များထံမှ အကြံဉာဏ်တောင်းယူ၍ ထုတ်ပေးရမည်။

၁၁။ ။အခြားတည်ဆဲတရားဥပဒေများတွင်မည်သို့ပင်ပါရှိစေကာမူ၊မီးသတ်အာဏာပိုင်သည်၊ဘေးအန္တရာယ်ဖြစ်စေတတ်သည့်အရာဝတ္ထု၊သို့တည်းမဟုတ်ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုထားရှိသည့်၊ သို့တည်းမဟုတ် သိုလှောင်ထားသည့် အလုပ်ရုံတခုခုကို၊ သို့တည်းမဟုတ်ပွဲလမ်းသဘင်ကျင်းပရာ နေရာတခုခုကို၊ သို့ဘည်းမဟုတ် အဆောက်အအုံတခုခုကို၊သို့တည်းမဟုတ် နေရာတခုခုကို ကြည့်ရှုစစ်ဆေးရမည်။ အဆိုပါအလုပ်ရုံတွင်၊ သို့တည်းမဟုတ်အဆောက်အအုံတွင်၊ သို့တည်းမဟုတ် နေရာတွင်မီးဘေးမှ ကာကွယ်ရန်ကြိုတင်ပြုလုပ်ထားသော စီမံချက်များလုံလောက်စွာရှိမရှိကို၊ လိုင်စင်ထုတ်ပေးခွင့်ရသည့် သက်ဆိုင်ရာ အာဏာပိုင်ထံအစီရင်ခံရမည်။

၁၂။ ။မီးသတ်အာဏာပိုင်နှင့် မီးသတ်အဖွဲဝင်အားလုံးသည်၊ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ဤအက်ဥပဒေအရပြုသောနည်းဥပဒေများနှင့်အညီဖြစ်စေ၊ ဆောင်ရွက်သောအခါ၊ သို့ဘည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူများကိုပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

၁၃။ ။မည်သူမဆို မီးသတ်အာဏာပိုင်တဦးဦးအား၊ သို့တည်းမဟုတ် မီးသတ်အဖွဲဝင်တဦးဦးအား၊မီးမလောင်ဘဲနှင့် မီးလောင်သည်ဟုလမ်းဘေးမီးလှုံ့ ခလုတ်ဖြင့်သော်၎င်း၊ စကားပြောကြေးနန်းဖြင့်သော်၎င်း၊ အခြားတနည်းနည်းဖြင့်သော်၎င်း၊တမင်သက်သက်အချက်ပေးလျှင်၊ သို့တည်းမဟုတ် ပေးစေလျှင်၊ နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ရထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၄။ ။(၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါ နည်းဥပဒေများတွင် အထူးအားဖြင့်—

(က) ညွှန်ကြားရေးဝန်၏အာဏာများနှင့် တာဝန်ဝတ်တရားများကိုသတ်မှတ်ခြင်း၊

(ခ) မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များ၊

(ဂ) မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့ အသီးသီးတို့အချင်းချင်း ဆက်ဆံရေးနှင့် ကြိုးကြပ်ရေး၊

(ဃ) မီးဘေးလုံခြုံရေးနှင့် ကြိုးကြပ်ရေးအဖွဲ့အသီးသီးတို့၏ အစည်းအဝေးများတွင် လိုက်နာရန် စည်းကမ်းများ၊

(င) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ၊ ပေးမည့်စရိတ်ကြေးငွေများ၊

(စ) ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) (ဆ) အရ၊သတ်မှတ်သည့်ကိစ္စများကိုပြဋ္ဌာန်းနိုင်သည်။

(၃) မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး အတွက် ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အရ၊ ပြုလုပ်သော နည်းဥပဒေကို၊ မလိုက်နာသူအား သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်။

၁၅။ ။အခြားတည်ဆဲ တရားဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ ဤ အက်ဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၁၆။ ။၁၉၅၂ ခုနှစ်၊ မီးသတ်ဝန်ထမ်းအဖွဲ့ အက်ဥပဒေကိုဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

B.—LEGISLATURE.

ခ၊—ဥပဒေပြုမှု။

THE ANTI-BOYCOTT ACT.

[BURMA ACT V, 1922.] (24th June, 1922.)

WHEREAS it is expedient to protect all persons in the exercise of their lawful rights against those who seek to bring improper pressure to bear on them for the furtherance of political purposes; it is hereby enacted as follows:— **Preamble.**

1. This Act shall extend to such areas as the President of the Union may, by notification, direct. **Extent.**

2. A person shall be deemed to boycott another who— **Definition of "boycott".**

(a) refuses to let or use or occupy any house or land, or to deal with, work for hire or do business with another person, or to render to

him or receive from him any customary service, or refuses to do any of the said things on the terms on which such things would commonly be done in the ordinary course of business, or

(*b*) abstains from such social, professional or business relations as he would, having regard to existing customs in the community, ordinarily maintain with such other person, or

(*c*) in any way injures, annoys or interferes with such other person in the exercise of his lawful rights.

Punishment for boycotting.

3. Whoever, in consequence of any person having done any act which he was legally entitled to do or of his having omitted to do any act which he was legally entitled to omit to do, or with intent to cause any person to do any act which he is not legally bound to do or to omit to do any act which he is legally entitled to do, or with intent to cause harm to such person in body, mind, reputation or property, or in his business or means of living, boycotts such person or any person in whom such person is interested, shall be punished with imprisonment which may extend to six months or with fine or with both :

Provided that no offence shall be deemed to have been committed under this section if the Court is satisfied that the accused person has not acted at the instigation of or in collusion with any other person or in pursuance of any conspiracy or of any agreement or combination to boycott

Punishment for instigating or promoting a boycott.

4. Whoever—

(*a*) publicly makes or publishes or circulates a proposal for, or

(*b*) makes, publishes or circulates any statement, rumour or report with intent to, or which he has reason to believe to be likely to, cause, or

(*c*) in any other way instigates or promotes,

the boycotting of any person or class of persons, shall be punished with imprisonment which may extend to two years or with fine or with both.

Explanation.—An offence under this section shall be deemed to have been committed although the person affected or likely to be affected by any action of the nature referred to herein is not designated by name or class but only by his acting or abstaining from acting in some specified manner.

Punishment for threatening a boycott.

5. Whoever, in consequence of any person having done any act which he was legally entitled to do or of his having omitted to do any act which he was legally entitled to omit to do, or with intent to cause any person to do any act which he is not legally bound to do, or to omit to do any act which he is legally entitled to do, threatens to cause such person, or any person in whom such person is interested, to be boycotted shall be punished with imprisonment for a term which may extend to two years or with fine or with both.

Saving in certain cases.

6. No offence shall be deemed to have been committed under sections 3, 4 or 5 if the Court is satisfied that the accused has not acted for the furtherance of a political purpose or from political motives.

Saving of certain acts.

7. Nothing in this Act shall be deemed to make unlawful—

(*a*) any act done by any person for *bonâ fide* religious purposes in accordance with the tenets, or with the established religious custom or usage, of the religious body to which such person belongs, or

(*b*) any act done in the furtherance of a *bonâ fide* labour dispute, or

(*c*) any act done in the ordinary course of business competition, including the promotion of indigenous industries.

Explanation.—Nothing in this section shall be deemed to make lawful any act punishable under or prohibited by any enactment for the time being in force or any act amounting to an actionable wrong.

Power to demand security.

8. (*1*) In any case in which a person has been convicted of an offence under this Act the Magistrate may, in lieu of or in addition to any sentence passed thereunder, require such person to execute a bond, with or without sureties, to be of good behaviour for such period, not exceeding one year as the Magistrate thinks fit.

(*2*) The provisions of Chapter XLII of the Code of Criminal Procedure shall apply to all bonds taken under this section.

Bar to jurisdiction.

9. (*1*) No Magistrate shall take cognizance of an offence punishable under this Act unless upon complaint made by order of or under authority from the President of the Union, which order or authority shall not be given after the lapse of more than three months from the date on which the offence is alleged to have been committed.

(*2*) No offence punishable under this Act shall be triable except by a Subdivisional Magistrate, a Magistrate of the first class or a Magistrate specially empowered by the President of the Union in this behalf.

Offences under the Act to be cognizable.

10. Notwithstanding anything in the Code of Criminal Procedure to the contrary, an offence punishable under this Act shall be deemed for the purposes of Chapter XIV thereof to be cognizable :

Provided that no measures shall be taken for the arrest of a person suspected of the commission of an offence except under the orders of the District Magistrate.

ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ကောင်စီ သဘာပတိနှင့် ဒုတိယ သဘာပတိရာထူးကို အကျိုးအမြတ်ရှိသော ရာထူးမျိုးမှ ခြွင်းချက်ပြုသည့် အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။] (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။)

၁။ ။ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်ဟု မှတ်ယူရမည်။

၂။ ။ဤအက်ဥပဒေ၌—

(က) ပြည်နယ်အစိုးရအဖွဲ့ဝင်ဆိုသည်မှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ပြည်နယ်များဥပဒေဖွဲ့စည်းထားသောအစိုးရ (ကက်ဘိနက်) အဖွဲ့ဝင်များကိုဆိုလိုသည်။

(ခ) ပြည်နယ်ကောင်စီသဘာပတိနှင့် ဒုတိယသဘာပတိဆိုသည်မှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ဖွဲ့စည်းထားသည့် ပြည်နယ်ကောင်စီက ရွေးကောက်တင်မြှောက်ထားသောသဘာပတိနှင့် ဒုတိယသဘာပတိများကိုဆိုလိုသည်။

(ဂ) ၎င်းပြင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ဓလေ့ကောက်ပွဲများပြုလုပ်၍ ပြည်နယ်အစိုးရ (ကက်ဘိနက်) အဖွဲ့ဝင်၊ ပြည်နယ်ကောင်စီသဘာပတိနှင့် ဒုတိယသဘာပတိများကို၊ မရွေးကောက်မတင်မြှောက်မီ အချိန်ကာလအတွင်း၊ ပြည်နယ် ယာယီ အစိုးရ (ကက်ဘိနက်) အဖွဲ့ဝင်၊ ပြည်နယ် ယာယီ ကောင်စီ သဘာပတိနှင့် ဒုတိယသဘာပတိများလည်းပါဝင်သည်။

၃။ ။ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ကောင်စီသဘာပတိများနှင့် ဒုတိယသဘာပတိများတို့သည်၊ ၎င်းတို့၏ရာထူးကိုလက်ခံဆောင်ရွက်၍ ဥပဒေအရသတ်မှတ်ထားသော လစာစရိတ်နှင့် အခြားကြေးငွေများကို ယူငြားသော်လည်း၊ လွှတ်တော်တရပ်ရပ်၏ အဓိပတိအဖြစ်ဖြင့် ရွေးချယ်ခြင်းခံနိုင်သည့်အရည်အချင်း၊ သို့မဟုတ် လွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် တည်မြဲနိုင်သည့်အရည်အချင်း ပျက်ယွင်းခြင်းမရှိဘုယူဆရမည်။

၀၊လီမန်လွှတ်တော်ရုံးအက်ဥပဒေ။ [၁]

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၆။] (၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်။)

ပါလီမန်လွှတ်တော်ရုံးအတွက် ဥပဒေတရပ် ပြဋ္ဌာန်းရန်လိုအပ်သည်ဖြစ်၍၊ အောက်ပါအတိုင်း အက်ဥပဒေတရပ်ပြဋ္ဌာန်းသည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်လွှတ်တော်ရုံး အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်လွှတ်တော်ရုံး အုပ်ချုပ်ရေး အတွက် အုပ်ချုပ်ရေးအဖွဲ့ တစ်ဖွဲ့ ရှိစေရမည်။ ဤအက်ဥပဒေတွင်၊ အဆိုပါအုပ်ချုပ်ရေးအဖွဲ့ကို၊ အဖွဲ့ဟုဖေါ်ပြထားသည်။

၃။ ။(၁) အဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပါလီမန်လွှတ်တော်ဥက္ကဋ္ဌ။
(ခ) ဘဏ္ဍာရေးဌာနဝန်ကြီး။
(ဂ) ပြည်ထဲရေးဌာနဝန်ကြီး။
(ဃ) တရားဌာနဝန်ကြီး။
(င) ပါလီမန်ကရွေးချယ်သည့်အမတ်တဦး။

(၂) ပါလီမန်လွှတ်တော် ဥက္ကဋ္ဌသည်၊ အဖွဲ့၏သဘာပတိဖြစ်၍၊ ပါလီမန်လွှတ်တော် အတွင်းဝန်သော်၎င်း၊ ဒုတိယအတွင်းဝန်သော်၎င်း၊ တဦးဦးသည်၊ အဖွဲ့၏အတွင်းရေးမှူးဖြစ်ရမည်။

၄။ ။အဖွဲ့သည် အစိုးရပြန်တမ်းဝင်အရာရှိများဖြစ်ကြသော ပါလီမန်လွှတ်တော်အတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ လက်ထောက်အတွင်းဝန်များနှင့် အခြားအရာရှိများကိုခန့်ထားရမည်။

၅။ ။အဖွဲ့၏အုပ်ချုပ်မှုအာဏာကို မထိခိုက်စေဘဲ၊ ပါလီမန် လွှတ်တော်ဥက္ကဋ္ဌသည်၊ ပါလီမန်လွှတ်တော်ရုံးနှင့်ပတ်သက်၍၊ လုံးဝတာဝန်ခံအုပ်ချုပ်မှုအခွင့်အာဏာရှိရမည်။

၆။ ။အဖွဲ့သည်၊ အောက်ပါကိစ္စများကိုစီမံခန့်ခွဲ ဆောင်ရွက်ရမည်။

(က) အရာရှိအရာထမ်း၊ အမှုထမ်းအရေအတွက်နှင့် လစာခန့်နှုန်းများကန့်သတ်ခြင်း။
(ခ) အမှုထမ်းစည်းကမ်းချက်များပြုလုပ်ခြင်း။
(ဂ) ထောက်ပံ့ကြေးပေးခြင်းနှင့် စရိတ်ကြေးငွေများပေးခြင်း။

---

[၁] မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၂၂၄ တွင်ထုတ်ပြန်ကြေညာသည်။

(ဃ) ပါလီမန်လွှတ်တော်ရုံးအတွက် အသုံးစရိတ်ရ-သုံးခန့်မှန်းခြေငွေကန့်သတ်ခြင်း။
(င) ပါလီမန်လွှတ်တော် အမတ်များလစာနှင့် စရိတ်များပေးရေးအတွက် ရ-သုံး ခန့်မှန်းခြေငွေကန့်သတ်ခြင်း။

၇။ ။(၁) ပါလီမန်လွှတ်တော်ဥက္ကဋ္ဌ၏အုပ်ချုပ်မှုအာဏာကိုမထိခိုက်စေဘဲ၊ ပါလီမန် လွှတ်တော်အတွင်းဝန်သည်၊ အစိုးရပြန်တမ်းဝင် အရာရှိမဟုတ်သော ပါလီမန်ရုံးဆိုင်ရာ ကျန်ရာထမ်း မှုထမ်းများကို ခန့်ထားရမည်။

(၂) ပါလီမန်လွှတ်တော်ဥက္ကဋ္ဌ၏ အုပ်ချုပ်မှုအာဏာကိုမထိခိုက်စေဘဲ၊ ပါလီမန်လွှတ် တော်အတွင်းဝန်သည်၊ ဤပုဒ်မတွင်ပါရှိသော မိမိ၏အာဏာများကို ပါလီမန်လွှတ်တော်အစိုးရပြန် တမ်းဝင် အခြားအရာရှိများသို့စည်းကမ်းချက်များဖြင့် ခွဲဝေလွှဲအပ်နိုင်သည်။

၈။ ။ပါလီမန်လွှတ်တော်အတွင်းဝန်သည်၊ ပါလီမန်လွှတ်တော်အမတ်များ၏ လစာနှင့် စရိတ်များအပြင်၊ ပါလီမန်လွှတ်တော်ရုံးတခုလုံး၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းကို ဘဏ္ဍာရေးဌာနနှင့် တိုင်ပင်၍ ရေးဆွဲပြီးလျှင်၊ အဖွဲ့၏ အတည်ပြုချက်ကို ရယူရန်တင်သွင်းရမည်။

၉။ ။ဘဏ္ဍာရေးဌာနနှင့်တိုင်ပင်၍ အဖွဲ့ကအတည်ပြုပြီးသော ခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးဌာနသည်၊ ပါလီမန်လွှတ်တော်သို့တင်ပြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်တင်ရမည်။

၁၀။ ။[၈] [အဖွဲ့သည် ဤအက်ဥပဒေပါကိစ္စများနှင့်အောက်ဖေါ်ပြပါကိစ္စများကို] ဆောင် ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုလုပ်နိုင်သည်။

(က) အဖွဲ့အစည်းအဝေးကျင်းပရန်နည်းဥပဒေများ။
(ခ) အဖွဲ့အစည်းအဝေးတွင် အစည်းအဝေးထမြောက်ရန်၊ အနည်းဆုံးတက်ရောက် ရမည့်အဖွဲ့ဝင်လူဦးရေ။
(ဂ) ပါလီမန်လွှတ်တော် အစိုးရပြန်တမ်းဝင်အရာရှိများနှင့် ပါလီမန်လွှတ်တော်ရုံး ရာထမ်းမှုထမ်းများနုတ်ပယ်ရေး၊ ထုတ်ပစ်ရေး၊ အပြစ်ဒဏ်ပေးရေး၊ အခြား စည်းကမ်းသေဝပ်မှုအရေးများကို သတ်မှတ်သည့်နည်းလမ်းများ။
(ဃ) ပါလီမန်လွှတ်တော်အရာရှိများ၏အမိန့်များကိုအယူခံဝင်နိုင်ရေးသတ်မှတ်သည့် နည်းလမ်းများ။

[၉] ၁၁။ ။အဖွဲ့ဝင်နေရာများ လစ်လပ်နေစေကာမူ အဖွဲ့၏လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရန်အဖွဲ့တွင်အာဏာရှိရမည်။

၁၂။ ။အဖွဲ့သည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နည်းလမ်းကျနစွာဖွဲ့စည်းမည်ဖြစ် သော ပါလီမန်လွှတ်တော်နှစ်ရပ်၏ အစိုးရပြန်တမ်းဝင် အရာရှိများဖြစ်ကြသော အတွင်းဝန်များ၊ ဒုတိယအတွင်းဝန်များ၊ လက်ထောက်အတွင်းဝန်များနှင့် အခြား အရာထမ်း၊ အမှုထမ်းများခန့်ထား

---

[၈] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀ အရ အစားထည့်သွင်းသည်။
[၉] အထက်ပါဥပဒေအရ ထည့်သွင်းသည်။ ၎င်းပြင် ပုဒ်မ ၁၁ မှ ၁၄ ကို ပုဒ်မ ၁၂ မှ ၁၅ ဟုပြန်လည် အမှတ်စဉ်သည်။

ခြင်းကိစ္စနှင့် အသုံးစရိတ်ကိစ္စတို့ကိုလည်း ပြုလုပ်သတ်မှတ်ရမည်။ ဤသတ်မှတ်ခြင်းသည် ဆိုင်ရာလွှတ်တော်အတွက် ဖွဲ့စည်းသောအဖွဲ့က မိမိတို့၏လွှတ်တော်နှင့်ပတ်သက်သော ကိစ္စများအတွက် သတ်မှတ်သည့် အချိန်ကာလအထိသာ အတည်ဖြစ်စေရမည်။

၁၃။ ။(၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြခံဥပဒေအရ နည်းလမ်းကျနစွာ ဖွဲ့စည်းသော လွှတ်တော်နှစ်ရပ် ပေါ်ပေါက်လာသောအခါ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသောအဖွဲ့ကို ဖျက်သိမ်း၍၊ လွှတ်တော်နှစ်ရပ်အတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့တဖွဲ့စီရှိရမည်။

(က) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၊ သို့မဟုတ်နာယက။
(ခ) ဘဏ္ဍာရေးဌာနဝန်ကြီး။
(ဂ) ပြည်ထဲရေးဌာနဝန်ကြီး။
(ဃ) တရားဌာနဝန်ကြီး။
(င) သက်ဆိုင်ရာလွှတ်တော်မှရွေးချယ်ခန့်ထားသောအမတ်တဦး။

(၂) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၊ သို့မဟုတ်နာယကသည်၊ အဖွဲ့၏သဘာပတိဖြစ်၍ သက်ဆိုင်ရာလွှတ်တော် အတွင်းဝန်သော်၎င်း၊ ဒုတိယအတွင်းဝန်သော်၎င်း၊ တဦးဦးသည်အဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

(၃) ဤပုဒ်မအရ ဖွဲ့စည်းထားသောအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်နှင့်ပတ်သက်သောကိစ္စများကိုဆောင်ရွက်ရာ၌ ဤအက်ဥပဒေများတွင် ဖေါ်ပြပါရှိသောအဖွဲ့၏ အာဏာများနှင့် အခွင့်အရေးများကို သုံးစွဲခံစားရမည်။

၁၄။ ။လွှတ်တော်နှစ်ရပ်၏ဥက္ကဋ္ဌ၊ သို့မဟုတ်နာယကသည်၊ မိမိနှင့်သက်ဆိုင်သောလွှတ်တော်နှင့် ပတ်သက်သောကိစ္စများကို ဆောင်ရွက်ရာ၌ ဤအက်ဥပဒေတွင် ဖေါ်ပြပါရှိသောပါလီမန်လွှတ်တော်ဥက္ကဋ္ဌ၏ အာဏာများနှင့် အခွင့်အရေးများကို သုံးစွဲခံစားရမည်။

၁၅။ ။လွှတ်တော်နှစ်ရပ်၏ အတွင်းဝန်တို့သည်၊ မိမိတို့နှင့်သက်ဆိုင်သော လွှတ်တော်နှင့်ပတ်သက်သော ကိစ္စများကို ဆောင်ရွက်ရာ၌၊ ဤအက်ဥပဒေတွင် ဖေါ်ပြပါရှိသော ပါလီမန်လွှတ်တော်အတွင်းဝန်၏အာဏာများနှင့် အခွင့်အရေးများကို သုံးစွဲခံစားရမည်။

ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေ။ *

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၅။] (၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။)

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြခံဥပဒေအရ၊ ဖွဲ့စည်းရမည် ဖြစ်သော ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့အတွက်၊ ရွေးကောက်ပွဲများကို ကျင်းပရန် လိုအပ်သည် ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၂၇၀ တွင်ထုတ်ပြန်ကြေညာသည်။

အခန်း ၁။

အဝိုင်း ၁။

အမိပ္ပါယ်ဝိုင်းခြားဖော်ပြချက်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေ ဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေ၌ အခြားနည်း အထင်အရှား ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ် ရွေးနောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်—

(က) ‘‘နိုင်ငံတော်သမတ’’ ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမတကို ဆိုလိုသည်။

(ခ) ‘‘အခြေခံဥပဒေ’’ ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဆိုလိုသည်။

(ဂ) ‘‘ကချင်အမျိုးသား’’၊ သို့တည်းမဟုတ် ‘‘ချင်းအမျိုးသား’’၊ သို့တည်းမဟုတ် ‘‘ကရင်အမျိုးသား’’ ဆိုသည်မှာ၊ နိုင်ငံတော်သမတက ဤအက်ဥပဒေ၏ကိစ္စ အလို့ငှါ ကချင်လူမျိုးဟုသော်ငင်း၊ ချင်းလူမျိုးဟုသော်ငင်း၊ ကရင်လူမျိုးဟု သော်ငင်း အစိုးရပြေနတမ်းတွင် ဖော်ပြကျေညာသော လူမျိုးတွင် ပါဝင်သည့်သူကို ဆိုလိုသည်။

(ဃ) ‘‘ရွေးကောက်ပွဲ’’ ဆိုသည်မှာ၊ ပါလီမန်ဆိုင်ရာလွှတ်တော် တရပ်ရပ်အတွက် အမတ်နေရာတခုကို သော်ငင်း၊ အများကိုသော်ငင်း ဖြည့်သွင်းရန် ကျင်းပသော ရွေးကောက်ပွဲကို ဆိုလိုသည်။

အဝိုင်း ၂။

ပါလီမန်ဖွဲ့စည်းပုံ။

၃။ ။ပြည်သူ့လွှတ်တော်တွင် အမတ်နေရာနှစ်ရာ့ငါးဆယ်ရှိရမည်။ထိုနေရာနှစ်ရာ့ငါးဆယ် ကို အောက်ပါအတိုင်း သတ်မှတ်ရမည်။

(က) နှစ်ဆယ့်ငါးနေရာကို ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ခ) ခုနစ်နေရာကို ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဂ) ခြောက်နေရာကို ချင်းဒေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဃ) နှစ်နေရာကို ကရင်နီပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(င) နေရာနှစ်ဆယ်ကို ကရင်အမျိုးသားများ၏ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(စ) နေရာတရာ့ကိုးဆယ်ကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကုန်နယ်မြေများမှ (ကရင် အမျိုးသားများ၏ ကိုယ်စားလှယ်များ မဟုတ်သော) ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

၄။ ။လူမျိုးစုံလွှတ်တော်၏ အမတ်နေရာ အရေအတွက်သည် အခြေခံ ဥပဒေရှိ ဒုတိယ ဇယားရှိ သတ်မှတ်ထားသည့် အတိုင်းဖြစ်ရမည်။

အပိုင်း ၃။

မဲဆန္ဒနယ်များသတ်မှတ်ရေး။

၅။ ။ပါလီမန်ဆိုင်ရာလွှတ်တော် အမတ်များကို ရွေးကောက်ရန်၊ပြည်ထောင်စု မြန်မာနိုင်ငံရှိ နယ်မြေများကို၊ ဤအက်ဥပဒေအရ ရေးဆွဲထားသော နည်းဥပဒေများ၌ သတ်မှတ်ထားသည့်အတိုင်း၊ နယ်မြေဆိုင်ရာမဲဆန္ဒနယ်များ အဖြစ်ခွဲရမည်။

၆။ ။ရွေးကောက်ပွဲကျင်းပ၍ ဖြည့်သွင်းရမည်ဖြစ်သော ပါလီမန်ဆိုင်ရာ လွှတ်တော်အမတ် နေရာများကို၊ မဲဆန္ဒနယ်အသီးသီးအတွက် အမတ်တနေရာဖြစ်စေ၊ တနေရာထက်ပို၍ ဖြစ်စေ သတ်မှတ်ပြီးလျှင်၊ နေရာချပေးရမည်။

၇။ ။ဤအက်ဥပဒေအရ ရေးဆွဲထားသော နည်းဥပဒေများရှိ ဇယားများတွင် ဖေါ်ပြထားသည့် မြို့နိုစပါယ်၏၊ သို့တည်းမဟုတ် ခရိုင်၏၊ သို့တည်းမဟုတ် အခြားအုပ်ချုပ်ရေးနယ်၏၊ နယ်နိမိတ်ကို ပြောင်းခဲ့သော်၊ ထိုမြို့နိုစပါယ်နှင့်၊ သို့တည်းမဟုတ် ထိုခရိုင်နှင့်၊ သို့တည်းမဟုတ် ထိုအုပ်ချုပ်ရေးနယ်နှင့် သက်ဆိုင်သော ဇယားပါ ရည်ညွှန်းချက်သည်၊ နိုင်ငံတော်သမတက သတ်မှတ်သော နေ့ရက်မှစ၍၊ သို့တည်းမဟုတ် နေ့ရက်များမှစ၍၊ ဤအက်ဥပဒေ၏ ကိစ္စအားလုံး အလို့ငှါသော်ငင်း၊ သီးခြားကိစ္စများ အလို့ငှါသော်ငင်း၊ နယ်နိမိတ် ပြောင်းခြင်းခံရသော ထိုမြို့နိုစပါယ်နှင့်၊ သို့တည်းမဟုတ် ထိုခရိုင်နှင့်၊ သို့တည်းမဟုတ် ထိုအုပ်ချုပ်ရေးနယ်နှင့် သက်ဆိုင်သည်ဟုမှတ်ယူရမည်။

၈။ ။မဲဆန္ဒနယ်၏ နယ်နိမိတ်ကြောင်းသည် လူသွားလမ်းဖြစ်ခဲ့သော်၊ ထိုနယ်နိမိတ်ကြောင်းကို လူသွားလမ်း၏ အလယ်ကြောင်းမဟုတ်ဟူ၍ ဖေါ်ပြထားခြင်းမရှိလျှင်၊ လူသွားလမ်း၏ အလယ်ကြောင်းဟူ၍ မှတ်ယူရမည်။

အပိုင်း ၄။

အမတ်ဖြစ်ရန်အရည်အချင်းများ။

၉။ ။အသက် နှစ်ဆယ့်တနှစ်ပြည့်သည်လည်းဖြစ်၍—

(က) အခြေခံဥပဒေ ပုဒ်မ ၇၄ အရ အရည်အချင်း ပျက်ယွင်းခြင်း မရှိသည်လည်းဖြစ်၍၊

(ခ) ဤအက်ဥပဒေ၌ သီးခြား ဖေါ်ပြ ထားသော မိမိနှင့်သက်ဆိုင်သည့် အခြားအရည်အချင်းနှင့် ပြည့်စုံသည်လည်းဖြစ်၍၊

(ဂ) ဤအက်ဥပဒေ၌ ပြဋ္ဌာန်းချက်များအရ အရည်အချင်းပျက်ယွင်းခြင်း မရှိသည်လည်းဖြစ်သော

နိုင်ငံသားတိုင်းသည်၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်နေရာအတွက် အရွေးခံနိုင်ရမည်။

၁၀။ ။ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ် အရွေးခံရသော သူသည်၊မိမိနှင့် သက်ဆိုင်ရာလွှတ်တော် သက်တမ်း ကုန်ဆုံးသောအခါ၊ အမတ်အရည်အချင်းနှင့် ပြည့်စုံလျှင်၊ နောက်ထပ် အမတ်အဖြစ် အရွေးခံနိုင်ခွင့်ရှိရမည်။

၁၁။ ။သာသနာရေးဆိုင်ရာရဟန်း၊ သို့တည်းမဟုတ် သာသနာ့ဝန်ထမ်းဟူသမျှသည်၊ပါလီမန် ဆိုင်ရာလွှတ်တော် တရပ်ရပ်၏ အမတ်အဖြစ်အရွေးမခံစေရ၊ အမတ်အဖြစ်နှင့်လည်း တည်မနေစေရ။

* ခြွင်းချက်။ ။သို့ရာတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်တဦးသည် သက်ဆိုင်ရာ ပါလီမန်လွှတ်တော် ညီလာခံမရှိခိုက် ဥပသမ္ဗဒရဟန်း အဖြစ်သော်၎င်း၊ ရှင်သာမဏေ အဖြစ်သော်၎င်း၊ ခံယူခြင်းကို ဤပုဒ်မက မည်သည့်အခါမျှ တားမြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

၁၂။ ။ပါလီမန် ဆိုင်ရာ လွှတ်တော် တရပ်ရပ်အတွက် ရွေးကောက်ပွဲတွင်၊ မဲပေးနိုင်ခွင့် မရှိသော သူသည် ပါလီမန် အမတ်အဖြစ် အရွေးခံနိုင်ခွင့် မရရှိစေရ။

အပိုင်း ၅။

မဲစာရင်းအရာရှိနှင့် ရွေးကောက်ပွဲတာဝန်ခံအရာရှိများ။

၁၃။ ။မဲဆန္ဒနယ်များအတွက် မဲစာရင်းများကို နိုင်ငံတော်သမတက ခန့်ထားသော အရာရှိများကပြုလုပ်ရမည်။

သို့ရာတွင် မဲစာရင်းအရာရှိများသည် မဲစာရင်းများကို ပြုလုပ်ရာတွင် မိမိသင့်တော်သည်ထင်မြင်သော သူများကို သတ်မှတ်ထားသော ချုပ်ချယ်ချက်စည်းကမ်းများနှင့် မဆန့်ကျင်စေဘဲ ဆောင်ရွက်စေနိုင်သည်။

၁၄။ ။မဲဆန္ဒနယ်များ၌ ရွေးကောက်ပွဲများအတွက်၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိအဖြစ်ဖြင့် ဆောင်ရွက်ရမည့်သူသည်၊ ပြည်ထောင်စုအစိုးရ ဝန်ထမ်း အရာရှိသော်၎င်း၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရဝန်ထမ်း အရာရှိသော်၎င်း ဖြစ်ရမည်။

အပိုင်း ၆။

အရပ်ရပ်ဆိုင်ရာ။

၁၅။ ။(၁) ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်အတွက် ရွေးကောက်ပွဲများနှင့် စပ်သျဉ်း၍၊ အမတ်အဖြစ် အရွေးခံရန် အမည်တင်သွင်းရမည့် နေ့ရက်များအတွက်၎င်း၊ အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးရမည့်နေ့ရက်များအတွက်၎င်း၊ မဲပေးရမည့်နေ့ရက်များ အတွက်၎င်း၊ အခြားကိစ္စများကို ဆောင်ရွက်ရမည့် နေ့ရက်များအတွက်၎င်း၊ ပြဋ္ဌာန်းသတ်မှတ်ပြီးမရှိခဲ့လျှင်၊ နိုင်ငံတော်သမတသည် ထိုနေ့ရက်များကိုသတ်မှတ်ရမည်။

(၂) သို့ရာတွင် ဤပုဒ်မကို အကြောင်းပြု၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတွက် ရက်ကန့်သတ်ခြင်းကို နည်းဥပဒေများဖြင့် မပြုရဟု အဓိပ္ပါယ်မကောက်ယူရ။

၁၆။ ။ပါလီမန်ဆိုင်ရာ လွှတ်တော် တရပ်ရပ်အတွက် ရွေးကောက်ပွဲတွင်၊ တနေရာထက်ပို၍ အရွေးခံရသောသူသည်၊ ပြဋ္ဌာန်းသတ်မှတ်သော အချိန်အတွင်းတွင်၊ အမတ်တနေရာမှတပါး၊ ကျန်နေရာများမှ နုတ်ထွက်ခြင်းမပြုခဲ့သော်၊ သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌကသော်၎င်း၊ နာယက ကသော်၎င်း၊ မိမိ၏သဘောအတိုင်း သတ်မှတ်သော အမတ်တနေရာမှတပါး၊ ကျန်အမတ်နေရာအားလုံး လစ်လပ်သည်ဟု ကျေညာရမည်။

---

* ၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄ အရ ထည့်သွင်းသည်။

၁၇။ ။ပါလီမန်ရွေးကောက်ပွဲတခုဌ် အရွေးခံသူများရှိသော မဲအရေအတွက်ချင်း တူညီနေသောအခါ၊ မဲတခုဖြည့်လိုက်ခြင်းအားဖြင့်၊ အရွေးခံသူတဦးဦးသည် အရွေးခံရသူဟု ကျေညာခြင်းကို ခံနိုင်ခွင့်ရှိခဲ့သော်၊ တိုဖြည့်မဲကို ရွေးကောက်ပွဲတာဝန်ခံ အရာရှိသည်၊ မိမိဆုံးဖြတ်သောနည်းအတိုင်း မိမိ၏မျက်မှောက်ဘွင် မဲချကာပေးရမည်။

အခန်း ၂။

မဲဆန္ဒပေးခွင့်။

၁၈။ ။ဤအက်ဥပဒေတွင် ဒေသတခုခုဌ် သာမန်အားဖြင့် နေထိုင်သောသူများကို ရည်ညွှန်းသောအခါ၊ ထိုရည်ညွှန်းချက်သည်၊ ထိုသူတဦးဦးကိုယ်တိုင် ရံဖန်ရံခါ နေထိုင်ရာဖြစ်သောဒေသဌ် နေအိမ်အဆင်သင့် ထားရှိသော သူနှင့်လည်း သက်ဆိုင်သည်။

၁၉။ ။ပါလီမန်ဆိုင်ရာ လွှတ်တော်များအတွက် ရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒနယ်အသီးသီးအတွက်၊ မဲစာရင်းတခုစီရှိရမည်။

၂၀။ ။မဲဆန္ဒနယ်အတွက် ထားရှိသည့် မဲစာရင်းတွင်ပါဝင်နေသော လူတိုင်းသည်၊ထိုမဲဆန္ဒနယ်တွင် မဲပေးနိုင်ခွင့်ရှိရမည်။

၂၁။ ။မဲစာရင်းပြုလုပ်ခြင်း၊ အခါကာလအားလျော်စွာ မဲစာရင်းတခုလုံးကို သော်ငင်း၊ တစိတ်တဒေသကိုသော်ငင်း စစ်ဆေးပြင်ဆင်ခြင်းတို့ကို၊ နိုင်ငံတော်သမတ သတ်မှတ်သောနေ့ရက်တွင် ဆောင်ရွက်ရမည်။

၂၂။ ။အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏ ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်များ၏ အရည်အချင်းများသည် အတူတူပင်ဖြစ်စေရမည်။

၂၃။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲနိုင်ငံသားတိုင်းသည် မဲဆန္ဒနယ်တနယ်တွင် သာမန်အားဖြင့်နေထိုင်သူလည်းဖြစ်၍ နိုင်ငံတော်သမတ သတ်မှတ်သော နေ့ရက်တွင် အသက်တဆယ့်ရှစ်နှစ် ပြည့်သူလည်းဖြစ်လျှင်၊ မဲစာရင်းတွင် ပါဝင်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသည်။

၂၄။ ။စိတ်ပေါ်သုံ့ပိ၍၊ စိတ်ပေါ်သွပ်သည်ဟု အခွင့်အာဏာရ တရားရုံး၏ အမိန့်ချမှတ်ခြင်းခံနေရသောသူကို၊ မဲစာရင်း၌ မထည့်မသွင်းရ။ ရွေးကောက်ပွဲ၌လည်း မဲမပေးစေရ။

၂၅။ ။ဤအက်ဥပဒေရှိ အခန်း ၅ အရင်း၊ ရွေးကောက်ပွဲများနှင့် စပ်လျဉ်းသော အခြားပြစ်မှုများကြောင့်ငင်း၊ မဲပေးနိုင်ခွင့် အရည်အချင်း ပျက်ယွင်းနေသူကို၊ မဲစာရင်း၌ မထည့်မသွင်းရ။ ရွေးကောက်ပွဲ၌လည်း မဲမပေးစေရ။ ထိုသို့အရည်အချင်းပျက်ယွင်းနေသော သူ၏အမည်ကို မဲစာရင်းမှထုတ်ပယ်ရမည်။

၂၆။ ။အခွင့်အာဏာရရုံးတော်၏ အမိန့်စီရင်ချက်အရ ထောင်ဒဏ်ခံနေရသော သူသည် ရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့် မရှိစေရ။

၂၇။ ။သာသနာရေးဆိုင်ရာရဟန်း၊ သို့ဘည်းမဟုတ်သာသနာ့ဝန်ထမ်းဟူသမျှကို ပါလီမန် လွှတ်တော်များဆိုင်ရာ ရွေးကောက်ပွဲ မဲစာရင်း၌ မထည့်သွင်းရ။ ရွေးကောက်ပွဲ၌လည်း မဲမပေးစေရ။

၂၀။ ။မည်သူမဆိုမဲဆန္ဒနယ် တနယ်၌သာလျှင် မဲပေးခွင့်ရှိသည်။ ထိုဘနယ်မှအပ အခြားမဲဆန္ဒနယ်များတွင် မဲပေးခွင့်မရှိစေရ။ မဲစာရင်းတခုမှတပါး၊ အခြားမဲစာရင်းများတွင် အမည်မပါမဝင်နိုင်စေရန် ပြဋ္ဌာန်းချက်များ သတ်မှတ်ထားခြင်းရှိလျှင်၊ ထိုပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်။

၂၉။ ။မည်သူမဆို မဲဆန္ဒတနယ်အတွက် ရွေးကောက်ပွဲတွင် တကြိမ်ထက်ပို၍ မဲပေးလျှင်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲများကို တချိန်တည်းကျင်းပနေစဉ် တနယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် မဲပေးလျှင်၊ ထိုသူအား အလုပ်မဲ့ဖြစ်စေ၊ အလုပ်ကြမ်းနှင့်ဖြစ်စေ တနှစ်အထိ ထောင်ဒဏ်၊ သို့တည်းမဟုတ် ငွေဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်လုံးအပြစ်ပေးရမည်။

သို့ရာတွင် မဲဆန္ဒတနယ်အတွက် အမတ် တနေရာထက်ပို၍ ဖြည့်သွင်းရန်ရှိလျှင်၊ မဲဆန္ဒရှင်သည်၊ ဖြည့်သွင်းရမည့် အမတ်နေရာ အသီးသီးအတွက်၊ တမဲစီသာရွေးချယ်ရှိရမည်။ သို့ရာတွင် အမတ်အရွေးခံသူ တဦးအတွက် တမဲထက်ပို၍ ပေးနိုင်ခွင့်မရှိစေရ။

အခန်း ၃။

ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့်ကုန်ကျစရိတ်များ။

၃၀။ ။ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခံသူသည်၊ ပြဋ္ဌာန်းသတ်မှတ်ထားသော အချိန်နှင့် စည်းကမ်းတို့ကို လိုက်နာကာ၊ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတဦးကိုဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ် အဖြစ်ခန့်ထားရမည်။

၃၁။ ။ဤအက်ဥပဒေပါ အခန်း ၅ ရှိ ပြဋ္ဌာန်းချက်များအရ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်း ပျက်ယွင်းသူကို၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ခန့်ရ။

၃၂။ ။(၁) အရွေးခံသူအား၊ သို့တည်းမဟုတ် အခြားသူအား ကိုယ်စားလှယ်အဖြစ်ခန့်ခြင်းကို ရုပ်သိမ်းလျှင်၊ ရုပ်သိမ်းစာ၌ အရွေးခံသူက လက်မှတ်ထိုးရမည်။ ထိုရုပ်သိမ်းစာသည် ရွေးကောက်ပွဲတာဝန်ခံ အရာရှိထံသို့ တင်သွင်းသောနေ့မှစ၍ အာဏာဖြစ်ရမည်။

(၂) ရွေးကောက်ပွဲ မတိုင်မီသော်ငင်း၊ ရွေးကောက်ပွဲ အချိန်အတွင်း၌ သော်ငင်း၊ ရွေးကောက်ပွဲပြီးသည့်နောက် ဤအက်ဥပဒေပါ ပုဒ်မ ၃၄ ရှိ ပြဋ္ဌာန်းချက်များနှင့် အညီအရွေးခံသူ၏ ရွေးကောက်ပွဲ ဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းကို မတင်သွင်းမိသော်ငင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ် အဖြစ် ခန့်ခြင်းကို ရုပ်သိမ်းခဲ့သော်၊ သို့တည်းမဟုတ်ခရွေးနကောက်ပွဲ ကိုယ်စားလှယ် ကွယ်လွန်ခဲ့သော်၊ အရွေးခံသူသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတဦးကိုဖြစ်စေ ရွေးကောက်ပွဲ ကိုယ်စားလှယ် အဖြစ် ချက်ခြင်းခန့်၍၊ ထိုသို့ခန့်ကြောင်းကို ရွေးကောက်ပွဲ တာဝန်ခံအရာရှိထံသို့ စာရေးအကြောင်းကြား ရမည်။

၃၃။ ။ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်၊ သက်ဆိုင်ရာခရွေးကောကပွဲအဘွက်၊ နည်းလမ်း ကျနသော ငွေစာရင်းများကို သီးသန့်၍ ထားရမည်။ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း၊ ရွေးကောက်ပွဲ ဆိုင်ရာ ကုန်ကျစရိတ်များကို ထိုစာရင်းများ၌ထည့်သွင်းရမည်။

၃၄။ ။(၁) ရွေးကောက်ပွဲပြီးသည့်အခါတိုင်း၊ပြဋ္ဌာန်းသတ်မှတ်သော အချိန်အတွင်းတွင်၊ အရွေးခံသူ၏ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို ရွေးကောက်ပွဲတာဝန်ခံ အရာရှိထံသို့ တင်သွင်းရမည်။ ထိုငွေစာရင်းတွင်၊ အရွေးခံသူနှင့် ထိုသူ၏ ကိုယ်စားလှယ်တို့က လက်မှတ်ထိုးရမည်။

(၂) ထိုငွေစာရင်းသည် ပြဋ္ဌာန်းသတ်မှတ်ထားသော ပုံစံအတိုင်းဖြစ်ရမည့်အပြင်၊ ပြဋ္ဌာန်းသတ်မှတ်ထားသော အချက်အလက်များလည်း ပါဝင်ရမည်။ ထိုငွေစာရင်းနှင့် အတူဘက္၊ ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင် အရွေးခံသူနှင့် ထိုသူ၏ ကိုယ်စားလှယ်တို့က ပြဋ္ဌာန်းသတ်မှတ်ထားသော ပုံစံအတိုင်း၊ ကျမ်းသစ္စာဆို၍ မှန်ကန်ကြောင်း ဝန်ခံချက်များပါရမည်။

၃၅။ ။ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ် အများဆုံးနှုန်းထားကိုငင်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အရွေးခံသူကိုယ်စား ငွေကြေးစရိတ် ပေးချေခံရှိသော ဆောင်ရွက်သူဦးရေနှင့်အဆင့်အဘန်းကိုငင်း၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။

အခန်း ၄။

အဓိဋ္ဌာန်း ၁။

<u>ခိုင်လုံသော ရွေးကောက်ပွဲဟုတ်မဟုတ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော ဒွိဟဖြစ်မှုနှင့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။</u>

၃၆။ ။ဤအခန်း၌ငင်း၊ ဤအက်ဥပဒေရှိ ဇယားနှင့်ငင်း၊ အခြားနည်း အထင်အရှားဖေါ်ပြထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ် ရွေးနောက်စကားတို့၏အဓိပ္ပါယ်ကိုထောက်ထားရန်မလိုလျှင်—

"ကိုယ်စားလှယ်" ဟူသောစကားရပ်တွင်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်ပါဝင်သည့်အပြင်၊ အရွေးခံသူ၏ သိချက်ဖြင့်သော်ငင်း၊ သဘောတူချက်ဖြင့် သော်ငင်း၊ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်သည်ဟု ရွေးကောက်ပွဲခုံတော်အဖွဲ့က၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာကို စစ်ဆေးရာတွင် ယူဆလာသောသူလည်းပါဝင်သည်။

"အရွေးခံသူ" ဆိုသည်မှာ၊ ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခြင်းခံရသူကို ဆိုလိုသည်။ ထိုစကားရပ်၌၊ ရွေးကောက်ပွဲကျင်းပရန်စီစဉ်နေခိုက်တွင်၊ အရွေးခံသူအဖြစ်ဖြင့် ပါဝင်မည်ဟု ထုတ်ဖေါ်ပြောဆိုသောသူလည်းပါဝင်သည်။ သို့ရာတွင် ထိုသူသည် ထိုသို့ထုတ်ဖေါ်ပြောဆိုပြီးနောက် ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ် အမည်တင်သွင်းခြင်းခံရသူဖြစ်ရမည်။

"ရွေးကောက်မှု အခွင့်အရေး" ဆိုသည်မှာ၊ ရွေးကောက်ပွဲတွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် မပါဝင်မယှဉ်ပြိုင်ဘဲနေနိုင်သောအခွင့်အရေး၊ သို့တည်းမဟုတ် အရွေးခံသူအဖြစ်မှ နုတ်သိမ်းနိုင်သောအခွင့်အရေး၊ သို့တည်းဟုတ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ သို့တည်းမဟုတ် မဲမပေးဘဲနေနိုင်သောအခွင့်အရေးကိုဆိုလိုသည်။

"အရွေးခံရသူ" ဆိုသည်မှာ၊အမတ်အဖြစ်ကျန်စွာအရွေးခံရပြီး ဖြစ်သည်ဟုပြဋ္ဌာန်းသတ်မှတ်သောနည်းအတိုင်း၊ ကျေညာခြင်းခံရသော သူကိုဆိုလိုသည်။

"တရားမဲပြုကျင့်မှု" ဆိုသည်မှာ၊ ဤအက်ဥပဒေရှိ ဇယားတွင် ဖော်ပြထားသောပြုကျင့်မှုတခုခုကိုဆိုလိုသည်။

"ရွေးနေ" ဆိုသည်မှာ၊ သူတပါးအတွက် တရားရုံးသို့ တက်ရောက်အမှုလိုက်လဲနိုင်ခွင့်ရှိသောသူကိုဆိုလိုသည်။

၃၇။ ။ရွေးကောက်ပွဲကို ဤအခန်းရှိ ပြဋ္ဌာန်းချက်များနှင့်အညီတင်သွင်းသောရွေးကောက်ပွဲကန့်ကွက်လွှာဖြင့်သာ၊ ကန့်ကွက်နိုင်သည်။ အခြားနည်းဖြင့်မကန့်ကွက်ရ။

၃၈။ ။(၁) အရွေးခံရသူကို ကန့်ကွက်သော ရွေးကောက်ပွဲကန့်ကွက်လွှာကို၊ မည်သည့်အရွေးခံသူကမဆို၊ သို့တည်းမဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို နှစ်သက်ရာအခကြောင်းပြ၍၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ ခန့်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အတွင်းဝန်ထံသို့ တင်သွင်းလျှောက်ထားနိုင်သည်။

(၂) လျှောက်ထားသူသည် မိမိ၏ရွေးကောက်ပွဲ ကန့်ကွက်လွှာတွင် အရွေးခံရသူအား ကန့်ကွက်နိုင်သည့်အပြင်၊ အကယ်၍ မိမိက အလိုရှိခဲ့လျှင်၊ မိမိသာ မဲအများဆုံးရ၍ အရွေးခံရသူဖြစ်သည်ဟု ကျေညာစေရန်၊ တောင်းဆိုနိုင်သည်။ သို့ရာတွင် ထိုသို့တောင်းဆိုသောအခါ အောက်ပါအကြောင်းပြချက်တရပ်ရပ်ကို အခြေခံပြရမည်။

(က) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသောအကြောင်းပြချက်၊ သို့တည်းမဟုတ်

(ခ) အရွေးခံရသူရရှိသော မဲများတွင်၊ တရားမဲပြုကျင့်မှုကြောင့် ရရှိသောမဲမျိုးမပါခဲ့သော်၊ လျှောက်ထားသူသည် ခိုင်လုံသောမဲအများဆုံးကို ရနိုင်သည်ဟူသောအကြောင်းပြချက်။

၃၉။ ။(၁) နှစ်စဉ်နှစ်ဦးတွင် နိုင်ငံတော် တရားဝန်ကြီးချုပ်က လွှတ်တော်ချုပ်တရားဝန်ကြီးများ၊ လွှတ်တော်တရားဝန်ကြီးများနှင့် လွှတ်ဇတော်တရားဝန်ကြီးအဖြစ် ခန့်ထိုက်သည့်အရည်အချင်းနှင့် ပြည့်စုံသောသူများပါဝင်သော ပုဂ္ဂိုလ် တဆယ့်ငါးဦး၏အမည်များကို နိုင်ငံတော် သမတထံသို့တင်သွင်းရမည်။

(၂) ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ရရှိသော့အခါ၊ ထိုကန့်ကွက်လွှာကို စစ်ဆေးစေရန်၊ နိုင်ငံတော်သမတသည်၊ အထက်ပုဒ်မခွဲ (၁) တွင် ဖော်ပြပါ၌သော ပုဂ္ဂိုလ်များထဲမှ ပုဂ္ဂိုလ်သုံးဦးကို ရွေးကောက်ပွဲခုံတော်အဖွဲ့အဖြစ်ခန့်ရမည်။

သို့ရာတွင် ဤပုဒ်မခွဲကို အကြောင်းပြ၍ အခြားရွေးကောက်ပွဲခုံတော်အဖွဲ့ဝင်များကိုမခန့်မီ၊ ခုံတော်သဘာပတိကို မခန့်နိုင်ဟု မယူဆစေရ။

(၃) ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် စပ်လျဉ်း၍၊ လျှောက်လွှာများနှင့်တကွ၊ မူခင်းကိစ္စအားလုံးကို ရွေးကောက်ပွဲခုံတော်အဖွဲ့က စီမံဆောင်ရွက်ကြရမည်။

(၄) မဲဆန္ဒနယ် တနယ်တွင် ကျင်းပသော ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍၊ ရွေးကောက်ပွဲကန့်ကွက်လွှာတစောင်ထက်ပို၍ တင်သွင်းလျှင်၊ နိုင်ငံတော် သမတသည်၊ ထိုကန့်ကွက်လွှာအားလုံးကို ရွေးကောက်ပွဲခုံတော်တဖွဲ့တည်းသို့သာ လွှဲအပ်ရမည်။ ထိုခုံတော်အဖွဲ့သည် ထိုကန့်ကွက်လွှာများကို ခွဲ၍ဖြစ်စေ၊ တစုတည်းပြု၍ဖြစ်စေ၊ အစုများပြု၍ဖြစ်စေ၊ မိမိတို့သဘောအတိုင်း စုံစမ်းစစ်ဆေးနိုင်သည်။

(၅) ခန့်ထားပြီးဖြစ်သော ရွေးကောက်ပွဲခုံတော်အဖွဲ့ဝင်တဦးသည်၊ ခုံတော်အဖွဲ့ဝင်အဖြစ်ဖြင့် မဆောင်ရွက်နိုင်ခဲ့သော်၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးနေခိုက်စွင် ဆက်လက်၍မဆောင်ရွက်နိုင်

ခဲ့သော်၊ နိုင်ငံတော်သမတသည် အဖွဲ့ဝင်သစ်တဦးကိုခန့်ရမည်။ ထိုသို့ခန့်၍ ပြန်လည်ဖွဲ့စည်းသော ခုံတော်အဖွဲ့သည်၊ စုံစမ်း စစ်ဆေးခဲ့ ဖြစ်သော ကန့်ကွက်လွှာကို၊ အသစ်ပြန်လည် စစ်ဆေး ရမည်။

သို့ရာတွင် မှတ်တမ်းယူပြီးဖြစ်သော သက်သေထွက်ချက်များသည်၊ တည်မြဲတိုင်းတည်ရမည်ဟု ထိုရွေးကောက်ပွဲခုံတော်အဖွဲ့က ညွှန်ကြားနိုင်သည်။ ထိုသို့ညွှန်ကြားပျှင်၊ မှတ်တမ်းယူ၍အပြီးသတ် စစ်ဆေးပြီးဖြစ်သောသက်သေများကို တဖန်ပြန်လည်စစ်ဆေးရန်မလို။

(၆) စုံစမ်းစစ်ဆေးခြင်းမပြုမီ၊ ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် ပတ်သက်သော ဆောင်ရွက် ရမည့်အချက်များနှင့်စပ်လျဉ်း၍၊ ဤအခန်း၌ပါရှိသော ရွေးကောက်ပွဲခုံတော်များနှင့် သက်ဆိုင်သည့် ညွှန်းဆိုချက်များသည်၊ ရွေးကောက်ပွဲခုံတော်သဘာပတိနှင့်လည်းသက်ဆိုင်သည်ဟုမှတ်ယူရမည်။

၄၀။ ။ရွေးကောက်ပွဲ ကန့်ကွက်လွှာကို စုံစမ်းစစ်ဆေးနေခိုက်တွင်၊ ခုံတော်အဖွဲ့သည် နိုင်ငံတော်ရှေ့နေချုပ်ကိုဖြစ်စေ၊ နိုင်ငံတော်ခရီနေချုပ်၏ ညွှန်ကြားချက်အရ ဆောင်ရွက်သူကိုဖြစ်စေ၊ ဆင့်ခေါ်ဆောင်ရွက်စေသော်၊ ထိုသူတို့သည်၊ ခုံတော်အဖွဲ့ရုံးသို့တက်ရောက်၍၊ ခုံတော်အဖွဲ့က ညွှန် ကြားသည့်အတိုင်းပါဝင်ဆောင်ရွက်ရမည်။

၄၁။ ။(၁) ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ခုံတော်အဖွဲ့၏သဘော၌—

(က) အရွေးခံရသူသည် တရားမဲ့ ပြုကျင့်မှုများဖြင့် မဲအများဆုံးကို အရယူသည်ဟု သော်၎င်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ယူသည်ဟုသော်၎င်း၊ ရွေးကောက်ပွဲ အနိုင်အရှုံးသည် တရားမဲ့ ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟုသော်၎င်း၊ ထင်မြင်သော်၊ သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေရှိ ဇယား၌ သီးခြားဖေါ်ပြထားသော တရားမဲ့ပြုကျင့်မှုတခုခုကို၊ အရွေးခံရသူ၏အကျိုးငှါ ပြုသည်ဟုထင်မြင်သော်၊ သို့တည်းမဟုတ်

(ဂ) အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခြင်းကိုမတရားသဖြင့် လက်ခံသောကြောင့် သော်၎င်း၊ မတရားသဖြင့် ငြင်းပယ်သောကြောင့် သော်၎င်း၊ သို့တည်းမဟုတ် အမည်တင်သွင်းခြင်းခံရသူသည်အရွေးခံရန် အရည်အချင်းမပြည့်စုံသောကြောင့် သော်၎င်း၊ အရည်အချင်း ပျက်ယွင်းသောကြောင့်သော်၎င်း၊ သို့တည်းမဟုတ် မတရားသဖြင့် မဲကိုလက်ခံခြင်း၊ ငြင်းပယ်ခြင်းတို့ကြောင့်သော်၎င်း၊ သို့တည်း မဟုတ် ပျက်ပြယ်သောမဲကို လက်ခံသောကြောင့်သော်၎င်း၊ သို့တည်းမဟုတ် အခြေခံဥပဒေ၌ဖြစ်စေ၊ ဤအက်ဥပဒေ၌ဖြစ်စေ၊ ရွေးကောက်ပွဲဆိုင်ရာပါလီမန် အက်ဥပဒေတခုခု၌ဖြစ်စေ၊ ပါရှိသော ပြဋ္ဌာန်းချက်များကို မလိုက်နာသော ကြောင့်သော်၎င်း၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသတ်မှတ်ထားသော ပုံစံအတိုင်း မှန်ကန်စွာ မလိုက်နာသောကြောင့်သော်၎င်း၊ တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ဟုထင်မြင်သော်၊ သို့တည်းမဟုတ်

(ဃ) လာဘ်ပေးလာဘ်ယူပြုခြင်း၊ရွေးကောက်မှု အခွင့်အရေးများကို နှောင့်ရှက်ခြင်းတို့ ကြောင့် လွတ်လပ်စွာမဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲမဟုတ်ဟုထင်မြင်သော်

ထိုအရွေးခံရသူအား ရွေးကောက်ခြင်းသည်၊ ပျက်ပြယ်ရမည်။

(၂) ရွေးကောက်ပွဲခုံတော်အဖွဲ့က အရွေးခံရသူသည်၊ မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် မဟုတ်သော အခြားကိုယ်စားလှယ်တဦး၏ ပယောဂကြောင့်၊ ဤအက်ဥပဒေရှိဇယား၌ သီးခြားဖေါ်

ပြထားသော တရားမဲ့ပြုကျင့်မှု တခုခုအတွက်၊ အပြစ်ရှိသည်ဟု အစီရင်ခံသော်လည်း၊ ထိုအစီရင်ခံစာ၌ပင်—

(က) အရွေးခံသူကသော်၎င်း၊ ထိုသူ၏ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်၎င်း၊ မည်သည့် တရားမဲ့ပြုကျင့်မှုကိုမျှ ပြုခဲ့သည်မဟုတ်။ အစီရင်ခံစာ၌ဖေါ်ပြထားသော တရားမဲ့ ပြုကျင့်မှုသည် အခွင့်ရေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏အမိန့်နှင့် ဆန့်ကျင်ပြီးလျှင်၊ ထိုသူတဦးဦး၏ ခွင့်ပြုချက်မရဘဲနှင့်သော်၎င်း၊ ထိုသူတဦးဦး၏ အလိုတူညီချက်မရဘဲနှင့်သော်၎င်း၊ ကျူးလွန်ခဲ့သောအမှုသဘာဖြစ်သည်ဟူ၍၎င်း၊

(ခ) အရွေးခံသူနှင့် ထိုသူ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများကို မပြုစေရန်၊ တတ်အားသရွေ့ တားဆီးဆောင်ရွက်ခဲ့ကြသည်ဟူ၍၎င်း၊

(ဂ) အစီရင်ခံစာ၌ဖေါ်ပြထားသော တရားမဲ့ပြုကျင့်မှုများသည်၊ရွေးကောက်ပွဲကို မထိခိုက်သော သေးနုတ်အရာမရောက်သည့် အမှုသဘောသာ၊ သို့တည်းမဟုတ် လောကဝတ်ကျေပွန်မှု ထုံးစံသဘောသာဖြစ်သည်ဟူ၍၎င်း၊

(ဃ) ရွေးကောက်ပွဲသည်၊ အခြားကိစ္စအားလုံးတွင် အရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ ရွေးကောက်ပွဲကိုယ် စားလှယ်များ၏ တရားမဲ့ပြုကျင့်မှု ကင်းရှင်းသည်ဟူ၍၎င်း

ထင်ရှင်သော်၊ ထိုအရွေးခံရသူအား ရွေးကောက်ခြင်းသည် မဖျက်ပြယ်ဟု ထိုခုံတော်အဖွဲ့ကဆုံးဖြတ်နိုင်သည်။

၄၂။ ။(၁) စုံစမ်းစစ်ဆေးပြီးသောအခါ၊ ရွေးကောက်ပွဲခုံတော်အဖွဲ့သည်၊ အရွေးခံရသူကိုဖြစ်စေ၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်၍ မိမိကိုသာအရွေးခံရသူအဖြစ် ကျေညာထိုက်ကြောင်း လျှောက်ထားသူကိုဖြစ်စေ၊ အမတ်အဖြစ် အရွေးခံရသူဖြစ်သည်ဟု အစီရင်ခံရမည်။ ထိုသို့အစီရင်ခံရာတွင် ပုဒ်မ ၄၁ ရှိပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၂) ထိုအစီရင်ခံစာတွင်၊ပေးရမည့်စရိတ်အားလုံး၊စရိတ်ပေးရမည့်သူ၊ စရိတ်ရမည့်သူတို့နှင့် စပ်သျှင်း၍ ခုံတော်အဖွဲ့၏ထောက်ခံချက်များလည်းပါရမည်။

သို့ရာတွင် ရွေးကောက်ပွဲခုံတော်အဖွဲ့သည်၊ ရွေးကောက်ပွဲကန့်ကွက်လွှာသည် သေးနုတ်သိမ်ဖျင်းသည်ဟုသော်၎င်း၊ အနှောင့်အရှက်ဖြစ်စေရန် တင်သွင်းသည်ဟုသော်၎င်း ယူဆခဲ့လျှင်၊ လျှောက်ထားသူက အထူးစရိတ်ပေးစေရန်အစီရင်ခံစာ၌ ထောက်ခံနိုင်သည်။

ခုံတော်အဖွဲ့၏အမိန့်အရ တက်ရောက်သော နိုင်ငံတော်ရှေနေချုပ်အား၊ သို့တည်းမဟုတ် နိုင်ငံတော်ရှေနေချုပ်၏ ညွှန်ကြားချက်အရ ဆောင်ရွက်သူအား ရုံးတက်စရိတ်ပေးရန် ထောက်ခံနိုင်သည်။ သို့ရာတွင် စုံစမ်းစစ်ဆေးရေးနှင့် စပ်လျဉ်း၍ အစိုးရကုန်ကျသည့် အခြားစရိတ်များကိုပေးရန် မထောက်ခံရ။

(၃) ရွေးကောက်ပွဲ ခုံတော်အဖွဲ့ဝင်အားလုံးသည် အစီရင်ခံစာတွင် လက်မှတ်ထိုး၍ နိုင်ငံတော်သမတထံသို့ဆောင်ရွက်တင်ပို့ရမည်။အစီရင်ခံစာကိုရသောအခါနိုင်ငံတော်သမတသည်၊ အစီရင်ခံထားသည့်အတိုင်း အမိန့်ထုတ်၍၊ အစီရင်ခံစာကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည်။ နိုင်ငံတော်သမတ၏အမိန့်သည် အပြီးသတ်အတည်ဖြစ်ရမည်။

၄၃။ ။တရားမဲပြုကျင့်မှုကျူးလွန်သည်ဟု ကန့်ကွက်လွှာတွင် စွပ်စွဲထားလျှင်၊ရွေးကောက်ပွဲ ခုံတော်အဖွဲ့သည် မိမိတို့၏အစီရင်ခံစာ၌ အောက်ပါအချက်များနှင့်ပတ်သက်၍ မိမိတို့၏ ထင်မြင်ချက် များကို ထည့်သွင်းဖော်ပြရမည်။

(က) အရွေးခံသူကသော်၎င်း၊ ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်၎င်း၊ ထိုသူတဦးဦး၏ အလိုတူညီချက်ဖြင့်သော်၎င်း၊ တရားမဲပြုကျင့်မှုကို ကျူးလွန် ကြောင်းထင်ရှားသည် မထင်ရှားသည်ဟူသောဆိုးဖြတ်ချက်နှင့် ကျူးလွန်သော တရားမဲပြုကျင့်မှု၊

(ခ) တရားမဲပြုကျင့်မှု ကျူးလွန်ကြောင်း ထင်ရှားသည်ဟု ယူဆခြင်းခံရသောသူ အား လုံး၏အမည်များ၊ ထိုသူများက ကျူးလွန်သောတရားမဲပြုကျင့်မှုများနှင့် ရွေး ကောက်ပွဲခုံတော်အဖွဲ့က မည်ကဲ့သို့ အရေးယူသင့်သည်ဟူသော ထောက်ခံ ချက်များ။

သို့ရာတွင် ထုချေနိုင်စေရန်၊ သင့်တင့်လုံလောက်သော အခွင့်အရေးကို ခုံတော်အဖွဲ့က ပေးခြင်းမခံရသောသူ၏ အမည်ကိုအစီရင်ခံစာ၌ ဖော်ပြခြင်းမပြုရ။

၄၄။ ။အစီရင်ခံစာ၌ဖြစ်စေ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့်စပ်လျဉ်းသော အခြားကိစ္စ တရပ်ရပ်၌ဖြစ်စေ၊ ရွေးကောက်ပွဲ ခုံတော်အဖွဲ့ဝင်တို့သဘောကွဲလွဲလျှင်၊ များရာ၏သဘောဆန္ဒ အတိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။ အစီရင်ခံစာသည်၊ များရာ၏ သဒ္ဒါဆန္ဒကိုသာသျှင် ဖော်ပြရ မည်။ သဘောကွဲလွဲချက်မှတ်တမ်းတစုံတရာမပါရှိစေရ။

အပိုင်း ၂။

ရွေးကောက်ပွဲခုံတော်အဖွဲ့၏အာဏာများ။

၄၅။ ။ရွေးကောက်ပွဲ ခုံတော်အဖွဲ့သည်၊ အမှုစစ်ဆေးသောအခါ၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍တရားမကျင့်ထုံး ဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော အာဏာများကိုရရှိရမည်။

(က) ဆိုင်ရာအရပ်ကြောင်းအရာနှင့် စာချုပ်စာတန်းစသည်များကို ဖွင့်လှစ်ထုတ်ဖော်ခြင်း နှင့်ကြည့်ရှုစစ်ဆေးစေခြင်း။

(ခ) ခုံတော်အဖွဲ့ရုံးသို့ တက်ရောက်စေရန် သက်သေများကို ဆင့်ဆိုခြင်းနှင့် တရား စရိတ်များကိုပေးသွင်းတားစေခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန်အတင်းအကြပ်ပြုလုပ်ခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာ ကျိန်စေ၍စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသောသက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအပ်နိုင်များကို ထုတ်ခြင်း။

ထို့ပြင် ခုံတော်အဖွဲ့သည်၊ အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟုထင်ရ သောသူကို၊ မိမိတို့၏ သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်သည်။ ထိုခုံတော်အဖွဲ့ကို၊ ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ သဘောအတွင်း၌ သက်ဝင်နေသည့်တရားမရုံးဟူ၍ မှတ်ယူရမည်။

ရှင်းလင်းချက်။ ။သက်သေများကို ရုံးသို့တက်ခရောက်ခစေရန် ဆင့်ဆိုခြင်းနှင့် စစ်လျှဉ်း၍၊ ရွေးကောက်ပွဲခုံတော်အဖွဲ့၏ စီရင်ခွင့်အာဏာပိုင်နက်သည် ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ရမည်။

၄၆။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ သက်သေခံအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် စုံစမ်းစစ်ဆေးရေးကိစ္စအားလုံးနှင့် သက်ဆိုင်သည်ဟုမှတ်ယူရမည်။

၄၇။ ။မည်သည့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်ရှိမဆို ဆန့်ကျင်ကွဲလွဲသောအချက် မည်သို့ပင် ပါရှိနေစေကာမူ၊ မည်သည့်စာချုပ် စာတမ်းကိုမျှ တံဆိပ်ခေါင်းကျနစွာ မကပ်မပါရှိသောကြောင့် သော်၎င်း၊ ကျနစွာမှတ်ပုံတင်ခြင်းမပြုသောကြောင့်သော်၎င်း၊ သက်သေခံအဖြစ်ဖြင့် လက်မခံဘဲခနေရ။

၄၈။ ။(၁) စုံစမ်းစစ်ဆေးရာတွင် ပေါ်ထွက်သျှက်ရှိသောငြင်းချက်များနှင့် စစ်လျှဉ်း၍ မေးသောမေးခွန်းများကို သက်သေကဖြေဆိုရမည်။ထိုမေးခွန်းကိုဖြေဆိုခြင်းအားဖြင့် မိမိသည်ရာဇဝတ်ပြစ်ဒဏ်သင့်မည်ဟုသော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ်သင့်မည့် အရိပ်နိမိတ်ပေါ်နိုင်သည်ဟုသော်၎င်း၊ ယူဆတည်းမဟုတ် ရာဇဝတ်ပြစ်ဒဏ်ခံရခြင်းနှင့် ဖြစ်စေ၊ ဘဏ္ဍာတော်အဖြစ် ပစ္စည်းအသိမ်းခံရခြင်းနှင့်ဖြစ်စေ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ ကြိုတွေ့မည်ဟုသော်၎င်း၊ ကြိုတွေ့မည့် အရိပ်နိမိတ်ပေါ်မည်ဟုသော်၎င်း၊ အကြောင်းများရှိစေကာမူ၊ သက်သေက ထိုမေးခွန်းများကို မဖြေဆိုဘဲမနေရ။

သို့ရာတွင်—

(က) ရွေးကောက်ပွဲတွင် မဲပေးခဲ့သူအား၊ မည်သူ့အတွက် မဲပေးခဲ့သည်ကိုထုတ်ဖော်ရန် မခိုင်းရ။

(ခ) မေးသမျှကို မဖြေဆိုဘဲမနေရ၍၊ ဖြေဆိုရသောဖြေဆိုချက်ကြောင့်၊ ထို့သူအား ဖမ်းဆီးခြင်း၊တရားစွဲဆိုခြင်းမပြုရ။ သို့တည်းမဟုတ် ထိုဖြေဆိုချက်ကို အကြောင်းပြု၍ မုသားသက်သေ ထွက်ဆိုသည်ဟု တရားစွဲဆိုသော ရာဇဝတ်မှုမှအပ အခြားမည်သည့် ရာဇဝတ်မှုခင်းမှာမှ ထိုဖြေဆိုချက်ကို သက်သေခံအဖြစ်အသုံးမပြုရ။

(၂) တရားဥပဒေတခုခုအရသော်၎င်း၊ နည်းဥပဒေတခုခုအရသော်ဖုံး၊ တဦးတယောက်သော သူသည်ရွေးကောက်ပွဲဆိုင်ရာ အရည်အချင်း ပျက်ယွင်းနေလျှင်၊ ထိုအရည်အချင်းပျက်ယွင်းနေခြင်းမှဟု၍မခွဲ (၁) ကိုအကြောင်းပြု၍၊ လွှတ်မြောက်နိုင်သည်ဟုမမှတ်ယူရ။

၄၉။ ။အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ အမှုသည်ကိုယ်စားဆောင်ရွက်ရန် ခန့်ထားသော ရှေ့နေဖြစ်စေ၊ ရွေးကောက်ပွဲ ခုံတော် အဖွဲ့ရှေ့မှောက်သို့ လာရောက်နိုင်သည်၊ သို့တည်းမဟုတ် လျှောက်ထားနိုင်သည်၊ သို့တည်းမဟုတ် ဆောင်ရွက်နိုင်သည်။

သို့ရာတွင် အမှုသည်ကိုယ်တိုင်လာရောက် ရမည်ဟု ခုံတော်အဖွဲ့က ညွှန်ကြားလျှင်၊အမှုသည်ကိုယ်တိုင်လာရောက်ရမည်။

၅၀။ ။ရွေးကောက်ပွဲ ခုံတော်အဖွဲ့သို့ သက်သေခံရန် တက်ရောက်သောသူအား၊ သင့်လျော်သော စရိတ်များကိုပေးရန်၊ ခုံတော်အဖွဲ့က အမိန့်ပေးနိုင်သည်။

၅၁။ ။စုံစမ်းစစ်ဆေးသော အမှုစရိတ်နှင့်စပ်လျဉ်း၍၊ ခုံတော်အဖွဲ့၏ အစီရင်ခံစာအရ နိုင်ငံတော်သမတက ချမှတ်သော အမိန့်ကို စရိတ်ငွေပေးရန် ညွှန်ကြားခြင်းခံရသူ နေထိုင်ရာဖြစ်သော

သို့တည်းမဟုတ် အလုပ်လုပ်ကိုင်ရာဖြစ်သော နယ်ပယ်အတွင်း မူလစီရင်ပိုင်ခွင့်ရှိသည့် အကြီးဆုံး တရားမရုံးသို့တင်ပြနိုင်သည်။ သို့တည်းမဟုတ် ထိုသူနေထိုင်ရာအရပ်၊ အလုပ်လုပ်ကိုင်ရာ အရပ်သည်၊ ရန်ကုန်မြို့တွင် ဖြစ်လျှင်၊ ရန်ကုန်မြို့တော်တရားမရုံးတွင်တင်ပြနိုင်သည်။ ထိုသို့တင်ပြသောအခါ၊ ထိုအမိန့်ကို ထိုတရားရုံးသည်၊ မိမိ၏ရုံးတွင် စစ်ဆေးသော အမှုတွင် စရိတ်ငွေပေးရန် ချမှတ်သည့်ဒီကရီကို ဇာရီပြုသော နည်းနာကျင့်ထုံးအတိုင်း ဇာရီပြုရမည်၊ သို့တည်းမဟုတ် ဇာရီပြုစေရမည်။

၅၂။ ။ရွေးကောက်ပွဲ ကန့်ကွက်လွှာပုံစံကိုငင်း၊ ကန့်ကွက်လွှာ တင်သွင်းရမည့်အချိန်နှင့် စည်းကမ်းတို့ကိုငင်း၊ အမှုဥစ္စာသည်အဖြစ် ထည့်သွင်းရမည့်သူများကိုငင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ကျင့်ထုံးကိုငင်း၊ ကန့်ကွက်လွှာများ ရပ်စဲရမည်။ သို့တည်းမဟုတ် နုတ်သိမ်းနိုင်သည့် အခြေအနေအကြောင်းအရာများကိုငင်း၊ မူလ လျှောက်ထားသူများအစား နောက်ထပ် လျှောက်ထားသူများကို ထည့်နိုင်မည့်အခြေအနေ အကြောင်းအရာများကိုငင်း၊ ကုန်ကျစရိတ်များအတွက် တင်သွင်းရမည့် အာမခံကိစ္စများကိုငင်း၊ ဤအခန်းရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

အခန်း ၅။

တရားမဲ့ပြုကျင့်မှုများကြောင့် အရည်အချင်းပျက်ယွင်းခြင်းများ။

၅၃။ ။တဦးတယောက်သောသူသည်—

(က) ရာဇသတ်ကြီးဥပဒေ အခန်း ၉-က အရ ခြောက်လထက်ပို၍ထောင်ဒဏ်ပေးထိုက်သော ပြစ်မှုကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေရှိပုဒ်မ ၂၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်၊သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေ အခန်း ၄ အရ စုံစမ်း စစ်ဆေးပြီးနောက်၊ ဤအက်ဥပဒေရှိ ဇယား၌ဖေါ်ပြထားသော တရားမဲ့ပြုကျင့်မှုကြောင့် အပြစ်ရှိသည်ဟု အစီရင်ခံခြင်းကိုခံရလျှင်

ထိုသူအား၊ အခြေခံဥပဒေနှင့်မဆန့်ကျင်လျှင်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်နေ့မှစ၍၊ သို့တည်းမဟုတ် အစီရင်ခံခြင်းကို ခံရသည့်နေ့မှစ၍ ငါးနှစ်ကာလအတွင်း၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏အမတ်ဖြစ်ရန်၎င်း၊ ရွေးကောက်ပွဲတွင် မဲပေးရန်၎င်း၊ အရည်အချင်းပျက်ယွင်းစေရမည်။

၅၄။ ။ဤအက်ဥပဒေ အခန်း ၃ နှင့်သက်ဆိုင်သော ရွေးကောက်ပွဲတွင် အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခြင်း ခံရသောသူသည်၊ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်ငွေစာရင်းကို တင်သွင်းရန်ပျက်ကွက်ခဲ့သော်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲ ခုံတော်အဖွဲ့ကသော်၎င်း၊ အမှုအခင်းတရပ်တွင် တရားရုံးတခုခုကသော်၎င်း ကုန်ကျစရိတ်ငွေစာရင်းသည် အရေးကြီးသော အချက်တွင် မဟုတ်မမှန်ဖြစ်နေသည်ဟု ယူဆသော်၊ အရွေးခံသူနှင့်တကွ ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား၊အခြေခံဥပဒေပုဒ်မ ၇၄ (၁) (ဆ) ရှိပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင်၊ကုန်ကျစရိတ်ငွေစာရင်းတင်သွင်းရမည့်နေ့မှစ၍ ငါးနှစ်ကာလအတွင်း၊ရွေးကောက်ပွဲတွင် မဲပေးရန် အရည်အချင်း ပျက်ယွင်းစေရမည်။

၅၅။ ။ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁-ဇ နှင့် ၁၇၁-စ အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောသူအား၊ သို့တည်းမဟုတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သောတရားမဲ့ပြုကျင့်မှုကြောင့် ငါးနှစ် အောက်မသေဒဏ်သော ကာလအတွင်းရွေးကောက်မှုအခွင့်အရေးကို အသုံးပြုရန် အရည်အချင်းပျက် ယွင်းသောသူအား၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောနေ့မှစ၍၊ သို့တည်းမဟုတ် အထက်ပါအရည် အချင်းပျက်ယွင်းသောနေ့မှစ၍ ငါးနှစ်ကာလအတွင်း၊ အောက်ပါ အခွင့်အရေးတို့ကိုမခံစားစေရ။

(က) တရားဥာနရာထူးတွင် အခန့်ခံနိုင်ခွင့်၊ သို့တည်းမဟုတ် ဆောင်ရွက်နေခွင့်။

(ခ) ရွေးကောက်ပွဲ ကျင်းပ၍ ခန့်ရသော၊ ဒေသန္တရ အာဏာပိုင် အဖွဲ့ရာထူးအတွက် အရွေးခံနိုင်ခွင့်၊ သို့တည်းမဟုတ် လစာ မရသော ထိုရာထူးတခုခု၌ ထမ်းရွက် နေခွင့်။

(ဂ) ဒေသန္တရ အာဏာပိုင်အဖွဲ့ဝင်အဖြစ် အရွေးခံနိုင်ခွင့်၊ သို့တည်းမဟုတ် အစည်း အဝေးတက်နိုင်ခွင့်၊ သို့တည်းမဟုတ် မဲပေးနိုင်ခွင့်။

(ဃ) အများနှင့်ဆိုင်သော ပစ္စည်းထိန်းအဖွဲ့တွင် ပစ္စည်းထိန်း အဖြစ် အခန့်ခံနိုင်ခွင့်၊ သို့တည်းမဟုတ် ဆောင်ရွက်နေခွင့်။

၅၆။ ။ပါလီမန်အမတ်ဖြစ်ရန်၊သို့တည်းမဟုတ်ရွေးကောက်ပွဲ၌ မဲပေးရန် ဤအခန်းရှိအထက် ကဖော်ပြခဲ့သော ပြဋ္ဌာန်းချက်များအရ အရည်အချင်း ပျက်ယွင်းနေသူအား၊ ထိုသို့အရည်အချင်း ပျက်ယွင်းနေသမျှကာလပတ်လုံး၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကိုယ်စားလှယ်မဖြစ်စေရ။

အခန်း ၆။

ရံဖန်ရံခါလစ်လပ်သောအမတ်နေရာများ။

၅၇။ ။(၁) ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်တွင်၊အမတ်တဦးက အခြားအမတ်တဦး အား၊ အခြေခံဥပဒေပုဒ်မ ၇၄ အရ [ဖြစ်စေ၊ဤအက်ဥပဒေပုဒ်မ ၁၁ အရဖြစ်စေ]*၊အရည်အချင်း ပျက်ယွင်းနေသည်ကို အကြောင်းပြကာ အမတ်အဖြစ်တည်နေခြင်းကို ကန့်ကွက်လျှင်၊ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌကသော်ငင်း၊လွှတ်တော် ဥက္ကဋ္ဌမရှိခဲ့သော် ဒုတိယဥက္ကဋ္ဌကသော်ငင်း၊သို့တည်းမဟုတ် သက်ဆိုင်ရာ လွှတ်တော်နာယက ကသော်ငင်း၊ လွှတ်တော်နာယကမရှိခဲ့သော် ဒုတိယနာယကက သော်ငင်း ထိုကန့်ကွက်ချက်ကို နိုင်ငံတော် သမတထံသို့တင်ပြရမည်။

(၂) ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်တဦးသည်၊ အခြေခံ ဥပဒေပုဒ်မ ၇၄ အရ [ဖြစ်စေ၊ ဤအက်ဥပဒေပုဒ်မ ၁၁ အရ ဖြစ်စေ]*အရည်အချင်း ပျက်ယွင်းနေသည်ဟု ထိုအ မတ်ကိုရွေးကောက်လိုက်သော မဲဆန္ဒနယ်မဲစာရင်းတွင်ပါဝင်သောသူတဦးကစွပ်စွဲလိုလျှင်၊ ထိုသူသည် နိုင်ငံတော်သမတထံ သို့သော်ငင်း၊ သမတက လွှဲအပ်သူထံသို့သော်ငင်း ကန့်ကွက်လွှာကိုတင်သွင်း နိုင်သည်။

(၃) အထက် ပုဒ်မခွဲ (၁)နှင့်(၂)တွင်ရည်ညွှန်းသောကန့်ကွက်ချက်ကို သော်ငင်း၊ ကန့် ကွက်လွှာကို သော်ငင်း ရရှိသောအခါ၊ နိုင်ငံတော်သမဘာသည်၊ ဤအက်ဥပဒေပုဒ်မ ၃၉ (၁)၌ ဖေါ်ပြထားသော ပုဂ္ဂိုလ်များထဲမှ ခန့်ထားသည့်သုံးဦးခွဲတော်အဖွဲ့သို့ ထိုကိစ္စကို စုံစမ်းစစ်ဆေးရန် ပေးပို့ရမည်။

---

* ၁၉၅၂ ခုနှစ်၊အက်ဥပဒေအမှတ် ၄ အရ ထည့်သွင်းသည်။

(၄) ထိုအခါခုံတော်အဖွဲ့သည်၊ ကန့်ကွက်ခြင်း ခံရသောအမတ်နှင့် သက်ဆိုင်သည့်စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးပြီးလျှင်၊ အဖွဲ့၏ထင်မြင်ယူဆချက်ကို နိုင်ငံတော်သမတထံသို့ အစီရင်ခံရမည်။

(၅) စုံစမ်းစစ်ဆေးရာတွင် ခုံတော်အဖွဲ့သည်၊ တရားမ ကျင့်ထုံးဥပဒေရှိ ပြဋ္ဌာန်းချက်များကို လိုက်နာနိုင်သလောက် လိုက်နာရမည်။

(၆) ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်ဘဝဋ္ဌိးသည် အခန်ခံဥပဒေ ပုဒ်မ ၇၄ အရ [ဖြစ်စေ၊ဤအက်ဥပဒေပုဒ်မ ၁၁ အရဖြစ်စေ] [၁] အရည်အချင်း ပျက်ယွင်းနေသည်ဟု ဤပုဒ်မပါ ပြဋ္ဌာန်းထားသော နည်းမှတပါး အခြားမည်သည့်နည်းနှင့်မျှ ကန့်ကွက်နိုင်ခွင့်မရှိစေရ။

အခန်း ၇။

အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ။

၅၀။ ။အောက်၌ဖေါ်ပြထားသော ကိစ္စများနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေ၌ ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ နိုင်ငံတော်သမတသည် ထိုကိစ္စများနှင့် စပ်လျဉ်း၍ နည်းဥပဒေများ [၂] ကို၊ အခါကာလ အားလျော်စွာ ပြုလုပ်နိုင်သည်။

(က) မဲစာရင်းများကိုပြုလုပ်ခြင်း။
(ခ) ရွေးကောက်ပွဲများကျင်းပခြင်းနှင့် မဲပေးနည်း။
(ဂ) ရွေးကောက်ပွဲများအတွက် အရွေးခံသူများ ကုန်ကျသောစရိတ်ငွေများ။
(ဃ) မဲဆန္ဒရှင်များ၏ အရည်အချင်းများနှင့်ဝင်း၊ မဲစာရင်း ပြုလုပ်ခြင်း၊ ရွေးကောက်ပွဲများ ကျင်းပခြင်း နှင့်ဂှင်း စပ်လျဉ်း၍ ဖြစ်ပေါ်လာအပ်သော ဒွိဟဖြစ်မှု၊အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း။
(င) ဆိုခဲ့သောကိစ္စများ၌ အကျုံးဝင်သကဲ့သို့သော အခြားကိစ္စများ။

ဇယား။

တရားမဲ့ပြုကျင့်မှုများ။

(ပုဒ်မ ၃၆။)

၁။ ။ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၁-ခ တွင် ပြဋ္ဌာန်းထားသော လာဘ်ပေးလာဘ်ယူပြုမှုကို အရွေးခံသူကဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်၏ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

---

[၁] ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၄ အရထည့်သွင်းသည်။

[၂] ဤအက်ဥပဒေအရ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၄၂၀ တွင် ထုတ်ပြန်ကြေညာသည်။

၂။ ။ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁-ဂတွင် ပြဋ္ဌာန်းထားသော ရွေးကောက်မှုအခွင့်အရေးအနှောင့်အရှက်ပြုခြင်းကို၊ အရွေးခံသူကဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ကိုယ်စားလှယ်၏ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

၃။ ။ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁-ဃ တွင် ပြဋ္ဌာန်းထားသော သူတပါးအဟန်ဆောင်ခြင်းကို အရွေးခံသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားလှယ်က ဖြစ်စေ၊အရွေးခံသူ၏၊ သို့တည်းမဟုတ်ထိုသူ၏ကိုယ်စားလှယ်၏ အလိုတူညီချက်ဖြင့် အခြားသူတဦးဦးက ဖြစ်စေ ကျူးလွန်ခြင်း။

၄။ ။မဲဆန္ဒနယ် တနယ်အတွက် ရွေးကောက်ပွဲတွင် တကြိမ်ထက်ပို၍မဲပေးခြင်း၊ သို့တည်းမဟုတ် ရွေးကောက်ပွဲများကို တချိန်တည်းကျင်းပစဉ် တနယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် မဲပေးခြင်း။

၅။ ။ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁-ဆတွင် ပြဋ္ဌာန်းထားသောမဟုတ် မမှန်ဖြောဆိုကျူးကျော်ခြင်းကို အရွေးခံသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားလှယ်ကဖြစ်စေ၊ အရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်၏ အလိုတူညီချက်ဖြင့် အခြားသူ တဦးဦးကဖြစ်စေ ကျူးလွန်ခြင်း။

၆။ ။ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁-ဇတွင် ပြဋ္ဌာန်းထားသော ငွေမတရားအကုန်ခံခြင်းကို အရွေးခံသူကသော်၎င်း၊ ထိုသူ၏ကိုယ်စားလှယ်ကသော်၎င်း အလိုတူညီခြင်း။

၇။ ။ဤအက်ဥပဒေ အခန်း ၃၊ ပုဒ်မ ၃၃ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းများကို၊ ရွေးကောက်ပွဲကိုယ်စားလှယ်က ရေးမှတ်ထားရန်ပျက်ကွက်ခြင်း။

၈။ ။အရွေးခံရသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ကိုယ်စားလှယ်၏ အလိုတူညီချက်ဖြင့်၊တဦးတယောက်သောသူက မဲပေးချိန်တွင်မဲရုံမှ၊ မဲလက်မှတ်ကို၊ သို့တည်းမဟုတ် မဲပြားကိုအခြားသို့ယူဆောင်သွားခြင်း။

၉။ ။အရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်၎င်း၊ ထိုသူတို့၏ အလိုတူညီချက်ဖြင့်သော်၎င်း—

(က) အရွေးခံသူအဖြစ် ပါဝင်ရန်၊သို့တည်းမဟုတ် မပါဝင်ဘဲနေရန်၊ သို့တည်းမဟုတ် အရွေးခံသူအဖြစ်ကို နုတ်သိမ်းရန် ရည်ရွယ်ချက်ဖြင့်၊ သို့တည်းမဟုတ် ကျေးဇူးတုံ့ပြန်ချက်ဖြင့် တဦးတယောက်သောသူက လာဘ်လာဘ လက်ခံခြင်း၊ သို့တည်းမဟုတ် လာဘ်လာဘလက်ခံရန် သဘောတူခြင်း၊ သို့တည်းမဟုတ်

(ခ) မဲပေးရန်သော်၎င်း၊ မဲမပေးဘဲနေရန်သော်၎င်း၊ သို့တည်းမဟုတ် မဲပေးအောင်ဖြစ်စေ၊ မဲမပေးဘဲနေအောင်ဖြစ်စေ မဲဆန္ဒရှင်တဦးဦးကို သွေးဆောင်ရန်သော်၎င်း၊ သွေးဆောင်လိုသဖြင့် ကြိုစည်အားထုတ်ရန်သော်၎င်း၊ သို့တည်းမဟုတ် အရွေးခံသူ၏အဖြစ်ကို နုတ်သိမ်းအောင် အရွေးခံသူ တဦးဦးကို သွေးဆောင်ရန်သော်၎င်း၊ သွေးဆောင်လိုသဖြင့်ကြိုစည် အားထုတ်ရန်သော်၎င်း၊ ရည်ရွယ်ချက်ဖြင့်သော်၎င်း၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်သော်၎င်း၊ တဦးတယောက်သောသူက မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက်ဖြစ်စေ၊ လာဘ်လာဘလက်ခံခြင်း၊ သို့တည်းမဟုတ် လာဘ်လာဘလက်ခံရန်သဘောတူခြင်း။

၁၀။ ။အရေးယူလောက်သော အချက်များတွင်မဟုတ်မမှန် ပြုလုပ်ထားသောရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကိုတင်ပြခြင်း၊ သို့တည်းမဟုတ် ထိုကဲ့သို့သောရွေးကောက်ပွဲ ကုန်ကျစရိတ်ငွေစာရင်းကိုဟုတ်မှန်သည်ဟုဝန်ခံခြင်း။

၁၁။ ။မဲပေးရန်တနေ့ရာရာသို့၊ သို့တည်းမဟုတ် တနေ့ရာရာမှ မဲဆန္ဒရှင်တဦးဦးကို တင်ယူ ဦးဆောင်သည့်အတွက်၊ တဦးတယောက်သောသူအား ငွေပေးခြင်း၊ သို့တည်းမဟုတ် ငွေပေးရန်ကတိ ပြုခြင်း (သို့ရာတွင် မဲဆန္ဒရှင် ကိုယ်တိုင်က မိမိအတွက်ဖြစ်စေ၊ မိမိ၏အိမ်ထောင်ဘက်အတွက်ဖြစ်စေ ငွေပေးခြင်းကို၊ သို့တည်းမဟုတ် ငွေပေးရန်ကတိပြုခြင်းကိုမဆိုလို)။

၁၂။ ။အခယူ၍ အငါးသိုသော ယာဉ်ဘမျိုးမျိုးကို၊ သို့တည်းမဟုတ် တိရစ္ဆာန်ကို၊ ရွေးကောက်ပွဲကိစ္စများအတွက် [မဲပေးသည့်နေ့၌][1] အခပေး၍ဖြစ်စေ အခမပေးဘဲဖြစ်စေ၊ ငှါးရမ်းအသုံးပြုခြင်း။

သို့ရာတွင် မဲဆန္ဒရှင်သည် မဲပေးရာဖြစ်သောနေရာသို့၊ သို့တည်းမဟုတ် နေရာမှ မိမိအဘွက်ဖြစ်စေ၊ မိမိ၏အိမ်ထောင်ဘက်အဘွက်ဖြစ်စေ ယာဉ်တမျိုးမျိုးကိုသော်၎င်း၊ တိရစ္ဆာန်ကိုသော်၎င်း အခပေးငှါးရမ်းနိုင်သည်။ သို့တည်းမဟုတ် မိမိ၏ ကိုယ်ပိုင်ပစ္စည်းဖြစ်သော ယာဉ်များကိုသော်၎င်း၊ တိရစ္ဆာန်ကိုသော်၎င်း အသုံးပြုနိုင်သည်။

၁၃။ ။အရွေးခံသူမဟုတ်သော၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ် မဟုတ်သော အခြားသူတဦးဦးက မိမိအားဆောင်ရွက်စေရန် စာဖြင့်လွှဲပေးထားသော အခွင့်အာဏာကို အရွေးခံသူထံမှ မရရှိဘဲသူက အရွေးခံသူ အရွေးခံရအောင်သော်၎င်း၊ အခရွေးခံရအောင် အားပေးလိုသောကြောင့်သော်၎င်း၊အစည်းအဝေးကျင်းပ၍ဖြစ်စေ၊ကြော်ငြာစာရွက်စာတမ်း ဖြန့်ချိဝေငှ၍ဖြစ်စေ၊အခြားတနည်းနည်းဖြင့်ဖြစ်စေ ငွေအကုန်အကျခံခြင်း၊ သို့တည်းမဟုတ် ကုန်ကျရန် အခွင့်ပြုခြင်း။

၁၄။ ။ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည် နေရပ်မပါမရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာစာရွက်စာတမ်း၊ ပိုစတာစသည်တို့ကိုဖြန့်ချိထုတ်ဝေခြင်း။

၁၅။ ။အရွေးခံသူက သော်၎င်း၊ ထိုသူ၏ ကိုယ်စားလှယ်ကသော်၎င်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကိုတင်သွင်းရန် ပျက်ကွက်ခြင်း။

၁၆။ ။ဤအက်ဥပဒေနှင့်ဖြစ်စေ၊ နည်းဥပဒေများနှင့်ဖြစ်စေဆန့်ကျင်၍ အရွေးခံသူက သော်၎င်း၊ ထိုသူ၏ ကိုယ်စားလှယ်ကသော်၎င်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍—

(က) ငွေအကုန်အကျခံခြင်း၊ သို့တည်းမဟုတ် ကုန်ကျရန်အခွင့်ပြုခြင်း။

(ခ) တဦးတယောက်သောသူကို ခန့်ထား ဆောင်ရွက်စေခြင်း။

---

[1] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆ အရ ထည့်သွင်းသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက် အက် ဥပဒေ။[၁]

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂။] (၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်။)

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြင်ရန် အက်ဥပဒေ။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေ၏ ပုဒ်မ ၃ နှင့် ၇ မှတပါး၊ အခြားပုဒ်မအားလုံးသည်၊ ဤအက်ဥပဒေကို ထုတ်ပြန်သောနေ့၌ စတင်အာဏာတည်ရမည်။ အဆိုပါ ပုဒ်မ ၃ နှင့် ၇ သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၃၃ အရ၊ ပဌမ အမတ်ရွေးကောက်ပွဲ ကျင်းပပြီးလျှင်၊ ဖွဲ့စည်းသော ပါလီမန်ကို ဖျက်သိမ်းသောနေ့၌ စတင်အာဏာတည်ရမည်။

၂။ ။ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၈ တွင် "ပုဒ်မ ၁၈၀" ဆိုသည့် စကားရပ်အစား "ပုဒ်မ ၁၈၀ နှင့် ၁၈၁" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (၁) တွင် နောက်ဆုံးဝါကျကို ဖယ်ဖျက်ရမည်။

၄။ ။ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၈၀ နှင့် ၁၈၁ အစား၊ အောက်ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းရမည်။

"၁၈၀။ ။(၁) သံလွင်ခရိုင်ဟု ယခင်ကခေါ်တွင်ခဲ့သောနယ်မြေကို ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင်၊ ပြည်ထောင်စု အဖွဲ့ဝင် တခု အဖြစ်ဖြင့် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်ကို ဤမှ နောင်အဘို့တွင် 'ကရင်ပြည်နယ်' ဟု ခေါ်တွင်စေရမည်။ ပါလီမန်၏ အက်ဥပဒေဖြင့် သတ်မှတ်သော ကရင် အမျိုးသားများ နေထိုင်ကြသည့် သံလွင် ခရိုင်၏ ဆက်စပ် ဒေသများသည်လည်း၊ ထိုပြည်နယ်တွင် ပါဝင်ရမည်။

(၂) ပါလီမန်၏ ကရင်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ် အမတ်အားလုံးပါဝင်သည့် ကရင်ပြည်နယ်ကောင်စီကို ဖွဲ့စည်းရမည်။

(၃) ပါလီမန်အမတ်အဖြစ်မှရပ်စဲသော ပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ထိုကောင်စီအမတ်သည်၊ မိမိအား ဆက်ခံမည့်သူကို ရွေးကောက် တင်မြှောက်ပြီးသည့်တိုင်အောင်၊ မိမိ၏တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(၄) ပြည်နယ်ကောင်စီသည်၊ မိမိကိုယ်တိုင် ဥပဒေပြုပိုင်ခွင့်မရှိသောကိစ္စနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြုပေးရန်၊ ပါလီမန်သို့ထောက်ခံချက် တင်သွင်းနိုင်သည်။

---

[၁] မြန်မာနိုင်ငံ ပြန်တမ်း၊ ၁၉၅၁ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၉၅ တွင် ထုတ်ပြန်ကြေညာသည်။

(၅) ပြည်နယ် ကောင်စီသည်၊ ဥပဒေကြမ်း တခုကို အတည် ပြုပြီးသော အခါ၊ ထိုဥပဒေကြမ်းကို လက်မှတ်ထိုး၍ ထုတ်ပြန် ကျေညာပေးရန် နိုင်ငံတော် သမတထံသို့တင်သွင်းရမည်။ နိုင်ငံတော်သမတသည်၊ အဆိုပါ ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၆) အရ၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို မေးမြန်း တောင်းဆိုခြင်းမပြုလျှင်၊ ထိုဥပဒေကြမ်းကို တင်သွင်းသည့်မှစ၍ တလအတွင်းတွင် လက်မှတ်ထိုးရမည်။

(၆) နိုင်ငံတော် သမတထံသို့ ပုဒ်မခွဲ (၅) အရ တင်သွင်းသော ဥပဒေကြမ်းသည်၊ သို့တည်းမဟုတ် ဥပဒေကြမ်း၏ တစိတ်တဒေသသည်၊ အခြေခံဥပဒေနှင့်ဆန့်ကျင်သည် မဆန့်ကျင်သည်ဟူသော ပြဿနာကို ဆုံးဖြတ်ပေးရန်၊ နိုင်ငံတော် သမတသည်၊ မိမိ၏သဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ ထိုဥပဒေကြမ်း ကိုလွှဲအပ်နိုင်သည်။

(၇) လွှတ်တော်ချုပ် တရားဝန်ကြီးသုံးဦးအောက် မနည်းပါဝင်သောခုံတော်သည်၊ လွှဲအပ်သော ပြဿနာကို စဉ်းစားရမည်။ လွှဲအပ်သော ပြဿနာကို သင့်မြတ်သော်ကန်သည်ဟု ထင်မြင်သည့်အတိုင်း၊ ကြားနာ စစ်ဆေး စဉ်းစားပြီး သောအခါ၊ ထိုပြဿနာနှင့် စပ်လျဉ်း၍ လွှဲအပ်ပြီးသည်နောက်၊ ရက်ပေါင်း ၃၀ အောက် နောက်မကျစေဘဲ၊ မိမိတို့၏ ဆုံးဖြတ်ချက်ကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ တရားရုံးတွင် အထင်အရှားကျေညာရမည်။ ပုဒ်မခွဲ (၆) ၏ကိစ္စ များအလို့ငှါ၊ တရားဝန်ကြီးများရာ၏ဆုံးဖြတ်ချက်သည် တရားလွှတ်တော် ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၈) ပုဒ်မခွဲ (၆) အရ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သော ဥပဒေကြမ်းရှိ ပြဋ္ဌာန်း ချက်သည်၊ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု တရားလွှတ်တော်ချုပ်က ဆုံး ဖြတ်သော ကိစ္စတိုင်း၌၊ နိုင်ငံတော်သမတသည်၊ ထိုဥပဒေကြမ်းကို ပြန်လည် စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ပြန်ပို့ရမည်။ ပြည်နယ် ကောင်စီ က လိုအပ်သော ပြင်ဆင်ချက်များကို မပြုလျှင်၊ နိုင်ငံတော် သမတသည်၊ ထိုဥပဒေကြမ်းကို လက်မှတ်မထိုးဟုငြင်းဆိုရမည်။

(၉) ထိုသို့ငြင်းဆိုဘွယ်မရှိလျှင်၊ နိုင်ငံတော်သမတသည်၊ တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ကို ထုတ်ဖော် ကျေညာ ပြီးသည့်နောက်၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ထိုဥပဒေကြမ်းကို လက်မှတ်ထိုး၍ အက်ဥပဒေ ဖြစ်လာကြောင်း ထုတ်ပြန်ကျေညာရမည်။

(၁၀) ပုဒ်မခွဲ (၅) အရ တင်သွင်းသောဥပဒေကြမ်းကို တရားလွှတ်တော်ချုပ်သို့ မလွှဲ မအပ်ဘဲနှင့်ဖြစ်စေ၊ လွှဲအပ်ပြီးမှဖြစ်စေ၊ နိုင်ငံတော်သမတက လက်မှတ်ထိုးပြီး ခဲ့လျှင်၊ ပြည်နယ်ကောင်စီက ပြုပိုင်ခွင့်မရှိ ဟူသော အကြောင်းပြချက်ဖြင့် ထိုဥပဒေကြမ်းရှိ ပြဋ္ဌာန်းချက်သည် မခိုင်လုံဟု ငြင်းဆိုခြင်းမပြုရ။

(၁၁) နိုင်ငံတော်သမတ လက်မှတ်ထိုးသော ပြည်နယ်ကောင်စီ အက်ဥပဒေစာမူတိုင်း ကို တရားလွှတ်တော်ချုပ်၏အတွင်းဝန်ရုံး၌မော်ကွန်းတင်ရမည်။ မိတ္တူတိုင်း ကိုလည်း ကရင်ပြည်နယ်ဝန်ကြီးရုံး၌ မော်ကွန်းတင်ရမည်။

(၁၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အခါကာလ အားလျော်စွာ ပြည်နယ်ကောင်စီကို ဆင့်ခေါ်နိုင်သည်၊ ရွပ်သိမ်းနိုင်သည်။

သို့ရာတွင် ပြည်နယ်ကောင်စီ၏ ညီလာခံကို နှစ်စဉ်တနှစ်လျှင် အနည်းဆုံး တကြိမ် ကျင်းပရမည်။ ထိုသို့ကျင်းပသောအခါ၊ ပြည်နယ်ကောင်စီ ညီလာခံတခု၏ နောက်ဆုံး အစည်းအဝေးနှင့် နောက်ထပ် ကျင်းပသော ပြည်နယ်ကောင်စီ ညီလာခံ၏ပဌမအစည်းအဝေးတို့၏အကြားတွင် ၁၂ လခြားမနေစေရ။

ကရင်ပြည်နယ်အစိုးရ။

၁၀၁။ ။(၁) ဝန်ကြီးချုပ်သည်၊ ကရင်ပြည်နယ် ကောင်စီနှင့် ညှိနှိုင်း တိုင်ပင်၍၊ ထိုကောင်စီအမတ်များအနက်၊ အမတ်တဦးဦး၏ အမည်ကို တင်သွင်းသော အခါ၊ ထိုသို့အမည်တင်သွင်းခြင်းခံရသောအမတ်ကို နိုင်ငံတော်သမတသည်၊ အောက်တွင် ' ကရင်ပြည်နယ်ဝန်ကြီး ' ဟု ခေါ်တွင်ရမည်ဖြစ်သော၊ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဝန်ကြီးအဖြစ်ဖြင့် ခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော ဝန်ကြီးသည်၊ အခြေခံ ဥပဒေ၏ ကိစ္စများအတွက် ကရင်ပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်ရမည်။

(၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ကရင်ပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စကို တာဝန်ယူ၍ဆောင်ရွက်ရမည်၊ ဆိုလိုရင်းမှာ၊ ကရင်ပြည်နယ် ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ ပြည်နယ်၏ အုပ်ချုပ်မှုအခွင့်အာဏာကို သုံးစွဲနိုင်ရမည်။

(၃) ပုဒ်မခွဲ (၄) ရှိ ပြဋ္ဌာန်းချက်များ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ ဆိုခဲ့သော အုပ်ချုပ်မှု အခွင့်အာဏာသည်၊ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ရာထူးမှထူးများခန့်ထားခြင်း၊နေရာချခြင်း၊ရွှေ့ပြောင်းပေးခြင်း၊ ထိုရာထူးမှထူးများ စည်းကမ်းသေဝပ်ခြင်း ကိစ္စအားလုံးသို့ သက်ရောက်ပြန့်နှံ့ရမည်။

(၄) အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏အုပ်ချုပ်မှု အခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီက တရားဥပဒေပြုပိုင်သော ကိစ္စများသို့သက်ရောက်ပြန့်နှံ့သည်။ အုပ်ချုပ်မှု အခွင့်အာဏာကို သုံးစွဲရာတွင်၊ ပြည်နယ် ဥက္ကဋ္ဌသည် ကောင်စီ၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်။

(၅) ပြည်နယ် ဆိုင်ရာ အခြား ကိစ္စအားလုံးတွင် ပြည်နယ် ဥက္ကဋ္ဌသည်၊ ပြည်နယ် ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်။

(၆) ကရင်ပြည်နယ် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များကို ပြည်နယ် ဥက္ကဋ္ဌထံသို့ တင်ပြရာ၌ လွှယ်ကူစိမ့်သောငှါ၊ ပြည်နယ် ကောင်စီသည် ရွေးကောက်ပွဲပြီးသည်နောက်၊ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင်၊ ကောင်စီအမတ်များထဲမှသော်၎င်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှသော်၎င်း ရွေးချယ်၍ ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအစိုးရ အဖွဲ့သည်၊ ပြည်နယ်ဥက္ကဋ္ဌကို၊အလုပ်ဝတ်တရားများဆောင်ရွက်ရာတွင် ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

(၇) ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီ၏ သာမန်ညီလာခံ ကျင်းပသောအခါများ၌၊ မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာအကြောင်းကို ပြောကြားရမည်၊ သို့တည်းမဟုတ် ပြောကြားစေရမည်၊ ကရင်ပြည်နယ် ကိစ္စအားလုံးနှင့်သက်ဆိုင်သော အစီရင်ခံစာကို တင်သွင်းရမည်၊ သို့တည်းမဟုတ် တင်သွင်းစေရမည်။ ပြည်နယ်၏ အကျိုးစီးပွါး တိုးတက်ရာ တိုးတက်ကြောင်းဖြစ်

သည်ဟု ထင်မြင်ယူဆသောစီမံချက်များကို စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီအား ထောက်ခံအကြံပေးရမည်။

(ဂ) ပြည်နယ်ဥက္ကဋ္ဌသည်၊ ဘဏ္ဍာတော်နှစ်တိုင်းတနှစ်အတွက် ပြည်နယ်ဆိုင်ရာအရမှန်းခြေ ငွေစာရင်းနှင့် အသုံးမှန်းခြေ ငွေစာရင်းများကို ပြုရမည်၊ သို့တည်းမဟုတ် ပြုစေရမည်။ ထိုငွေစာရင်းများကို စဉ်းစားဆွေးနွေးစေရန်၊ ပြည်နယ်ကောင်စီသို့တင်သွင်းရမည်၊ သို့တည်းမဟုတ် တင်သွင်းစေရမည်။

(ဃ) ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက သတ်မှတ်သော စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ဂျက်ကို လက်ခံအတည်ပြုနိုင်ရန်အာဏာရှိမည်၊ ထို စည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီက ကျနစ္စာလိုက်နာကြောင်း၊ နိုင်ငံတော် သမတအား၊ ကျေနပ်နိုင်စေရန် ပြည်နယ်၏ ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်တွင်ထည့်သွင်းဖေါ်ပြရမည်။

(၁၀) ဤအခြေခံဥပဒေ၏ အခန်း ၁၀ ရှိ ပြဋ္ဌာန်းချက်များသည် ကရင်ပြည်နယ်နှင့် မသက်ဆိုင်စေရ။

(၁၁) အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ် ဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့တို့၏အာဏာနှင့် တာဝန်ဝတ်တရားများဆိုင်ရာကိစ္စများ၊ ထို့ပြင် ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရ အဖွဲ့တို့ အချင်းချင်း ဆက်ဆံရေးကိစ္စများ၊ ထို့ပြင် ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရအဖွဲ့တို့နှင့် ပြည်ထောင်စု အစိုးရ၏ ဆက်ဆံရေး ကိစ္စများ ပါဝင်သော ပြည်နယ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို တရားဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၃ အရ၊ ပဌမ အမတ်ရွေးကောက်ပွဲ ကျင်းပပြီးလျှင် ဖွဲ့စည်းသော ပါလီမန်ကို ဖျက်သိမ်းသောနေ့အထိ၊ ကရင် ပြည်နယ် ကောင်စီကို၊ ပါလီမန်ရှိ ကရင်အမျိုးသားများ၏ ကိုယ်စားလှယ် အမတ်အားလုံးဖြင့် ဖွဲ့စည်းရမည်။ ''

၅။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၅ ကိုပယ်ဖျက်ရမည်။

၆။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၉၊ ပုဒ်မခွဲ (၅) တွင်ပါရှိသော ''ကရင်အမျိုးသားများအား၊ သို့တည်းမဟုတ် '' ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဒုတိယ ဇယားတွင်—

(က) အပိုဒ် (ငး) အစား၊ အောက်ပါအပိုဒ်ကိုထည့်သွင်းရမည်။

''(ငး) တဆယ့်ငါးနေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ ''

(ခ) အပိုဒ် (စ) တွင် '' ငါးဆယ့်သုံးနေရာကို '' ဆိုသည့် စကားရပ် အစား၊ '' ခြောက်ဆယ့်နှစ်နေရာကို '' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ''ကရင်နီပြည်နယ် '' ဆိုသည့်စကားရပ်ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား '' ကယားပြည်နယ် '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

THE CONSTITUTION AMENDMENT ACT, 1951. [1]

[ACT LXII, 1951.] (7th November, 1951.)

An Act to amend the Constitution of the Union of Burma.

It is hereby enacted as follows :—

1. (*1*) This Act may be called The Constitution Amendment Act, 1951.

(*2*) It shall come into force on the date of promulgation except sections 3 and 7 which shall come into force on the date of the dissolution of the Parliament following the first general elections held under section 233 of the Constitution.

2. In section 8 of the Constitution, *for* the expression "Section 180" the expression " Sections 180 and 181 " *shall be substituted.*

3. In sub-section (*1*) of section 83 of the Constitution, the last sentence *shall be deleted.*

4. For the provisions in sections 180 and 181 of the Constitution, the following *shall be substituted*, namely : —

"180. (1) The territory hitherto known as the Salween District shall form a constituent unit of the Union of Burma and be hereafter known as 'The Karen State'. It shall also include such adjacent areas occupied by the Karens as may be determined by an Act of Parliament.

(2) All the members of the Parliament representing the Karen State shall constitute the Karen State Council.

(3) Any member of the State Council who shall have ceased to be a member of the Parliament shall be deemed to have vacated his seat in the Council, but may continue to carry on his duties until his successor shall have been elected.

(4) The State Council may recommend to the Parliament the passing of any law relating to any matter in respect of which the Council is not competent to legislate.

(5) When a Bill has been passed by the State Council it shall be presented to the President for his signature and promulgation. The President shall sign the Bill within one month from the presentation of the Bill, unless he refers the Bill to the Supreme Court for its decision under sub-section (6).

(6) The President may, in his discretion, refer any Bill presented to him under sub-section (5) to the Supreme Court for decision on the question whether such Bill or any specified provision thereof is repugnant to this Constitution.

(7) The Supreme Court, consisting of not less than three judges, shall consider the question referred to it and after such hearing as it thinks fit, shall pronounce its decision on such question in open Court as soon as may be and in any case not later than thirty days after the date of such reference. The decision of the majority of the judges shall, for the purpose of sub-section (6), be the decision of the Court.

(8) In every case in which the Supreme Court decides that any provision of the Bill, the subject of a reference to the Supreme Court under sub-section (6), is repugnant to this Constitution, the President shall

[1] Published in *Burma Gazette*, 1951, Part I, page 899.

return the Bill to the State Council for reconsideration and shall decline to sign it unless the necessary amendments shall have been made thereto.

(9) In every other case, the President shall sign the Bill and promulgate the Act as soon as may be after the decision of the Supreme Court shall have been pronounced.

(10) When the President has signed a Bill presented to him under sub-section (5) whether without or after a reference to the Supreme Court, the validity of any provision of the Bill shall not be called in question on the ground that it was beyond the competence of the State Council.

(11) The signed text of every Act shall be enrolled for record in the office of the Registrar of the Supreme Court and a copy of the same shall be enrolled for record in the office of the Minister for the Karen State.

(12) The Head of the Karen State may, from time to time, summon and prorogue the State Council :

Provided that there shall be a session of the State Council once at least in every year so that a period of twelve months shall not intervene between the last sitting of the Council in one session and its first sitting in the next session.

GOVERNMENT OF THE KAREN STATE.

181. (1) A member of the Union Government to be known as the Minister for the Karen State shall be appointed by the President on the nomination of the Prime Minister acting in consultation with the Karen State Council from among the members of the Parliament representing the Karen State. The Minister so appointed shall also be the Head of the Karen State for the purpose of this Constitution.

(2) The Head of the State shall be in charge of the administration of the State ; that is to say, the executive authority of the State shall be exercised by the Head of the State either directly or through officers subordinate to him.

(3) Without prejudice to the generality of the provisions of sub-section (4), the said executive authority shall extend to all matters relating to recruitment to the State civil services, to postings and transfers and to disciplinary matters relating to these services.

(4) Subject to the provisions of this Constitution, the executive authority of the State extends to the matters with respect to which the State Council has power to make laws, and in all such matters the decision of the Council shall be binding on the Head of the State.

(5) The Head of the State shall consult the State Council in all other matters relating to the State.

(6) In order to facilitate the communication of the decisions and the views of the State Council to the Head of the State, the Council shall at its first meeting after a general election elect from among its members or otherwise a Cabinet of State Ministers to aid and advise the Head of the State in the exercise of his functions.

(7) The Head of the State shall give or cause to be given an account of his work to the State Council in each ordinary session, present or cause to be presented to the Council a report upon all matters relating to the State, and recommend for the consideration of the Council such measures as he thinks fit for promoting the general welfare.

(8) The Head of the State shall prepare or cause to be prepared the estimates of the receipts and of the expenditure of the State for each financial year and shall present them or cause them to be presented to the State Council for consideration.

(9) Subject to any conditions that may be imposed by the Union in respect of any contributions from the Union, the State Council shall have power to approve the budget of the State ; and in order to enable the President to satisfy himself that the conditions have been duly observed, such budget shall be incorporated in the Union budget.

(10) The provisions of Chapter X of this Constitution shall not apply to the Karen State.

(11) Subject to the provisions of this Constitution all matters relating to the Constitution of the State including those relating to the powers and duties of the Head of the State, of the State Council and of the Cabinet of State Ministers and their relations to each other and to the Union Government shall be determined by law :

Provided that until the date of the dissolution of the Parliament constituted following the first general elections held under section 233 of the Constitution, the Karen State Council shall be constituted with all the members of the Parliament representing Karens. "

5. Section 195 of the Constitution *shall be deleted.*

6. In sub-section (*5*) of section 209 of the Constitution, the expression " Karens or " *shall be deleted.*

7. In the Second Schedule to the Constitution,—

(i) *for* clause (*e*) the following *shall be substituted*, namely :—

"(*e*) fifteen seats shall be filled by representatives from the Karen State;"

and

(ii) in clause (*f*) *for* the words " fifty-three seats " the words " sixty-two seats" *shall be substituted.*

8. In the Constitution, for the expression " Karenni State " wherever it occurs, the expression " Kayah State " *shall be substituted.*

ပြည်ထောင်စု ပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော် နာယကနှင့် ဒုတိယ နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေများ အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁။] (၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၆ အရ၊ ပဌမမဖွဲ့စည်း အာဏာတည်သော ပြည်သူ့လွှတ်တော်၏ ပဌမအစည်းအဝေးကျင်းပသည့်နေ့[*] တွင် စတင်အာဏာတည်သည်ဟု သည်းခံမှတ်ယူရမည်။

---

[*] ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်။ ။(မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခုနှစ်၊ အတိုး ၁၊ စာမျက်နှာ ၁၂၄ တွင်ကြည့်ရှုပါ။)

နာယကနှင့် ဒုတိယနာယကတို့၏ လစာများ။

၂။ ။လူမျိုးစုလွှတ်တော် နာယကအား တလလျှင် လစာငွေ ၃,၅၀၀ ပေးရမည်။ ဒုတိယနာယကအား တလလျှင် လစာငွေ ၃၅၀ ပေးရမည်။

ဥက္ကဋ္ဌနှင့်ဒုတိယ ဥက္ကဋ္ဌတို့၏ လစာများ။

၃။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တလလျှင် လစာငွေ ၃,၅၀၀ ပေးရမည်။ ဒုတိယ ဥက္ကဋ္ဌအား တလလျှင် လစာငွေ ၃၅၀ ပေးရမည်။

နာယကနှင့် ဥက္ကဋ္ဌ အခြားအလုပ်အကိုင်များတွင် ပါဝင်လုပ်ကိုင်ခြင်း မပြုရန်။

၄။ ။နာယကနှင့် ဥက္ကဋ္ဌတို့သည် ရာထူးလက်ရှိကာလအတွင်းဟွင် မိမိတို့၏ရာထူးများဆိုင်ရာတာဝန်ဝတ်တရားများကို ဆောင်ရွက်အပ်သည်မှတပါး၊ အတတ်ပညာဖြင့် ဥစ္စာရှာသော အခြားမည်သည့်အသက်မွေးမှုမျိုးကိုမျှမပြုရ၊ သို့တည်းမဟုတ် မည်သည့်ကုန်သွယ် ရောင်းဝယ်မှုဌာန ပါဝင်လုပ်ကိုင်ခြင်းမပြုရ၊ သို့တည်းမဟုတ် အခြားမည်သည့်အလုပ်အကိုင်မျိုးကိုမျှ အခကြေးငွေရွေးစွာ အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃ ကို ရုပ်သိမ်းခြင်း။

၅။ ။၁၉၄၈ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌလစာငွေ) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃) ကို ရုပ်သိမ်းလိုက်သည်။

၁၂၁၉၂၂၂၊ နယ်နေပါလီမန်အမတ်များ (လစာနှင့် စရိတ်ကြေးငွေများ) အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅။] (၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အာဏာတည်သည့်နေ့။

၁။ ။၎င်းအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပဋိစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၆ အရ၊ ပဌမမဟာစည်းသော ပြည်သူ့လွှတ်တော်၏ ပဌမအစည်းအဝေး ကျင်းပသည့်နေ့[၁]တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။၎င်းအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "ညီလာခံ" ဆိုသည်မှာ၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ ညီလာခံကိုဆိုလိုသည်။

(ခ) "အစည်းအဝေး" ဆိုသည်မှာ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေး၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ ရုံးအုပ်ချုပ်ရေးအရဲ့ အစည်းအဝေး၊ သို့တည်းမဟုတ် ပါလီမန်၏အလုပ်ဝတ်တရားကို ဆောင်ရွက်လုပ်ကိုင်ရန် ပါလီမန်ဆိုင်ရာလွှတ်တော် တရပ်ရပ်ကဖြစ်စေ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံးက တွဲဖက်၍ဖြစ်စေ၊ ခန့်ထားသောကော်မတီ၏ သို့တည်းမဟုတ် ဆပ်ကော်မတီ၏အစည်းအဝေးကိုဆိုလိုသည်။

---

[၁] ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်။ ။(မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၁၂၄ တွင်ကြည့်ရှုပါ။)

(၀) "အမတ်"ဆိုသည်မှာ၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရော်ရပ်၏ အမတ်ကို ဆိုလိုသည်။ သို့ရာတွင်လူမျိုးစု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပါလီမန်အတွင်းဝန်များ နှင့်ပြည်နယ်ဝန်ကြီးများမပါချေ။

၃။ ။အမတ်တဦးမှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၂ တွင် ပြဋ္ဌာန်းထား သည့်အတိုင်း ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာဆို၍ လက်မှတ်ရေးထိုးသည့်နေ့မှစ၍— အမတ်များ၏ လစာငွေနှင့် စရိတ်ကြေးငွေများ။

(၀) တလလျှင် လစာငွေ ၃၀၀၀ ကျ၊

(၂) ဥပမာခံ၊ သို့တည်းမဟုတ် အစည်းအဝေး ဆက်လက်ကျင်းပစဉ်အတွင်း ထို ကျင်းပရာဒေသ၌ ရှိနေသည့်အတွက် နေ့တွက်စရိတ်တရက်လျှင် ၂၀၀ ကျ၊

(၃) ကျင်းပရန် ဒေသမဟုတ်သည့် အခြားဒေသမှ ညီလာခံသို့၊ သို့တည်းမဟုတ် အစည်းအဝေးသို့ တက်ရောက်ရလျှင်၊ စတင်တက်ရောက်သည့် ဒေသမတိုင်မီ တရက်အတွက်နှင့် နောက်ဆုံးတက်ရောက်ပြီးသည့်နေ့ နောက်တရက်အ တွက်ပါထည့်သွင်း၍၊ နေ့တွက်စရိတ်တရက်လျှင် ၂၀၀ ကျ

ရယူခွင့်ရှိရမည်။

ခြွင်းချက်။ ။သို့ရာတွင်လူမျိုးစုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ကောင်စီများ၏သဘာပတိများနှင့် ဒုတိယသဘာ ပတိများ၊ ချင်းရေးရောကောင်စီ၏သဘာပတိ[၃] [နှင့်ဒုဘိယသဘာပတိတို့] မှာ၊ ဤအက်ဥပဒေဖြင့်ပြဋ္ဌာန်း ထားသည့် လစာငွေနှင့်နေ့တွက်စရိတ်များကို ရယူခွင့်မရှိစေရ၊ သို့သော်လည်း အဆိုပါပုဂ္ဂိုလ်တဦးဦး မှာညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေး ကျင်းပရာဒေသမဟုတ်သည့် အခြားဒေသတွင်နေထိုင် သူဖြစ်လျှင်၊ ဤအက်ဥပဒေဖြင့်သော်၎င်း၊ ဤအက်ဥပဒေအရပြုသော နည်းဥပဒေဖြင့်သော်၎င်း သတ် မှတ်ထားသည့် နေ့တွက်စရိတ်များနှင့် ခရီးစရိတ်များကို ရယူခွင့်ရှိရမည်။

၄။ ။အမတ်တဦးမှာ ပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသော လစာနှင့် စရိတ်ကြေးငွေများ အပြင် ညီလာခံသို့၊ သို့တည်းမဟုတ်အစည်းအဝေးသို့ တက်ရောက်ရန်အလို့ငှါ သွားလာရသည့်ခရီး အတွက်၌အက်ဥပဒေအရပြုသော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်နှုန်းအတိုင်း၊ သတ်မှတ် ထားသည့်စည်းကမ်းချက်များနှင့်အညီ ခရီးစရိတ်ရယူခွင့်ရှိရမည်။ ခရီးစရိတ်။

၅။ ။အငြိမ်းစားအစိုးရ အမှုထမ်းတဦးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ လစာနှင့်စရိတ်ကြေးငွေ ထုတ်ယူသည့်အတွက် ထိုသူ၏ပင်စင်လစာငွေကိုမထိခိုက်စေရ။ ပင်စင်ကို မထိ ခိုက်စေခြင်း။

၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ရယူခွင့်ရှိသော လစာနှင့်စရိတ်ကြေးငွေ များကို ထိုသို့ရယူခွင့်ရှိသောနေ့ရက်မှစ၍၊ ခြောက်လအတွင်းတောင်းဆိုရမည်။ ခြောက်လကျော်လျှင် လစာငွေ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေ တောင်းဆိုခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုရ။ လစာနှင့်စရိတ် ကြေးငွေများကို တန်စ်အတွင်း ထုတ်ယူရန်။

၇။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်စေ ရန်၊ ပါလီမန်လွှတ်တော်ခုံုး အုပ်ချုပ်ရေးအဖွဲ့အသီးသီးသည် သက်ဆိုင်ရာလွှတ်တော်နှင့်စပ်လျဉ်း၍၊ နည်းဥပဒေများ[၄] ပြုနိုင်သည်။ နည်းဥပဒေပြု အာဏာများ။

---

[၃] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၂ အရ ထည့်သွင်းသည်။

[၄] ဤသို့သောနည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၄၅၇ နှင့် ၅၄၉ တွင် ထုတ်ပြန်ကြေညာသည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ပါလီမန်လွှတ်တော်ရုံးအုပ်ချုပ်ရေးအဖွဲ့အသီးသီးသည်၊ အထူးအားဖြင့် အောက်ပါကိစ္စ အားလုံးအတွက်ဖြစ်စေ၊ တခုခုအတွက်ဖြစ်စေ နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များအရ၊ အမတ်များအားပေးရမည့် ခရီးစရိတ်နှုန်းနှင့် အဆိုပါ ခရီးစရိတ်များကိုထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်ခြင်း။

(ခ) အသုံးပြုနိုင်သည့် ခရီးလမ်းများသည်၊ တခုထက်ပို၍ရှိလျှင် ခရီးစရိတ်ကို မည်သည့်ခရီးလမ်းအတွက်တောင်း ဆိုရမည်ဟုသတ်မှတ်ခြင်း။

(ဂ) နေ့တွက် စရိတ်တောင်းဆိုနိုင်သော ကာလအပိုင်းအခြားကို တွက်စစ်ခြင်း။

(ဃ) အမတ်များနေထိုင်ရာဒေသ သတ်မှတ်ခြင်း။

(င) လစာနှင့် နေ့တွက်စရိတ်များ ထုတ်ယူရန်နည်းလမ်းသတ်မှတ်ခြင်း။ ခရီးစရိတ်စာရင်းများ ပြုလုပ်ရန်၊ ထောက်ခံလက်မှတ်ထိုးရန်နှင့် ငွေထုတ်ယူရန် နည်းလမ်းသတ်မှတ်ခြင်း။

၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂ ကို ရုပ်သိမ်းခြင်း။

၇။ ။၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂) နှင့်ဤအက်ဥပဒေကို ပြင်ဆင်သည့် ပြင်ဆင်ချက်ဥပဒေအားလုံးကို ရုပ်သိမ်းသည်။

ခြွင်းချက်။ ။သို့ရာတွင် ၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ရယူခွင့်ရှိသည့်လစာနှင့် စရိတ်ကြေးငွေများကို အဆိုပါ အက်ဥပဒေအရ၊ ရယူခွင့်ရှိသော နေ့ရက်မှစ၍ တနှစ်အတွင်း ထုတ်ယူနိုင်သည်။

C.—JUDICIAL.

၈—တရားစီရင်မှု။

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇/၂၀၁၃ ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။

THE CONTEMPT OF COURTS ACT.

[INDIA ACT XII, 1926.] (1st May, 1926.)

1. * * * * *

Power of High Court to punish contempts of Court.

2. The High Court shall have and exercise the same jurisdiction, powers and authority, in accordance with the same procedure and practice, in respect of contempts of Courts subordinate to it as it has and exercises in respect of contempts of itself:

Provided that the High Court shall not take cognizance of a contempt alleged to have been committed in respect of a Court subordinate to it where such contempt is an offence punishable under the Penal Code.

3. Save as otherwise expressly provided by any law for the time being in force, a contempt of Court may be punished with simple imprisonment for a term which may extend to six months, or with fine, which may extend to two thousand rupees, or with both : **Limit of punishment for contempt of Court.**

Provided that the accused may be discharged or the punishment awarded may be remitted on apology being made to the satisfaction of the Court :

Provided further that notwithstanding anything elsewhere contained in any law the High Court shall not impose a sentence in excess of that specified in this section for any contempt either in respect of itself or of a Court subordinate to it.

THE RANGOON CITY CIVIL COURT ACT.

CONTENTS.

CHAPTER I.

PRELIMINARY.

Preamble.

Sections.

1. Short title.
2. * * * * *
3. Definitions.

CHAPTER II.
